# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်**

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူ သည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘော တစ်ခုဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ - ၅)**


၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက် | ၂၀၁၈ ခုနှစ်၊ မေ ၂ ရက်၊ တနင်္လာနေ့ | အတွဲ (၅၇)၊ အမှတ် (၁၈၄)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ပြောကြားသည့် နိုင်ငံတော်အစိုးရ တာဝန်ထမ်းဆောင်မှု (၂)နှစ်ပြည့် မိန့်ခွန်း

**ပြည်ထောင်စုမြန်မာနိုင်ငံသူ နိုင်ငံသားများရှင့်။**

**ပြည်သူများ၏ ရွေးချယ်တင်မြှောက်မှုအရ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရ တာဝန်ယူမှု (၂) နှစ်ပြည့်မြောက်ပြီဖြစ်ပါတယ်။**

ကျွန်မသာမက၊ အစိုးရဝန်ကြီးဌာနအသီးသီးကလည်း ဒီကာလအတွင်းမှာ မိမိတို့နိုင်ငံနဲ့ပြည်သူအတွက် စွမ်းဆောင်မှုများရဲ့ အောင်မြင်မှုအခြေအနေ၊ အားသာချက်၊ အားနည်းချက်များကို တင်ပြသွားကြမှာ ဖြစ်ပါတယ်။ ဒီလိုတင်ပြကြတဲ့နေရာမှာ ရိုးသားဖြောင့်မတ်စွာ **"ပြည်သူနဲ့အတူ"** ဆိုတဲ့ ကျွန်မတို့ ယခင်နှစ်က ချမှတ်ခဲ့တဲ့ဆောင်ပုဒ်နဲ့ ကိုက်ညီစွာတင်ပြသွားမှာပါ။

ယခုနှစ်ပြည့်သူကို အစီရင်ခံရာမှာ၊ အရေးအကြီးဆုံး တင်ပြဆွေးနွေးရမယ့် ကိစ္စတစ်ရပ်ကတော့ ကျွန်မတို့ နိုင်ငံတော်သမ္မတသစ် တင်မြှောက်ခဲ့ခြင်းပဲဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ကို တန်ဖိုးထားရခြင်းရဲ့ အကြောင်းရင်းတွေထဲမှာ၊ နိုင်ငံရေးအပြောင်းအလဲတွေကို ပြည်သူ ပြည်သားများ မထိခိုက်စေဘဲ ချောမွေ့ညင်သာစွာ လုပ်ဆောင်နိုင်ခြင်းက အဓိက ပါဝင်ပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတသစ် ရွေးချယ်တင်မြှောက်ရာမှာ၊ တရားဥပဒေနဲ့ ကိုက်ညီစွာ နိုင်ငံတော်အကျိုးဖြစ်စေဖို့ ပြည်သူများ နှလုံးစိတ်ဝမ်းအေးချမ်းစေဖို့ အလေးထားဆောင်ရွက်ခဲ့ပါတယ်။

*စာမျက်နှာ ၃ ကော်လံ ၁* ❐



## စုပေါင်းအင်အား

ယခုလာမယ့်မြန်မာသက္ကရာဇ် ၁၃၈၀ ခုနှစ်အတွက် ကျွန်မတို့ အစိုးရအနေနဲ့ **"စုပေါင်းအင်အား"** ကို အလေးထားပြီး နိုင်ငံရဲ့ စိန်ခေါ်မှုကြီးများကို ကျော်ဖြတ်ဖို့ သန္နိဋ္ဌာန်ချလိုက်ပါတယ်။

**နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ အချုပ်ပိုပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာအဖြစ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ဒုတိယ(၁)နှစ်တာ ဆောင်ရွက်ချက်များကို အချပ်ပို လေးမျက်နှာဖြင့် ဖော်ပြထားပါသည်။

## ၆၆ ကေဗွီ ပုဏ္ဏားကျွန်း - ရသေ့တောင် ဓာတ်အားလိုင်း ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ရသေ့တောင်ဓာတ်အားခွဲရုံနှင့် ရသေ့တောင်မြို့ ဓာတ်အား စတင်ဖြန့်ဖြူးခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် မေ ၁**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့သည့် ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-ရသေ့တောင် ဓာတ်အားလိုင်း ၂၂ ဒသမ ၂ မိုင်၊ ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ရသေ့တောင် ဓာတ်အားခွဲရုံဖွင့်ပွဲနှင့် ရသေ့တောင်မြို့အား နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အား စတင်ဖြန့်ဖြူးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် ရသေ့တောင်မြို့ ဓာတ်အားခွဲရုံ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဦးဟန်ဇော်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှ၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ဒေါက်တာထွန်းနိုင်၊ ပြည်နယ် ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က အမှာစကားပြောကြားရာတွင် ရခိုင်ပြည်နယ်၏ အထက်ပိုင်းတွင်ရှိသည့် ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောဒေသများတွင် နေထိုင်ကြသည့်ပြည်သူများ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို နိုင်ငံတော်ဓာတ်အားစနစ်မှရရှိသုံးစွဲနိုင်ရန် ပုဏ္ဏားကျွန်း - ရသေ့တောင်-ဘူးသီးတောင်-မောင်တော ၆၆ ကေဗွီ ဓာတ်အားလိုင်း ၆၄ ဒသမ ၅ မိုင်နှင့် ၆၆ ကေဗွီဓာတ်အားခွဲရုံများ တည်ဆောက်ရေးစီမံကိန်းများအနက် ပထမအဆင့်အနေဖြင့် ၆၆ ကေဗွီ

*စာမျက်နှာ ၉ ကော်လံ ၁* ●


ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ၀/၂၀၁၇၊ တာဆထလ/တို(၅၄)၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်(ဆေးပြား) - TMR 004815(0320) / (ဆေးမှုန့်)TMR 000394(0320)

ကွမ်းရွက်ပုံ ဆေးကောင်း

ကွမ်းရွက်ပုံတိုင်းရင်းဆေးအား မည်သည့် မြို့ရွာများကိုမျှ မော်တော်ယာဉ်များဖြင့် လိုက်လံရောင်းချခြင်း မရှိပါကြောင်း သုံးစွဲသူ မိဘပြည်သူများနှင့် ရောင်းချသူများအား အထူးသတိပေးပန်ကြားအပ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးဖက်ဝင်စစ်မှန်သော ပရဆေးပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အံ့ဩလောက်အောင် အထူးပင် ဆေးစွမ်းထက်မြက်လှပါသည်။

ဝမုန်းရှင် လေငန်းလိမ်းဆေးရည်

မြန်မာ့အလင်း

# စုပေါင်းအင်အား အလေးထား

'သမဂ္ဂါနံ တပေါ သုခေါ' - စည်းလုံးညီညာ အောင်ကြောင်းဖြာသည့် သဘောကို မိမိတို့နားလည် သဘောပေါက်ထားကြပြီးဖြစ်သည်။ အောင်မြင်မှုကို ရယူလိုပါက စည်းလုံးညီညွတ်မှု (ဝါ) စုပေါင်းအင်အားတို့ လိုသည်။ တစ်ပင်ချင်း တစ်မျှင်ချင်းတွင် အင်အားနည်းပါးလှစွာသော မြက်ပင်၊ ကောက်ရိုးမျှင်တို့ကို စုစည်း၍ ကောင်းစွာကျစ်ထားသောကြိုးက အင်အား ကြီးမားလှစွာသော ဆင်ပြောင်ကြီးကိုပင် တုပ်နှောင်နိုင်သည်။

ယနေ့မိမိတို့နိုင်ငံ၏ အခြေအနေသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့ ဖွံ့ဖြိုးတိုးတက်စေဖို့ စတင်ရုန်းကန်နေရသည့် အချိန်တွင် ပြည်တွင်းပြည်ပ စိန်ခေါ်မှု အမျိုးမျိုးနှင့် ရင်ဆိုင်နေရသည့် အခြေအနေဖြစ်သည်။ ယင်းသို့သော အခြေအနေတွင် နိုင်ငံတော်အစိုးရက ဦးစားပေးရည်မှန်းချက်ပန်းတိုင်အလိုက်စိန်ခေါ်မှုအခက်အခဲများကို ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ရာ - (၁) တရားဥပဒေ စိုးမိုးရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားစေရေး၊ (၂) အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ (၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေးတို့ကို ဦးတည်ကြိုးပမ်းသွားမည်ဖြစ်ကြောင်းကိုလည်း မိမိတို့ သိရှိကြပြီးဖြစ်သည်။ ဦးစားပေးမှု အစီအစဉ်အရ ပြည်သူများ၏ ဆန္ဒနှင့် မျှော်လင့်ချက်များကို ထိပ်ဆုံးတွင်ထားကာ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း ရှင်းလင်းစွာချပြထားပြီးဖြစ်သည်။

နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု(၂)နှစ်ပြည့်အခါသမယ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် မိန့်ခွန်းတွင် "ယခုလာမယ့်မြန်မာသက္ကရာဇ် ၁၃၈၀ ခုနှစ်အတွက် ကျွန်မတို့ အစိုးရအနေနဲ့ "စုပေါင်းအင်အား" ကို အလေးထားပြီး နိုင်ငံရဲ့စိန်ခေါ်မှုကြီးများကို ကျော်ဖြတ်ဖို့ သန္နိဋ္ဌာန် ချလိုက်ပါတယ်" ဟူ၍ ထည့်သွင်းပြောကြားခဲ့ရာ မိမိတို့နိုင်ငံတွင် ဖြစ်ပေါ်နေသည့် အခြေအနေများနှင့် ကိုက်ညီသည့် ပကတိလိုအပ်ချက်ပင်ဖြစ်ပြီး စုပေါင်းအင်အားတို့ ကျစ်လျစ်ခိုင်မာသည်နှင့်အမျှ မည်သည့်အခက်အခဲ၊ မည်သည့်စိန်ခေါ်မှုကိုမဆို ရင်ဆိုင်ကျော်လွှားထွင်းဖောက်သွားနိုင်မည်သာ ဖြစ်သည်။ မိမိတို့နိုင်ငံအတွက် အလိုအပ်ဆုံးဖြစ်သည့် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးတည်ဆောက်ရာတွင် စုပေါင်းအင်အားသည် အဓိကဖြစ်ကြောင်း၊ တိုင်းရင်းသားများအကြား နှစ်ရှည်လများစွာ ဖြစ်ပွားခဲ့သည့် လက်နက်ကိုင် ပဋိပက္ခများငြိမ်းအေးစေရန်မှာ အပြန်အလှန် နားလည်မှု၊ အပြန်အလှန် လေးစားမှုက အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ ယင်းအုတ်မြစ်ကို စုပေါင်းအင်အားဖြင့် ခိုင်မာအောင် ဆောက်တည်နိုင်ကြောင်းလည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ညွှန်ပြခဲ့သည်။

"အစုအဖွဲ့၊ ဂိုဏ်းဂဏစိတ်တွေကို ဖယ်ရှားပြီး နိုင်ငံနဲ့ပြည်သူများ အကျိုးသယ်ပိုးရာမှာ မည်သူ့ကိုမျှ လက်ညှိုးမထိုး၊ မိမိရဲ့စေတနာ၊ ပညာ၊ သတ္တိတွေကိုသာ လူတိုင်း လူတိုင်း အထွတ်အထိပ်ရောက်အောင် ကြိုးစားဆောင်ရွက်မယ်ဆိုရင် ဘယ်လိုကြီးမားခက်ခဲတဲ့ စိန်ခေါ်မှုပဲဖြစ်ပါစေ၊ ကျော်လွှားနိုင်မယ်လို့ခိုင်မာစွာယုံကြည်ပါတယ်" ဟူ၍လည်း ပြောကြားခဲ့ရာ တစ်နည်းအားဖြင့် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ခံယူရမည့် စိတ်ဓာတ်နှင့် တစ်ဦးချင်း ဖြည့်ကျင့်ရမည့် နှလုံးရည်တို့ပင်ဖြစ်သည်။

နိုင်ငံလွတ်လပ်ရေးအတွက် အသက်ပေးခဲ့သည့် လွတ်လပ်ရေး၏ဖခင်ကြီးများ မျှော်မှန်းခဲ့သည့် တရားမျှတမှုနှင့် လွတ်လပ်သည့်နိုင်ငံ၊ လူခပ်သိမ်းတို့ ငြိမ်းချမ်းစေဖို့အတွက် ခွင့်တူညီမျှမှုကို အာမခံနိုင်သည့် ဖြူစင်သည့် ဝါဒကျင့်သုံးသည့်နိုင်ငံ အမှန်တကယ်ဖြစ်လာစေရေးနှင့် နိုင်ငံတစ်ဝန်းတွင် ရုပ်ပိုင်းစိတ်ပိုင်း လုံခြုံအေးချမ်းစွာ ဖွံ့ဖြိုးရေးတို့အတွက်လည်း စုပေါင်းအင်အားဖြင့် ကြိုးစားကြရေးတိုက်တွန်းခဲ့ရာ မြန်မာသက္ကရာဇ် ၁၃၈၀ နှစ်သစ်တွင် စိတ်သစ်၊ လူသစ်၊ ခွန်အားသစ်တို့ဖြင့် ညီညာဖြဖြ ကြိုးပမ်းကြစေလိုကြောင်း။ ။

## နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်

နေပြည်တော် မေ ၁

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကယားပြည်နယ်၊ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီး နှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း(၈၀) ဖြစ်သည်။ မိုး/ဇလ

## ပါဠိပထမပြန်စာမေးပွဲ ပဉ္စမနေ့ကျင်းပ

နေပြည်တော် မေ ၁

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၁၈ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို မတ် ၂၈ ရက်မှ မေ ၃ ရက်အထိ နေ့စဉ်မွန်းတည့် ၁၂နာရီမှ မွန်းလွဲ ၃ နာရီအထိ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စာဖြေဌာန ၂၄၂ ဌာနတို့၌ (ပဉ္စမနေ့) အဖြစ် ဖြေဆိုကြသည်။

ပါဠိပထမပြန်စာမေးပွဲ (ပထမကြီး၊ ပထမလတ်၊ ပထမငယ်) ပဉ္စမနေ့ကို စာရင်းသွင်း သံဃာနှင့်သီလရှင် စုစုပေါင်း ၃၇၁၂၉ ပါးအနက် ၃၁၁၅၅ ပါး ဖြေဆိုကြပြီး ၈၃ ဒသမ ၉၁ ရာခိုင်နှုန်းဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## ဖျာပုံမြို့ ပွဲတင်သံပရဟိတဘောလုံးအသင်းမှ ဘေးသင့်ပြည်သူများအား သွားရောက်ထောက်ပံ့

ဖျာပုံ မေ ၁

မတ် ၂၆ ရက်က မီးလောင်မှုဖြစ်စဉ်ကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြသည့် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် အမာမြို့နယ် ဒေါ်ညိမ်းကျေးကျေးရွာအုပ်စု ရွှေထီးကျေးရွာမှ မီးဘေးသင့်ပြည်သူများကို ဖျာပုံမြို့ရှိ ပွဲတင်သံပရဟိတဘောလုံးအသင်းနှင့် စေတနာရှင်ပြည်သူများ စုပေါင်း၍ မေ ၁ ရက် နံနက် ၁၀ နာရီက သွားရောက်အားပေးကူညီထောက်ပံ့မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ပွဲတင်သံပရဟိတဘောလုံးအသင်းနှင့် စေတနာရှင်ပြည်သူများက ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်၊ ရေသန့်နှင့် ပစ္စည်းမျိုးစုံ တစ်စုံလျှင် ကာလတန်ဖိုး ငွေကျပ်လေးသောင်းဖိုးနှင့်အဝတ်အထည်များကို မီးဘေးသင့်ပြည်များ လက်ဝယ်အရောက်ကူညီထောက်ပံ့ပေးခဲ့ကြသည်။

အဆိုပါမီးလောင်မှုဖြစ်စဉ်မှာ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် အမာမြို့နယ် ရွှေထီးကျေးရွာရှိ ရေစင်ဆိပ်ကမ်းတစ်ခုတွင် ဆိုက်ကပ်ထားသော ငါးပေါင်းဖားကူးချွန်းသင်္ဘောတွင် မီးလောင်ရာမှ မီးအရှိန်များကာ ကုန်းပေါ်ရှိ ရေစင်သို့ မီးကူးစက်လောင်ခဲ့ပြီး အဆိုပါ ရေစင်တွင်ထားရှိသော လောင်စာဆီတိုင်ကီများအား ထပ်မံကူးစက်လောင်ခဲ့ကြောင်း၊ ယင်းမှတစ်ဆင့် ဆီတိုင်ကီများ ပေါက်ကာ ကျေးရွာရှိ လူနေအိမ် ၃၀၊ ရေစင်လေးစင်၊ တန်းလျားသုံးလုံး၊ ငါးဖမ်းစက်လှေ တစ်စင်း မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုဖြစ်စဉ်ကြောင့် အိမ်ထောင်စု ၃၆ စုမှ လူဦးရေ ၂၀၀ ကျော် အိုးအိမ်ပျက်စီးခဲ့သဖြင့် ဒေသရှိ သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီ အဆင့်ဆင့်မှ တာဝန်ရှိသူများနှင့် ဒေသခံများက အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများ ကူညီထောက်ပံ့ပေးထားကြောင်းသိရပြီး ဆက်သွယ်လှူဒါန်းလိုပါက မီးဘေးကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးစီမံခန့်ခွဲမှုကော်မတီ ဖုန်း-၀၉-၇၇၀၀၀၀၈၀၆၉၊ ၀၉-၄၅၀၇၀၄၇၀၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

သူဇာနွယ်(ဖျာပုံ)

## လှိုင်းအနည်းငယ်သာရှိမည်

နေပြည်တော် မေ ၁

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်သာရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် နှစ်ပေမှ လေးပေခန့်ရှိနိုင်သည်။

(မြန်မာ့အလင်း)

## စုပေါင်းအင်အား

* နိုင်ငံတစ်ခု၊ တိုးတက်မှု၌
ပေါင်းစုချိတ်ဆက်၊ ပြည်သူ့လက်ကား
ပန္နက်အုတ်မြစ်၊ သန္ဓေစစ်တည့်။

* **စုပေါင်းအင်အား**၊ စွမ်းပကားဖြင့်
စိတ်အားထက်သန်၊ ဆောင်ရွက်မှန်သော်
နိုင်ငံဖွံ့ဖြိုး၊ အလှတိုး၍
အမျိုးသိက္ခာ၊ ဂုဏ်ထည်ဝါလိမ့်။

* ခေါင်းဆောင်သည့် **"မင်း"**၊ ဖြောင့်မတ်ခြင်းနှင့်
ထိုးထွင်းမြော်မြင်၊ ခေတ်ကိုယှဉ်လျက်
ဆင်ခြင်သတိ၊ အစဉ်ရှိစွာ
ပြည်၏ ဂုဏ်သိန်၊ တိုးမြှင့်ချိန်၌
ကိုယ့်အိမ်ကိုယ့်ရာ၊ **ပြည်မြန်မာ**တွက်
ညီညာဖြဖြ၊ တူတကွလျှင်
ကျရာဝန်ထမ်းရပေမည်။

* သြော် ... ပြည်၏ အင်အား၊ ပြည်သူများမို့
အားများစုပေါင်း၊ ခွန်အားကောင်းစွာ
သောင်း သိန်း သန်း လက်၊ မြဲမြဲဆက်၍
လက်တွဲတူညီ၊ ရှေ့သို့ချီရင်း
နေခြည်အလှစ်၊ ရွှေပြည်သစ်ကို
ထုဆစ်ပုံဖော်ကြပါစို့။ ။

မျိုးမြတ်မြတ်မြင့်မောင်

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁-၄-၂၀၁၈

ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၃၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၈၀၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၈၀၅/၈၂၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၇၀/၇၉၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၂၀/၈၄၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၁၅/၈၄၀ ကျပ် | (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၃၅ . ၀ |
| ဥရောပ | တစ်ယူရို | ၁၆၄၂ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၈ . ၀ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၁၄ . ၃ |
| ထိုင်း | တစ်ဘတ် | ၄၂ . ၇ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ . ၅ |
| တရုတ် | တစ်ယွမ် | ၂၁၂ . ၂ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၅ . ၅ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

# ဦးစားပေး ရည်မှန်းချက်ပန်းတိုင်

**ကျွန်တော့်အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဦးစားပေး ရည်မှန်းချက်ပန်းတိုင်တွေ ဖြစ်တဲ့ (၁)တရားဥပဒေစိုးမိုးရေးနဲ့ ပြည်သူများရဲ့ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေး၊ (၂) အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ (၃)ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးတို့ကို ဦးတည်ကြိုးပမ်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။**

(နိုင်ငံတော်သမ္မတဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# အခွင့်အရေးနဲ့ တာဝန်ကို ညီညီမျှမျှထားပြီး လုပ်သွားမယ်ဆိုရင် တခြားနိုင်ငံတွေထက် အများကြီးသာနိုင်

**ယခုခေတ်ကြီးမှာ အခွင့်အရေးကို အများကြီးပြောကြတယ်။ တာဝန်ကို သိပ်မပြောကြဘူး။ ဒါဟာ ကမ္ဘာမှာဖြစ်နေတဲ့ အခြေအနေ။ ကျွန်မတို့နိုင်ငံမှာ ထူးထူးခြားခြား အခွင့်အရေးနဲ့တာဝန်ကို ညီညီမျှမျှထားပြီးလုပ်သွားမယ်ဆိုရင် တခြားနိုင်ငံတွေထက် အများကြီးသာနိုင်ပါတယ်။ ရုပ်ပိုင်းဆိုင်ရာ မဟုတ်ပေမယ့်လည်း စိတ်ပိုင်းဆိုင်ရာအရ သာနိုင်တယ်။ စိတ်ပိုင်းဆိုင်ရာအရ သာခြင်းအားဖြင့်လည်း ရုပ်ပိုင်းဆိုင်ရာအရ တိုးတက်မှုတွေနဲ့ပိုပြီးတော့ တစ်ဆင့်နဲ့တစ်ဆင့် တက်လာအောင်လို့လည်း ကျွန်မတို့လုပ်နိုင်ပါတယ်။ ကျွန်မတို့ရဲ့ အနုပညာရှင်များကို ကျွန်မ အခါအခွင့်ကြုံလို့ ပြောခွင့်ဆိုခွင့်ရတယ်ဆိုရင် ဘယ်တော့မဆို ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားဖို့၊ ကိုယ့်ရဲ့ပညာကို တန်ဖိုးထားဖို့၊ ကိုယ့်ရဲ့နိုင်ငံကို တန်ဖိုးထားဖို့ တိုက်တွန်းချင်ပါတယ်။**

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၃-၃-၂၀၁၈ ရက်နေ့က ရန်ကုန်မြို့၌ ကျင်းပသည့် ၂၀၁၇ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်သည့် အခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

❐ *ရှေ့ဖုံးမှ*

ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနဲ့ ကိုက်ညီအောင်၊ နိုင်ငံတော်သမ္မတ ဦးထင်ကျော်တာဝန်မှ နုတ်ထွက်သည့် မတ်လ (၂၁) ရက်နေ့မှစပြီး အလုပ်ရက် တစ်ပတ်အတွင်းပြီးမြောက်စေဖို့ ဆောင်ရွက်ရာမှာ ပူးပေါင်းပါဝင်ခဲ့ကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်မှာ တာဝန်ယူတဲ့ ဝန်ထမ်းများနဲ့ အခြားအစိုးရဌာနများမှ ဝန်ထမ်းများကို ကျေးဇူးတင်ရှိပါကြောင်း ပြောချင်ပါတယ်။ အချိန်တိုအတွင်း အရေးကြီးကိစ္စရပ်များ အောင်မြင်စွာ ပြီးမြောက်အောင် လုပ်ဆောင်နိုင်ခြင်းဟာ နိုင်ငံတော်ရဲ့ရင့်ကျက်တည်ငြိမ်မှုကို ဖော်ဆောင်လိုက်ခြင်းပဲ ဖြစ်ပါတယ်။

**ဒီမိုကရေစီနိုင်ငံရေး ရင့်ကျက်တည်ငြိမ်လာ**

တစ်ချိန်တည်းမှာပဲယခုနိုင်ငံတော်သမ္မတအဖြစ် ဦးဝင်းမြင့်ကို ရွေးချယ်တင်မြှောက်နိုင်ခြင်းဟာ ကျွန်မတို့ ဒီမိုကရေစီနိုင်ငံရေးရင့်ကျက်တည်ငြိမ်လာမှုကို ရောင်ပြန်ဟပ်ပါတယ်။ သမ္မတကြီး ဦးဝင်းမြင့်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တည်ထောင်စအချိန်မှာပဲ ပါတီဝင်ဖြစ်လာပြီး ကိုယ်ရောစိတ်ပါ၊ ကျွန်မတို့နိုင်ငံနဲ့ နိုင်ငံသူ နိုင်ငံသားများ အကျိုးဖြစ်စေမယ့် ပါတီလုပ်ငန်းတာဝန်များကို အကြီးအသေး၊ အမြင့်အနိမ့်မရွေးဘဲ ထမ်းဆောင်ခဲ့သူတစ်ဦး ဖြစ်ပါတယ်။

ဦးဆောင်ဦးရွက်ပြုသူတို့ရဲ့ဂုဏ်ရောင်ဟာ အရည်အချင်းပြည့်ဝ၊ ယုံကြည် စိတ်ချရတဲ့ မျိုးဆက်သစ်တွေ မွေးထုတ်နိုင်ခြင်းပဲ ဖြစ်ပါတယ်။ ယခု ကျွန်မတို့ ဒီမိုကရေစီလှုပ်ရှားမှုအတွင်းက ပေါ်ပေါက်လာတဲ့ နိုင်ငံ့တာဝန်များကို သီလ၊ သမာဓိ၊ပညာနဲ့ထမ်းဆောင်နိုင်မယ့် နိုင်ငံတော်သမ္မတတစ်ဦးကို ဒုတိယမျိုးဆက်လို့ခေါ်ဆိုရမယ့်သူများအတွင်းက ခန့်အပ်နိုင်ခြင်းဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ထူထောင်ခဲ့တဲ့ ခေါင်းဆောင်များသာမက၊ ဒီမိုကရေစီလှုပ်ရှားမှုမှာ ပါဝင်ခဲ့တဲ့ ပထမမျိုးဆက်များအားလုံးရဲ့ဂုဏ်ရောင်ပဲဖြစ်ပါတယ်။

**နိုင်ငံကို တန်ဖိုးထားရာရောက်**

ဒီနေရာမှာ နိုင်ငံတော်သမ္မတတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့တဲ့အနားယူသွားသော သမ္မတကြီး ဦးထင်ကျော်ကိုလည်း အထူးကျေးဇူးတင်ကြောင်း ပြောပါရစေ။ နိုင်ငံ့တာဝန်များကို လက်ဆင့်ကမ်းရာမှာ လူဟောင်း၊ လူသစ်နှစ်ဦး ဂုဏ်သိက္ခာရှိစွာ လုပ်ဆောင်ခြင်းဟာ ပြည်သူကို လေးစားရာ၊ နိုင်ငံကို တန်ဖိုးထားရာရောက်တာကြောင့် ကျွန်မတို့အားလုံး နှစ်ထောင်းအားရဖြစ်ကြရပါတယ်။

**ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေး**

နိုင်ငံတော်သမ္မတကြီး ဦးဝင်းမြင့်က ပြည်ထောင်စုလွှတ်တော်မှာ ကတိသစ္စာပြုပြီး ပြောကြားခဲ့တဲ့ မိန့်ခွန်းမှာ ကျွန်မတို့အစိုးရရဲ့ဦးစားပေး ရည်မှန်းချက်ပန်းတိုင်တွေဖြစ်တဲ့ တရားဥပဒေစိုးမိုးရေးနဲ့ ပြည်သူများရဲ့ လူမှုစီးပွားဘဝ တိုးတက်မြင့်မားစေရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးတည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတို့ကို ဦးတည်ကြိုးပမ်းဆောင်ရွက်သွားမယ်ဆိုတာ ပါပါတယ်။ ကျွန်မတို့အစိုးရရဲ့ဦးစားပေး ဆောင်ရွက်ရမယ့်ကိစ္စတွေကိုလည်း ချပြသွားခဲ့ပါတယ်။

အကယ်၍ သေချာစွာနားမထောင်ခဲ့ကြရင်ပြန်ဖတ်ကြပါ။

"သမ္မတကြီးရဲ့မိန့်ခွန်းက အရေးကြီးပါတယ်။"

ကျွန်မတို့တွေဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအရ ဖွံ့ဖြိုးတိုးတက်စေဖို့ စတင်ရုန်းကန်နေရတဲ့အချိန်မှာ ပြည်တွင်း၊ ပြည်ပစိန်ခေါ်မှုအမျိုးမျိုးနဲ့ ရင်ဆိုင်နေရပါတယ်။ ကမ္ဘာ့အသိုင်းအဝိုင်းအတွင်းမှာ တာဝန်သိစွာဖြင့် ရပ်တည်နိုင်ရန် အရေးကြီးကြောင်းကို နားလည်အသိအမှတ်ပြုတာနဲ့ အလျောက်၊ ကျွန်မတို့တွေဟာ ကိုယ့်နိုင်ငံရဲ့ အခြေအနေ၊ လိုအပ်ချက်များနဲ့ကိုက်ညီစွာ လျှောက်လှမ်းရင်းနဲ့ပဲ၊ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ အမြင်၊ သဘောထားတွေကိုလည်း အလေးပေး ဆောင်ရွက်ရပါတယ်။ အတိတ်က ကျန်ခဲ့တဲ့ အမွေဆိုးတွေကို ဖယ်ရှားကျော်လွှားဖို့၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ရဲ့ အနာဂတ်အတွက် မျှော်လင့်ချက်တွေကို ဖြည့်ဆည်းဖို့ ကြိုးပမ်းတဲ့နေရာမှာ ကျွန်မတို့တွေ သင်ခန်းစာယူနိုင်တဲ့ အခွင့်အရေး တွေအများကြီးရခဲ့ရပါတယ်။ သစ္စာ၊ မေတ္တာ၊ သတ္တိ၊ မုဒိတာဘယ်လောက် လိုအပ်တယ်၊ လောဘ၊ ဒေါသ၊ မောဟတွေဘယ်လောက်များပြားဆိုးဝါးတယ်၊ မိတ်ဆွေကောင်းတွေရဲ့ ကျေးဇူးဘယ်လောက်ကြီးမားတယ်ဆိုတာကို ပိုမိုလို့ သိနားလည်လာရပါတယ်။ အားလုံးအထက်မှာ ကျွန်မတို့အတွက် အရေးအကြီးဆုံး သင်ခန်းစာကတော့ ပြည်သူရဲ့ နားလည်ထောက်ခံမှု၊ အားပေးမှုများရဲ့ အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုးပါပဲ။ ဒါကြောင့် ယခုလာမယ့် မြန်မာသက္ကရာဇ် ၁၃၈၀ ခုနှစ်အတွက် ကျွန်မတို့အစိုးရအနေနဲ့ "စုပေါင်းအင်အား" ကို အလေးထားပြီး နိုင်ငံရဲ့စိန်ခေါ်မှုကြီးများကို ကျော်ဖြတ်ဖို့ သန္နိဋ္ဌာန် ချလိုက်ပါတယ်။ ကျွန်မတို့နိုင်ငံအတွက် အလိုအပ်ဆုံးဖြစ်တဲ့ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေး တည်ဆောက်ရာမှာ စုပေါင်းအင်အားဟာ အဓိကပါ။ တိုင်းရင်းသားများအကြား နှစ်ရှည်လများစွာ ဖြစ်ပွားလာခဲ့တဲ့ လက်နက်ကိုင်ပဋိပက္ခများ ငြိမ်းအေးစေဖို့ အပြန်အလှန်နားလည်မှု၊ အပြန်အလှန် လေးစားမှုက အခြေခံအုတ်မြစ်ပါ။ ဒီအုတ်မြစ်ကို စုပေါင်းအင်အားနဲ့ ခိုင်မာအောင် ဆောက်တည်နိုင်ပါတယ်။ ပြည်သူများက အစိုးရရဲ့ ငြိမ်းချမ်းရေးကြိုးပမ်းမှုများကို ပံ့ပိုးကူညီပေးစေချင်ပါတယ်။ အထူးသဖြင့် ကျွန်မတို့ အနာဂတ်အကျိုးမျှော်ကိုးပြီး လူငယ်များ ပါဝင်စေချင်ပါတယ်။ ပါဝင်နေကြတာကိုလည်းတွေ့ရလို့ အင်မတန်မှ ဝမ်းသာပါတယ်။

**စုပေါင်းအင်အားနဲ့ လုပ်ဆောင်ကြ**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD)လုပ်ငန်းတွေဖြစ်မြောက် အောင်မြင်စေဖို့လည်းလူငယ်များ ကူညီပါဝင်နေတာကြောင့် အင်မတန်အားတက်ရပါတယ်။ ကျွန်မတို့ လွတ်လပ်ရေးဖခင်ကြီးများ မျှော်မှန်းခဲ့တဲ့ တရားမျှတမှုနဲ့ လွတ်လပ်တဲ့ နိုင်ငံ၊ လူခပ်သိမ်း ငြိမ်းချမ်းစေဖို့ခွင့်တူညီမျှမှု အာမခံမယ့် ဖြူစင်တဲ့ဝါဒကျင့်သုံးတဲ့နိုင်ငံ အမှန်တကယ်ဖြစ်စေဖို့ စုပေါင်းအင်အားနဲ့ လုပ်ဆောင်ကြပါစို့။ ကမ္ဘာက အာရုံစိုက်နေတဲ့ ရခိုင်ပြည်နယ်မှာ သာမက၊ ကျွန်မတို့နိုင်ငံတစ်ဝန်းမှာ၊ အားလုံး ရုပ်ပိုင်း၊ စိတ်ပိုင်း လုံခြုံ၊ အေးချမ်းစွာ ဖွံ့ဖြိုးတိုးတက်နိုင်ဖို့ စုပေါင်းအင်အားနဲ့ ကြိုးစားကြပါစို့။

ကျွန်မတို့ အစိုးရရဲ့ အဓိကရည်မှန်းချက်တွေထဲမှာ ပြည်သူများရဲ့ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေးလည်း ပါ ပါတယ်။ ဒီရည်မှန်းချက် ဘယ်လောက်အထိ ဖြစ်မြောက်အောင် စွမ်းဆောင်နိုင်တယ်ဆိုတာ တကယ်တော့ ပြည်သူတွေကပဲ ဆုံးဖြတ်နိုင်ပါတယ်။ လမ်းတွေ ဘယ်နှမိုင်ဖောက်နိုင်ခဲ့တယ်၊ တံတားတွေ ဘယ်နှခု တိုးတက်လာတယ်၊ လျှပ်စစ်မီးရသွားတဲ့ ကျေးရွာတွေ၊ မြို့တွေ ဘယ်လောက်များလာတယ်၊ စသည်ဖြင့်.... မွေးကင်းစမိခင်နဲ့ ကလေးသုံးရှုံးမှုနှုန်းက ဘယ်လောက်မြင့်နေသေးတယ်၊ ရင်းနှီးမြှုပ်နှံမှု ဘယ်လောက်နည်းနေသေးတယ်၊ ငွေကြေးဖောင်းပွမှု ဘယ်လောက်ရှိနေသေးတယ်.... ဒါတွေ၊ ဒါတွေကို ကိန်းဂဏန်းတွေနဲ့ ပြည်သူတွေကို တာဝန်သိစိတ်နဲ့ ပွင့်လင်းမြင်သာမှုကို အလေးထားတဲ့ အစိုးရပီပီ စဉ်ဆက်မပြတ် အသိပေးဖို့ ဝန်ကြီးဌာနအားလုံးကို ညွှန်ကြားထားပါတယ်။ ဒါပေမယ့်လည်း နိုင်ငံတစ်နိုင်ငံရဲ့ တိုးတက်မှုကို ကိန်းဂဏန်းနဲ့ ပြည့်စုံအောင်ဖော်ပြလို့ မရပါဘူး။ တစ်ခါတလေလည်း အဖွဲ့အစည်းများအကြား ကိန်းဂဏန်းတွက်ချက်မှု မတူတာကြောင့် အဖြေမှန်ကိုသိဖို့ ခက်ပါတယ်။ ကိန်းဂဏန်းတွေက ပြနေတဲ့ အခြေအနေတွေဟာ ပြည်သူများရဲ့ လူမှုဘဝစီးပွားအပေါ် ဘယ်လောက် အစစ်အမှန် သက်ရောက်မှုရှိလဲ ဆိုတာကသာ အဓိကပါ။ ဥပမာ၊ ယခင်နှစ်အတွင်းမှာ ကျွန်မတို့ ပြည်ပဆန်တင်ပို့မှုဟာ လွတ်လပ်ရေးရပြီးနောက်ပိုင်း အမြင့်မားဆုံးအဆင့်ရောက်သွားပါတယ်။ ဒီတိုးတက်မှုဟာ ကျွန်မတို့ တောင်သူလယ်သမားများဘဝအပေါ် ဘယ်လိုအကျိုးသက်ရောက်မှုရှိလဲ ဆိုတာကတော့ ဒါကအဓိကပါ။ ဒါတွေကို ဆန်းစစ်ပြီးမှ ကျွန်မတို့ရဲ့ မူဝါဒ၊ လုပ်ဆောင်မှုတွေကို ချမှတ်ရင်ဆိုင်မှာပါ။ လာမယ့်နှစ်အတွင်း ပြည်သူပြည်သားများအတွက် အမှန်တကယ် အကျိုးဖြစ်စေမယ့် ဆောင်ရွက်မှုများကို ထပ်မံသတ်မှတ်ပြီး နှစ်သစ်ကူးချိန်မှာ ချပြသွားမှာ ဖြစ်ပါတယ်။

**အထွတ်အထိပ်ရောက်အောင် ကြိုးစားဆောင်ရွက်**

ဘယ်လိုစီမံကိန်းတွေပဲ ချမှတ်ချမှတ်၊ အကောင်အထည်ဖော်ရာမှာ စုပေါင်းလုပ်ဆောင်ခြင်းကသာ အောင်မြင်ခြင်းရဲ့ အဓိကအကြောင်းတရား ဖြစ်ပါလိမ့်မယ်။ အစုအဖွဲ့ ဂိုဏ်း ဂဏစိတ်တွေကို ဖယ်ရှားပြီး နိုင်ငံနဲ့ ပြည်သူများအကျိုးသယ်ပိုးရာမှာ၊ မည်သူကိုမျှ လက်ညှိုးမထိုး၊ မိမိရဲ့ စေတနာ၊ ပညာ၊ သတ္တိတွေကိုသာ လူတိုင်းလူတိုင်း အထွတ်အထိပ်ရောက်အောင် ကြိုးစားဆောင်ရွက်မယ်ဆိုရင် ဘယ်လိုကြီးမား၊ ခက်ခဲတဲ့ စိန်ခေါ်မှုပဲဖြစ်ပါစေ၊ ကျော်လွှားနိုင်မယ်လို့ ခိုင်မာစွာယုံကြည်ပါတယ်။

**ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်တွေ**

နိဂုံးချုပ်အနေနဲ့၊ ကျွန်မတို့ အစိုးရရဲ့နိုင်ငံ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများ အောင်မြင်စေဖို့ ပူးပေါင်းပြီး ကူညီပေးခဲ့၊ ပေးနေဆဲဖြစ်တဲ့၊ ပြည်တွင်း၊ ပြည်ပ မိတ်ဆွေများ၊ အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အသိပညာရှင် အတတ်ပညာရှင်များ အားလုံးနဲ့၊ အထူးသဖြင့် နားလည်မှု၊ စာနာမှုနဲ့ ထောက်ခံအားပေးကြတဲ့ ပြည်သူပြည်သားများအားလုံးကို ကျေးဇူးတင်ကြောင်း အလေးအနက်ပြောပါရစေ။ တစ်ခါပြုဖူး၊ သူ့ကျေးဇူး။ အခေါက်ခေါက်အခါခါ ကျေးဇူးပြုသူများဟာ ဘဝကို ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်တွေဖြစ်ပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်သူများ၊ အနီးအဝေး ရောက်ရှိနေတဲ့ ကျွန်မတို့ နိုင်ငံ့သားသမီးများ၊ ကျွန်မတို့နိုင်ငံအပေါ်စေတနာ၊ မေတ္တာ၊ ကရုဏာထားသူများနဲ့တကွ၊ ကမ္ဘာသူ ကမ္ဘာသားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေ၊ ဘေးအန္တရာယ်အမျိုးမျိုး ကင်းဝေးကြပါစေ၊ နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။

ကျွန်မတို့ လွတ်လပ်ရေးဖခင်ကြီးများရဲ့ အိပ်မက်၊ ကျွန်မတို့ ပြည်သူတွေရဲ့ လိုအပ်ချက်ဖြစ်တဲ့ ငြိမ်းချမ်း၊ တိုးတက်၊ သာယာတဲ့၊ စစ်မှန်တဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီးကို မနှေးအမြန် စုပေါင်းအင်အားနဲ့ အကောင်အထည်ဖော်နိုင်ကြပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။

**ကျေးဇူးတင်ပါတယ်။**

# စုပေါင်းအင်အား

လွတ်လပ်ရေးဖခင်ကြီးများ မျှော်မှန်းခဲ့တဲ့ တရားမျှတမှုနဲ့ လွတ်လပ်တဲ့နိုင်ငံ၊ လူခပ်သိမ်း ငြိမ်းချမ်းစေဖို့ ခွင့်တူညီမျှမှု အာမခံမယ့် ဖြူစင်တဲ့ဝါဒ ကျင့်သုံးတဲ့နိုင်ငံ အမှန်တကယ်ဖြစ်စေဖို့ **"စုပေါင်းအင်အား"** နဲ့ လုပ်ဆောင်ကြပါစို့။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့ ဗီယက်နမ်အမျိုးသားခေါင်းဆောင်ကြီး ဟိုချီမင်းပြတိုက်အတွင်း တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

❀ *ကျောဖုံးမှ*

အတွင်း ခင်းကျင်းပြသထားသည့် ဗီယက်နမ်လူမျိုးတို့၏ ရိုးရာနေထိုင်မှုပုံစံ၊ ဗီယက်နမ်နိုင်ငံ၏ သမိုင်းဝင်အသုံးဆောင်နှင့်ပစ္စည်းများကို လှည့်လည်ကြည့်ရှု လေ့လာသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဟန္နိုင်းမြို့ရှိ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့သွားရောက်၍ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်း၊ စစ်သံမှူး ဗိုလ်မှူးကြီးအောင်ကျော်ဦး၊ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ သံရုံးမိသားစုများနှင့်ရင်းရင်းနှီးနှီးတွေ့ဆုံ၍ မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်နေသည့် စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေးအခြေအနေများကို ရှင်းလင်းပြောကြားပြီး သံရုံးနှင့် စစ်သံရုံးမိသားစုများအတွက် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား မြန်မာသံရုံးမိသားစုများက နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဟန္နိုင်းမြို့မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ ဗီယက်နမ်နိုင်ငံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ကျူအုန် မင်းသွမ်၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်း၊ မြန်မာစစ်သံမှူး ဗိုလ်မှူးကြီး အောင်ကျော်ဦး၊ သံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများက Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယသမ္မတနှင့် အဖွဲ့သည် ညပိုင်းတွင် ရန်ကုန်မြို့သို့ရောက်ရှိကြရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီး H.E. Dr. Luan Thuy Duong နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**



**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာသံရုံးနှင့်စစ်သံရုံးမိသားစုများအတွက် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။** သတင်းစဉ်

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ (၈၁)နှစ်မြောက် နှစ်ပတ်လည်နေ့ကျင်းပ

**နေပြည်တော် မေ ၁**

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ (၈၁)နှစ်မြောက် အဖွဲ့စတင်ဖွဲ့စည်းတည်ထောင်သောနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီ၌ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံးရှိ စုပေါင်းခန်းမတွင်



ကျင်းပရာ အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း တက်ရောက်ပြီး အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော ဦးဝင်းမော်၊ ဦးသန်းထွန်း၊ ဒေါက်တာဦးပွား၊ ဦးစောဗယ်လင်တိုင်းနှင့် ၎င်းတို့၏ ဇနီးများ၊ အဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အဖွဲ့ဝင်(ငြိမ်း)များ၊ အဖွဲ့ရှိ ဦးစီးဌာနများနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်များမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် ပါမောက္ခချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်များမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက အဖွဲ့နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အမှာစကားပြောကြားသည်။

ယင်းနောက် ဝန်ထမ်းလုပ်သက် ၃၀ နှစ် ပြည့်သူများကို ဆုများချီးမြှင့်ခြင်း၊ ဝန်ထမ်းများသို့ အမှတ်တရလက်ဆောင်ယူနီဖောင်းဝတ်စုံများ ချီးမြှင့်ခြင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်ခဲ့သော သင်တန်းများ၌ ထူးချွန်ဆုရရှိသူ ဝန်ထမ်းများအား ဆုများချီးမြှင့်ခြင်း၊ အဖွဲ့အဆင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ ရုံးလုပ်ငန်းလက်စွဲ ရေးဖြေစာမေးပွဲ ထူးချွန်ဆုများ ရရှိသူဝန်ထမ်းများအား ဆုများချီးမြှင့်ခြင်း၊ အားကစားထူးချွန်ဆုများ၊ မီးဘေးလုံခြုံရေးဆိုင်ရာ မီးငြိမ်းသတ်စက်ကိုင်တွယ်အသုံးပြုခြင်း ကျွမ်းကျင်မှု စွမ်းရည်ပြိုင်ပွဲဆုများ၊ နေပြည်တော်ဝန်ထမ်းအိမ်ရာများတွင် အိမ်ခန်းအလိုက် သန့်ရှင်းသပ်ရပ်မှု အကောင်းဆုံးဆု ရရှိသူများကို ဆုများချီးမြှင့်ပေးသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်သည်တော်များကို နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကာ ဝန်ထမ်းများအား ကံစမ်းမဲများ ဖောက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့် အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

**ရန်ကုန် မေ ၁**

တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့် အမျိုးသားကော်မတီဒုတိယဥက္ကဋ္ဌ၊ မကာအိုအထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အုပ်ချုပ်ရေးမှူးဟောင်း Mr. Edmund Ho Hau Wah ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

ဧည့်သည်တော် ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)** **သတင်းစဉ်**



# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များ အကောင်အထည်ဖော်ဆောင်နေမှုများ ဆွေးနွေး

နေပြည်တော် ဧပြီ ၁

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် Blue Sky အဖွဲ့အစည်းမှ Mr. David Liu နှင့်အဖွဲ့အား မတ် ၂၉ ရက် နံနက်ပိုင်းက အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ တွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံရာတွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု နှင့် ကယ်ဆယ်ရေး ဆောင်ရွက်နေသူများအား အရည်အသွေး မြှင့်တင်ရေးကိစ္စရပ်များ၊ ဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု သင်တန်းကျောင်းတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများ၊ ဝန်ကြီးဌာန အနေဖြင့် ဘေးအန္တရာယ်ဆိုင်ရာ မူဝါဒအသစ်များချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေပြီး အမျိုးသား ဘေးအန္တရာယ်ဆိုင်ရာကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ သက်ဆိုင်ရာဝန်ကြီး ဌာနများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန နှင့် Blue Sky အဖွဲ့အစည်းတို့ နားလည်မှုစာချွန်လွှာ (MoU) လက်မှတ် ရေးထိုးနိုင်ရေးဆောင်ရွက်ရန် ဆွေးနွေးညှိနှိုင်းခဲ့သည်။

အလားတူ ပြည်ထောင်စုဝန်ကြီးသည် ညနေပိုင်းတွင် Centre for Humanitarian Dialogue မှ Country Representative, Mr. Adam Cooper နှင့် အဖွဲ့အား တွေ့ဆုံသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များ အကောင်အထည်ဖော်ဆောင်နေမှုများ၊ နိုင်ငံတွင်း ပြန်လည်ဝင်ရောက်လိုသူများ အတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများနှင့် အဆင်ပြေချောမွေ့စွာ လက်ခံနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ လွတ်လပ်စွာလှုပ်ရှားသွားလာခွင့် နိုင်ငံသားဖြစ်မှုစိစစ်ရေးနှင့် တရားဥပဒေ စိုးမိုးမှု အားကောင်းစေရန် အရှိန်မြှင့်တင်ဆောင်ရွက်နေမှုများ၊ လူ့အဖွဲ့အစည်းအတွင်း တင်းမာမှုများလျော့ချနိုင်ရေး ကြိုးပမ်းနေမှုများ၊ ရပ်ရွာအတွင်း ညှိနှိုင်းဆောင်ရွက်ရေးလုပ်ငန်းစနစ် (Community Consultation Mechanism Program) အစီအစဉ် ဖော်ဆောင်နိုင်ရေးကိစ္စများ၊ CHD အဖွဲ့မှ ဦးဆောင်၍ မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှ အစိုးရမဟုတ်သော ကျွမ်းကျင်ပညာရှင်များ စင်ကာပူနိုင်ငံတွင် နှစ်ကြိမ်တိုင် တွေ့ဆုံဆွေးနွေးခဲ့မှုများ၊ CHD အဖွဲ့မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်လေ့လာခဲ့ပြီး အစီရင်ခံစာအကျဉ်းအား တင်ပြမည့်ကိစ္စများ၊ CHD မှ အဆိုပြုလာသည့် စီမံကိန်းအစီအစဉ်များအပေါ် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

**သတင်းစဉ်**

ဘဏ္ဍာရေးနှစ်အလိုက် နှစ်စဉ် အထူးကုန်စည်ခွန် ရငွေစာရင်း

(ကျပ်သန်းပေါင်း)




ဓာတ်မြစ် ။ ပြည်တွင်းအခွန်များဦးစီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှရေးသားတင်ပြပါသည်။



# ပိုလ်တထောင်စေတီတော် ဌာပနာတိုက်အတွင်း ကိန်းဝပ်စံပယ်တော်မူသည့် ဆံတော်ဓာတ်မြတ်အား အများပြည်သူဖူးမြော်ပူဇော်နိုင်ရန် နန်းဦးတန်ဆောင်းတော်အတွင်းသို့ ပင့်ဆောင်ပူဇော်

ရန်ကုန် ဧပြီ ၁

**ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်မြတ်ကြီးအား သံဃာတော် ၁၀၈ ပါးတို့ဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင်နှင့် မြတ်စွာဘုရားရှင်၏ ဆံတော်ဓာတ်မြတ်အား အများပြည်သူ ဖူးမြော်ပူဇော်နိုင်ရန်အလို့ငှာ ဌာပနာတိုက်မှ နန်းဦးတန်ဆောင်းတော်အတွင်းသို့ ပင့်ဆောင် ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်ဝင်းအတွင်းကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဇနီးတို့ တက်ရောက်ဖူးမြော် ကြည်ညိုကြသည်။**

ရှေးဦးစွာ စေတီတော်ဝင်းအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြသပိတ် ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းများ ကပ်လှူပူဇော်ပြီး နမောတဿ သုံးကြိမ်ရွတ်ဆို ပူဇော်၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် သံဃာတော် အရှင်သူမြတ် ၁၀၈ ပါးတို့က ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် မြတ်ကြီးအား ဥဒါန်းပါဠိတော်လာနည်းအတိုင်း ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓဘိသိက်သွန်းလောင်းတော်မူသည်။

ယင်းနောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ချုံးအင်းကျေးရွာ သီရိမင်္ဂလာပရိယတ္တိစာသင်တိုက် ပဓာနနာယက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသြဘာသထံမှ ဝန်ကြီးချုပ်နှင့် တက်ရောက်လာသည့် အလှူရှင်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော် အရှင်သူမြတ်တို့က မေတ္တသုတ်တော်၊ ရတနာသုံးပါးဂုဏ်တော်နှင့် ပုဗ္ဗဏှသုတ်ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကြသည်။

ထို့နောက် ဆရာတော်ကြီးများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးနှင့် တက်ရောက်လာသည့် အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သြဝါဒါစရိယဆရာတော် အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသထံမှ ဝန်ကြီးချုပ်နှင့် တက်ရောက်လာသည့် အလှူရှင်များက အနုမောဒနာတရားနာကြား၍ ရေစက်သွန်းလောင်းအမျှ ပေးဝေကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အခမ်းအနားသို့တက်ရောက်လာသည့် ဆရာတော်၊ သံဃာတော်များအား အမှားအယွင်းနှင့် မပြည့်စုံခြင်းများရှိပါက ခွင့်လွှတ်သည်းခံတော်မူပါရန် တောင်းပန်လျှောက်ထားသည်။

ထို့နောက် ဆရာတော် ၊ သံဃာတော်များ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အလှူရှင်များက မြတ်စွာဘုရားရှင်၏ ဆံတော်ဓာတ်မြတ်အား ဌာပနာတော်တိုက်မှ ပင့်ဆောင်၍ (**အပေါ်ပုံ**)စေတီတော်အား လက်ယာရစ်သုံးပတ် လှည့်လည် ပူဇော်ပြီး နန်းဦးတန်ဆောင်းတော်အတွင်း အများပြည်သူများ ဖူးမြော်ပူဇော်နိုင်ရန်အလို့ငှာ အပူဇော်ခံထားရှိသည်။

**သတင်းစဉ်**

# ကျောင်းပြင်ပ မူလတန်းပညာရေးလုပ်ငန်း အစီအစဉ် ဆောင်ရွက်မှု (၁၀)နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနား ကျင်းပ

**ရန်ကုန် ဧပြီ ၁**

မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြု ပြင်ပဌာန၏ ကျောင်းပြင်ပ မူလတန်းပညာရေး လုပ်ငန်း အစီအစဉ်ဆောင်ရွက်မှု (၁၀)နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားကို ရန်ကုန် တက္ကသိုလ် စိန်ရတုခန်းမ၌ မတ် ၃၁ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက ကျောင်းပြင်ပ မူလတန်းပညာရေးအစီအစဉ်ကို ၂၀၀၈-၂၀၀၉ ပညာသင်နှစ်မှ စတင်ပြီး ပညာရေးဝန်ကြီးဌာနနှင့် ယူနီဆက်တို့ ပူးပေါင်း၍ Project လုပ်ငန်းအဖြစ် မြို့နယ် ငါးမြို့နယ်တွင် စတင်ဆောင်ရွက်ခဲ့ရာမှ ယခု ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ၉၃ မြို့နယ်အထိ ဆောင်ရွက်နိုင်ပြီးဖြစ်ကြောင်း၊ နှစ်အလိုက် ဆောင်ရွက်ခဲ့ပြီးသော မြို့နယ် ၄၃ မြို့နယ်မှ မြို့နယ်ပေါင်း ၁၃၆ မြို့နယ်အထိ ဆောင်ရွက်နိုင်ပြီ ဖြစ်သဖြင့် ဝမ်းမြောက်ဖွယ်ကောင်းကြောင်း ပြောကြားပြီး မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာနဥက္ကဋ္ဌ ဆရာကြီး ဒေါက်တာဦးသန်းဦးက (၁၀) နှစ်ပြည့် အခမ်းအနား ဖြစ်ပေါ်လာရေးအတွက် အစဉ်အဆက် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသော ပညာရှင် လူပုဂ္ဂိုလ်အသီးသီးနှင့် စေတနာရှင် အသီးသီးတို့အား ဂုဏ်ပြုစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းတို့က အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်သည်။ ဆက်လက်၍ ကျောင်းပြင်ပ မူလတန်းပညာရေးမျိုးဆက်မှ ထူးချွန်စွာ တက္ကသိုလ်ဝင်တန်း အောင်မြင်ကြသူ ငါးဦးနှင့် ၁၀ နှစ်တာအတွင်း ကျောင်းပြင်ပ မူလတန်းပညာရေး လုပ်ငန်း စွမ်းဆောင်ရည် အကောင်းဆုံးဆုရသူများကို ဥက္ကဋ္ဌဆရာကြီး ဒေါက်တာဦးသန်းဦး၊ ဒေါ်ခင်လှလှ ပညာရေး



ဖောင်ဒေးရှင်းနာယက၊ အငြိမ်းစား ဝန်ကြီး ဦးတင်လှိုင်နှင့် ကျောင်းပြင်ပ နှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်မြဲ တို့က ဆုများပေးအပ်ကြသည်။

ယင်းနောက် ကျောင်းပြင်ပ မူလတန်းပညာရေး ဆရာမများက “ကလေးများအတွက် ဒီနေ့” သီချင်း သီဆိုကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ပြင်ဦးလွင်မြို့၌ သီလရှင်အပါး ၁၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**ပြင်ဦးလွင် ဧပြီ ၁**

ပြင်ဦးလွင်မြို့ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (Y.M.B.A) က ကြီးမှူး၍ မြို့လုံးကျွတ်သီလရှင်အပါး ၁၀၀၀ ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို မတ် ၃၁ ရက် မွန်းလွဲ ၁နာရီက အဆိုပါ အသင်းတိုက်ခန်းမ၌ ကျင်းပခဲ့သည်။

“ အခုပွဲက ပထမဆုံးအကြိမ်အဖြစ် ကျင်းပလှူဒါန်းတာဖြစ်ပေမယ့် အလွန်အောင်မြင်ခဲ့ပါတယ်၊ မြို့ပေါ်သီလရှင် စာသင်တိုက်ကြီးတွေ အပါအဝင် သီလရှင်ကျောင်းပေါင်း ၃၁ ကျောင်းက သီလရှင် ၈၂၃ ပါးနဲ့ အခုနွေရာသီကျောင်းပိတ်ရက် ရောက်မှဝတ်ကြတဲ့ ဒုလ္လဘသီလရှင် အပါး ၁၀၀ ကျော်ကို ဆွမ်းဆန်စိမ်းအိတ် ၁၀၀ နီးပါး၊ ဝတ္ထု ငွေကျပ်သိန်း ၅၀ ခန့်လောက်နဲ့ အခြားလှူဖွယ်ပစ္စည်းအစုစုတို့ကို လောင်းလှူနိုင်ခဲ့တယ်၊ ပထမဆုံးအကြိမ်လှူဒါန်းတဲ့ပွဲဖြစ်လို့ တချို့နေရာတွေမှာ အခက်အခဲတွေရှိခဲ့ပေမယ့် ဒါတွေကို သင်ခန်းစာယူပြီး နောက်နှစ်တွေမှာ အကောင်းဆုံးဖြစ်အောင် ကျင်းပသွားနိုင်မှာပါ” ဟု ဗုဒ္ဓဘာသာကလျာဏ ပညာယုဝအသင်း (Y.M.B.A) မှ အတွင်းရေးမှူး၏ ပြောပြချက်အရ သိရသည်။

မြို့လုံးကျွတ် သီလရှင်ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ တပ်၊ ဌာနအသီးသီးမှ အလှူရှင်များ၊ မြို့နေပြည်သူလူထုတို့ ဝိုင်းဝန်း၍ စေတနာသဒ္ဓါတရားထက်သန်စွာ ပါဝင်လောင်းလှူကုသိုလ်ပြုခဲ့ကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချပွဲ အခမ်းအနားကို မွန်းလွဲ ၃နာရီတွင် အသင်းတိုက်ခန်းမ၌ ဆင်ယင်ကျင်းပခဲ့ကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# ၂၀၁၇- ၂၀၁၈ ပညာသင်နှစ်၊ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ခရိုင်အလိုက် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အခြေခံပညာဦးစီးဌာန
နေပြည်တော်

၂၀၁၈ ခုနှစ်၊ မတ်လ ၃၀ ရက်
၂၀၁၇-၂၀၁၈ ပညာသင်နှစ်
အခြေခံပညာအဆင့် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်း
ကြေညာခြင်း

၂၀၁၇-၂၀၁၈ ပညာသင်နှစ်၊ အခြေခံပညာအဆင့် အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းအတွက် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ခရိုင်အလိုက် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်းကို အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

*(ယမန်နေ့မှအဆက်)*

### အခြေခံပညာဦးစီးဌာန၊ ၂၀၁၈ ခုနှစ်၊ ဒသမတန်း လူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၆၅ | မခင်ရတနာလှိုင် | အထက(၁)လက်ပံတန်း | လက်ပံတန်း | သာယာဝတီ |
| ၆၆ | မလင်းထက်ထက်ခိုင် | အထက(၁)သာယာဝတီ | သာယာဝတီ | သာယာဝတီ |
| ၆၇ | မသဒ္ဒါငြိမ်းချမ်းဝင်း | ဒီဝေလျှံ (ကပက) | မကွေး | မကွေး |
| ၆၈ | မောင်အောင်ခန့်မော် | အထက(၁) တောင်တွင်းကြီး | တောင်တွင်းကြီး | မကွေး |
| ၆၉ | မောင်ယဉ်ခန့်အောင် | ဒီဝေလျှံ (ကပက) | မကွေး | မကွေး |
| ၇၀ | မသီရိစိုးစံ | အထက(၁)ရေနံချောင်း | ရေနံချောင်း | မကွေး |
| ၇၁ | မောင်တာရာလင်း | အေးရိပ်ညို (ကပက) | စလင်း | မင်းဘူး |
| ၇၂ | မနှင်းဒါလီ | UHW (ကပက) | စလင်း | မင်းဘူး |
| ၇၃ | မောင်ထင်အောင်လင်း | အထက(၅)ပခုက္ကူ | ပခုက္ကူ | ပခုက္ကူ |
| ၇၄ | မစောစန္ဒီလင်း | အထက-ဆိပ်ဖြူ | ဆိပ်ဖြူ | ပခုက္ကူ |
| ၇၅ | မောင်ဝေယံဖြိုး | အထက(၁)သရက် | သရက် | သရက် |
| ၇၆ | မောင်ကျောက်စိမ်း | အထက-ကျီရပ်ကုန်း | အောင်လံ | သရက် |
| ၇၇ | မသက်မိုစံ | အထက(ခွဲ)အလက(၃) | သရက် | သရက် |
| ၇၈ | မလင်းလင်းဝေ | အထက(၁)အောင်လံ | အောင်လံ | သရက် |
| ၇၉ | မောင်လင်းရောင်ဝေ | အထက-လောင်းရှည် | ဆော | ဂန့်ဂေါ |
| ၈၀ | မခင်ရတနာကျော် | အထက-မြို့မ | ဂန့်ဂေါ | ဂန့်ဂေါ |
| ၈၁ | မောင်ပီတာအောင်ဇော်ကြုံး | စံဟိန်း(ကပက) | မဟာအောင်မြေ | မန္တလေး |
| ၈၂ | မောင်မင်းထင်ကျော် | CAE(ကပက) | ချမ်းအေးသာစံ | မန္တလေး |
| ၈၃ | မကြည်နူးဖြူစင် | စံဟိန်း(ကပက) | မဟာအောင်မြေ | မန္တလေး |
| ၈၄ | မညိုရှင်မောင် | CAE(ကပက) | ချမ်းအေးသာစံ | မန္တလေး |
| ၈၅ | မောင်ဆက်အောင်လျှမ်း | စာပန်းအိမ်(ကပက) | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၈၆ | မလင်းလက်ခင် | စာပန်းအိမ်(ကပက) | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၈၇ | မောင်ဇာနည်လှိုင် | အထက-စဥ့်ကိုင် | စဥ့်ကိုင် | ကျောက်ဆည် |
| ၈၈ | မဆုရတနာမြင့် | အထက-မြစ်သား | မြစ်သား | ကျောက်ဆည် |
| ၈၉ | မောင်အောင်ဖြိုးလွင် | အထက-ဇဂျမ်း | တောင်သာ | မြင်းခြံ |
| ၉၀ | မတင်ချိုအေး | အထက-မင်းစု | တောင်သာ | မြင်းခြံ |
| ၉၁ | မောင်ကောင်းထက်ဝေ | အထက ညောင်ဦး | ညောင်ဦး | ညောင်ဦး |
| ၉၂ | မတိုးတိုးဝေ | IDEA (ကပက) | ကျောက်ပန်းတောင်း | ညောင်ဦး |
| ၉၃ | မောင်ဟိန်းထက်စံ | သမာဓိ (ကပက) | မိတ္ထီလာ | မိတ္ထီလာ |
| ၉၄ | မသွဲ့နှင်းဇင် | အထက(၁) မိတ္ထီလာ | မိတ္ထီလာ | မိတ္ထီလာ |
| ၉၅ | မောင်စိုးလင်းထက် | အထက-ရန်အောင် | ပျော်ဘွယ် | ရမည်းသင်း |

*ဆက်လက်ဖော်ပြပါမည်*

### အခြေခံပညာဦးစီးဌာန၊ ၂၀၁၈ ခုနှစ်၊ နဝမတန်း လူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၆၅ | မယဉ်ပိုပိုအောင် | အထက(၁)လက်ပံတန်း | လက်ပံတန်း | သာယာဝတီ |
| ၆၆ | မခင်ဝတ်မှုန်ဖြိုး | အထက-မြို့မ | ဇီးကုန်း | သာယာဝတီ |
| ၆၇ | မောင်ကောင်းသန့်ဟိန်း | အထက(၁)ရေနံချောင်း | ရေနံချောင်း | မကွေး |
| ၆၈ | မောင်မင်းမော်ဖြိုး | အထက(၃)မကွေး | မကွေး | မကွေး |
| ၆၉ | မဖြိုးသီရိလွင် | အထက(၁)မကွေး | မကွေး | မကွေး |
| ၇၀ | မကြယ်စင်လင်းလက် | သရပါ(ကပက) | ချောက် | မကွေး |
| ၇၁ | မောင်ကောင်းဆက်နိုင် | အေးရိပ်ညို(ကပက) | စလင်း | မင်းဘူး |
| ၇၂ | မဆွေဝတ်ရည် | အထက(၂)စလင်း | စလင်း | မင်းဘူး |
| ၇၃ | မောင်ခန့်ကျော်ဇော | ကောင်းဂုဏ်ဟိန်း(ကပက) | ပခုက္ကူ | ပခုက္ကူ |
| ၇၄ | မချမ်းမြေ့ကြည်သာ | အထက-ဆိပ်ဖြူ | ဆိပ်ဖြူ | ပခုက္ကူ |
| ၇၅ | မောင်ဇွဲရှိန်လင်း | အထက-ပြလို့ | အောင်လံ | သရက် |
| ၇၆ | မောင်မင်းခန့်ပိုင် | အထက(၂)သရက် | သရက် | သရက် |
| ၇၇ | မဆုမြတ်နှင်း | အထက-ကေရာဇ် | ဆင်ပေါင်ဝဲ | သရက် |
| ၇၈ | မခိုင်သဇင် | အထက-ကြို့ပင် | ကံမ | သရက် |
| ၇၉ | မောင်မြတ်သုခ | အထက-ဂန့်ဂေါ | ဂန့်ဂေါ | ဂန့်ဂေါ |
| ၈၀ | မကေဇင်မြတ် | အထက-ကျောက်ထု | ဆော | ဂန့်ဂေါ |
| ၈၁ | မောင်ကျော်ညီသာ | CAE (ကပက) | ချမ်းအေးသာစံ | မန္တလေး |
| ၈၂ | မောင်ကျော်မျိုးထက် | စံဟိန်း(ကပက) | မဟာအောင်မြေ | မန္တလေး |
| ၈၃ | မခိုင်မြတ်သွယ် | စံဟိန်း(ကပက) | မဟာအောင်မြေ | မန္တလေး |
| ၈၄ | မကြယ်စင်သိန်း | CAE (ကပက) | ချမ်းအေးသာစံ | မန္တလေး |
| ၈၅ | မောင်ဇော်ရဲထက် | စာပန်းအိမ်(ကပက) | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၈၆ | မရွှန်းလဲ့ဖြိုးဦး | အထက-စဥ့်ကူး | စဥ့်ကူး | ပြင်ဦးလွင် |
| ၈၇ | မောင်အောင်ဘုန်းမြတ် | အထက-စဥ့်ကိုင် | စဥ့်ကိုင် | ကျောက်ဆည် |
| ၈၈ | မဖြူသန့်ကျော် | အထက-ကူမဲ | မြစ်သား | ကျောက်ဆည် |
| ၈၉ | မောင်ဟိန်းထက်ညီ | အထက-ဆီမီးကန် | တောင်သာ | မြင်းခြံ |
| ၉၀ | မအင်ကြင်းစံ | အထက-ဝဲလောင် | တောင်သာ | မြင်းခြံ |
| ၉၁ | မောင်နေမျိုးအောင် | အထက(၁) ကျောက်ပန်းတောင်း | ကျောက်ပန်းတောင်း | ညောင်ဦး |
| ၉၂ | မခင်ခင်သန်း | FEC (ကပက) | ညောင်ဦး | ညောင်ဦး |
| ၉၃ | မောင်အောင်လင်းဆက် | အထက(ခွဲ)မြို့သစ် | မလှိုင် | မိတ္ထီလာ |
| ၉၄ | မယွန်းပွင့်သူ | သမာဓိ(ကပက) | မိတ္ထီလာ | မိတ္ထီလာ |
| ၉၅ | မောင်ကျော်မင်းဦး | အထက(၁)ပျော်ဘွယ် | ပျော်ဘွယ် | ရမည်းသင်း |
| ၉၆ | မဝင်းမြတ်သန္တာဦး | အထက(၁)ပျော်ဘွယ် | ပျော်ဘွယ် | ရမည်းသင်း |

*ဆက်လက်ဖော်ပြပါမည်*

### အခြေခံပညာဦးစီးဌာန၊ ၂၀၁၈ ခုနှစ်၊ အဋ္ဌမတန်း လူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၆၅ | မမြတ်သစ္စာစိုးမိုး | အထက-သုံးဆယ် | သာယာဝတီ | သာယာဝတီ |
| ၆၆ | မအေးချမ်းပြည့် | အလက(ခွဲ) ရန်ကုန်ပြည်လမ်း | ကြို့ပင်ကောက် | သာယာဝတီ |
| ၆၇ | မောင်မောင်မောင်သွင် | အထက(၁)ရေနံချောင်း | ရေနံချောင်း | မကွေး |
| ၆၈ | မောင်လွင်ဟိန်းခန့် | ဥယျာဉ်မှူး(ကပက) | မကွေး | မကွေး |
| ၆၉ | မခင်ရတီသွင် | အထက(၁)ရေနံချောင်း | ရေနံချောင်း | မကွေး |
| ၇၀ | မသီရိဝန်းလဲ့ရွှန်း | သရပါ (ကပက) | ချောက် | မကွေး |
| ၇၁ | မောင်လွင်ထူးခန့် | အထက-ပဒါန်း | ငဖဲ | မင်းဘူး |
| ၇၂ | မအေးမွန်ခိုင် | အလက-မြေနီကုန်း | စေတုတ္တရာ | မင်းဘူး |
| ၇၃ | မောင်မင်းသန့်ကို | အထက-ရေစကြို | ရေစကြို | ပခုက္ကူ |
| ၇၄ | မဖူးပြည့်ပြည့်သော် | အထက-ဆိပ်ဖြူ | ဆိပ်ဖြူ | ပခုက္ကူ |
| ၇၅ | မောင်မင်းခန့်သွေး | အထက-ရွာထောင် | အောင်လံ | သရက် |
| ၇၆ | မောင်ထူးကိုလွင် | အထက(ခွဲ)တလပါး | သရက် | သရက် |
| ၇၇ | မအိဖြိုးဝေ | အထက(၂)အောင်လံ | အောင်လံ | သရက် |
| ၇၈ | မခိုင်ရွှေရည်သင်း | အထက-မလွန် | မင်းလှ | သရက် |
| ၇၉ | မောင်ဖုန်းမြတ်ဟန် | အထက-လက်ပန်း | ဆော | ဂန့်ဂေါ |
| ၈၀ | မထက်ထက်ပိုင် | အလက(ခွဲ) စည်ပင်သာယာ | ဂန့်ဂေါ | ဂန့်ဂေါ |
| ၈၁ | မောင်ကောင်းထက်နိုင် | အထက(၁၆) ချမ်းအေးသာစံ | ချမ်းအေးသာစံ | မန္တလေး |
| ၈၂ | မောင်ချစ်စန်းမောင် | စံဟိန်း(ကပက) | မဟာအောင်မြေ | မန္တလေး |
| ၈၃ | မယဉ်မင်းသန့် | အထက(၁၆) ချမ်းအေးသာစံ | ချမ်းအေးသာစံ | မန္တလေး |
| ၈၄ | မဇူးဇူးမြင့်လွင် | စံဟိန်း(ကပက) | မဟာအောင်မြေ | မန္တလေး |
| ၈၅ | မောင်စည်သူချမ်းမြေ့ဝင်း | အထက-မြို့သစ် | မတ္တရာ | ပြင်ဦးလွင် |
| ၈၆ | မနန်းသီရိနွယ် | စာပန်းအိမ်(ကပက) | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၈၇ | မောင်ပြည့်ဝငြိမ်းချမ်း | ယူနတီ(ကပက) | ကျောက်ဆည် | ကျောက်ဆည် |
| ၈၈ | မသက်မှူးလွင် | ယူနတီ(ကပက) | ကျောက်ဆည် | ကျောက်ဆည် |
| ၈၉ | မောင်ခန့်ဇင်ဟိန်း | အထက(၁)မြင်းခြံ | မြင်းခြံ | မြင်းခြံ |
| ၉၀ | မဂျူးဂျူးသက် | အထက(၁)မြင်းခြံ | မြင်းခြံ | မြင်းခြံ |
| ၉၁ | မောင်ဘုန်းမြင့်ကျော် | ရင်သွေးငယ်(ကပက) | ကျောက်ပန်းတောင်း | ညောင်ဦး |

*ဆက်လက်ဖော်ပြပါမည်*

## မိုးတိမ်တောင်များ ဖြစ်ပေါ်ပြီး လေပြင်းတိုက်ခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဧပြီ ၁**

မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကာလဖြစ်သည့် ဧပြီလနှင့် မေလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်း မြင့်တက်လာရာမှ အပူပုံ့တက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ၊ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် **လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း** စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်၊ ရေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် နွေကာလဖြစ်သည့် ဧပြီလနှင့် မေလများအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များအား အထူးဂရုပြုနေထိုင်သွားကြပါရန် ကြိုတင်သတိပေး နှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## ချင်းတွင်းသင်္ကြန်ပွဲတော်တွင် ပြသမည့် သဲပန်းပုထုလုပ်ရာသို့ အစုအဖွဲ့လိုက် လာရောက်ကြည့်ရှု

**မုံရွာ ဧပြီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ချင်းတွင်းမြစ်ကမ်း သဲသောင်ပြင်ပေါ်တွင် ပထမအကြိမ်အဖြစ် ကျင်းပမည့် ချင်းတွင်းသင်္ကြန်ပွဲတော်တွင် ပါဝင်ပြသရန်အတွက် စင်ကာပူနိုင်ငံသား သဲပန်းပုပညာရှင် Mr. Jo Oheng tan ထုလုပ်လျက်ရှိသော သဲပန်းပုထုလုပ်ငန်းခွင်သို့ အစုအဖွဲ့လိုက် လာရောက်ကြည့်ရှုလေ့လာသူများရှိကြောင်း သိရသည်။

"မုံရွာမှာတော့ သဲပန်းပုထုလုပ်တာက အခုမှ တွေ့မြင်ရတာပါ။ သဲကိုဘယ်လိုထုလုပ်ပြီးပုံဖော်သလဲဆိုတာက စိတ်ဝင်စားစရာဖြစ်တဲ့အတွက် လာရောက်ကြည့်ရှုလေ့လာတာပါ၊ သင်္ချာနည်းပညာနဲ့ ထုလုပ်တာဖြစ်တဲ့အတွက် ဘယ်နေရာကနေကြည့်ကြည့် ကိုယ့်ကိုပြန်ကြည့်နေသလို ခံစားရပါတယ်၊ သူများတွေပြောနေတာ ကြားတာနဲ့ အခုလာပြီး ကြည့်ရှုဖြစ်တာပါ" ဟု သဲပန်းပုထုလုပ်ရာသို့ လာရောက်လေ့လာသည့် မုံရွာမြို့ မုံရွာတောင်ရပ်ကွက်မှ ကိုမျိုးက ပြောသည်။

ချင်းတွင်းသင်္ကြန်ပွဲတော်ကြီးအား ဧပြီ ၁၁ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်ရာ အဆိုပါပွဲတော်ကျင်းပသည့် ကာလအတွင်း သဲပန်းပုများကို ပြသထားမည်ဖြစ်၍ မည်သူမဆိုလာရောက်လေ့လာကြည့်ရှုနိုင်ပြီး အမှတ်တရ ဓာတ်ပုံများလည်း ရိုက်ကူးနိုင်ကြောင်း သိရသည်။

ဝင်းဦး(ဧယျာတိုင်း)

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ကို ဂုဏ်ပြုထောက်ခံကြိုဆိုပွဲ ရန်ကုန်မြို့၌ ပြုလုပ်




**ရန်ကုန် ဧပြီ ၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ကို ဂုဏ်ပြုထောက်ခံကြိုဆိုပွဲကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ မြို့တော်ခန်းမအနီး မဟာဗန္ဓုလပန်းခြံရှေ့တွင် ပြုလုပ်သည်။ **(ယာပုံ)**

ရှေးဦးစွာ နိုင်ငံတော်သီချင်းကို သံပြိုင်သီဆိုပြီး နိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် အခမ်းအနားမှူးက နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ အတ္ထုပ္ပတ္တိကို ဖတ်ကြားပြီး တက်ရောက်လာကြသူများက ယခုကဲ့သို့ ထောက်ခံရမှုတို့နှင့် ပတ်သက်၍ ဟောပြောမှုများ ပြုလုပ်ကြသည်။

အလားတူ ရန်ကုန်မြို့ရှိ ရပ်ကွက်အချို့တွင်လည်း နိုင်ငံတော် သမ္မတ ဦးဝင်းမြင့်ကို ကြိုဆိုထောက်ခံဂုဏ်ပြုသောအားဖြင့် ပြည်သူများက စတုဒိသာ အလှူများကိုလည်း ကျွေးမွေးလျက်ရှိကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-ဇော်ကြီး**

# မြန်မာ့ရေနံဓာတ်ငွေ့ရည် (LPG) ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးစည်းဝေး

**ရန်ကုန် ဧပြီ ၁**

မြန်မာနိုင်ငံတွင် စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းရာတွင် လျှပ်စစ်နှင့် ထင်းအစား ရေနံဓာတ်ငွေ့ရည် ( LPG ) ကို မြန်မာတစ်နိုင်ငံလုံးတွင် ပိုမိုကျယ်ပြန့်စွာအသုံးပြုနိုင်ရန် ကြိုးပမ်းအားထုတ်လျက်ရှိသည့် ရေနံဓာတ်ငွေ့ရည် ( LPG ) ကို သုံးစွဲသူများနှင့် စက်မှုလုပ်ငန်းများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရန်နှင့် ဈေးကွက်ကျယ်ပြန့် ဖွံ့ဖြိုးတိုးတက်စေမည့် မူဝါဒဖော်ဆောင်နေချိန်တွင် ကမ္ဘာ့ရေနံဓာတ်ငွေ့ရည် ( LPG) အသင်းက WLPGA MYANMAR SUMMIT 2018 ကို မတ် ၂၈ ရက်နှင့် ၂၉ ရက်နေ့တို့တွင် ရန်ကုန်မြို့ရှိ Lotte Hotel တွင် ကျင်းပသည်။ **(အောက်ပုံ)** အခမ်းအနားတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရေနံနှင့် ဓာတ်ငွေ့စီမံကိန်းဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်အောင် တက်ရောက်၍ အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံသို့ LPG တင်သွင်းမှုနှင့် ထောက်ပံ့ပို့ဆောင်မှု သမိုင်းစာမျက်နှာသစ် ရှေ့ဆက်သွားမည့် လမ်းစဉ်စာတမ်းကို ဦးကံထွန်း CEO Parami Energy Service Co., က လည်းကောင်း၊ မြန်မာ့ LPG ဈေးကွက် အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများစာတမ်းကို မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ရီရီခင်က လည်းကောင်း၊ LPG ဖြန့်ဖြူးမှုအား ကျေးလက်ဒေသများသို့ ချဲ့ထွင်ခြင်းစာတမ်းကို United Nations Office for Project Services ( UNOPS ) မှ Director and Representative for Myanmar ဖြစ်သူ Andrew Kirkwood က လည်းကောင်း၊ မြန်မာ့လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုတွင် LPG ၏ အလားအလာစာတမ်းကို Christopher Reimnitz, Director, Gas to Power Division , GE Global Growth & Operationa , UK က လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အတွေ့အကြုံများအား မြန်မာနိုင်ငံတွင် အသုံးချခြင်းစာတမ်းကို Jakarta Jala , Head of Strategic Planning, Bashundharan LP Gas , Bangaladesh က လည်းကောင်း ဖတ်ကြားတင်သွင်းကြသည်။ အခမ်းအနားတွင် WLPGA အဖွဲ့အစည်းမှ LPG ကျွမ်းကျင်ပညာရှင်များ ဖြစ်ကြသည့် Mr.Michael နှင့် Mr.David Tyler တို့က မြန်မာ့ LPG ကဏ္ဍနှင့် ပတ်သက်သည့် ခေါင်းစဉ်များကို အဓိကဆွေးနွေးတင်ပြကြသည်။




ရေနံဓာတ်ငွေ့ရည်သည် ပရိုတိန်းနှင့်ဗျူတိန်းတို့ ပါဝင်သည် အလွယ်တကူသယ်ယူပို့ဆောင်နိုင်ပြီး သန့်ရှင်းသော စွမ်းအင် အရင်းအမြစ်ဖြစ်သောကြောင့် အသုံးများသည့် လောင်စာစွမ်းအင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ရေနံဓာတ်ငွေ့ရည်ထုတ်လုပ်သော်လည်း ဝယ်လိုအားမှာ ရောင်းလိုအားထက် ပိုမိုများပြားသောကြောင့် ရေနံဓာတ်ငွေ့ရည်အား လက်ရှိတွင် ထိုင်းနိုင်ငံမှ ကုန်းလမ်းခရီးဖြင့် တင်သွင်းရလျက်ရှိသည်။

မကြာသေးမီက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ သန်လျင်ရှိ ရေနံဓာတ်ငွေ့ရည်တင်သွင်းသည့် ဆိပ်ကမ်းအား Parami Energy Services သို့ တင်ဒါစနစ်ဖြင့် ငှားရမ်းလုပ်ကိုင်ခွင့်ပြုခဲ့သောကြောင့် ရေနံဓာတ်ငွေ့ရည်အား ပင်လယ်ရေကြောင်းမှ တင်သွင်းနိုင်မည့် အခွင့်အလမ်းများပေါ်ပေါက်လာပြီဖြစ်သည်။ ထို့ပြင်ပင်လယ်ရေကြောင်းမှ တင်သွင်းမည့် ကုမ္ပဏီများမှလည်း ဈေးကွက်သို့ဝင်ရောက်ရန် ပြင်ဆင်လျက်ရှိရာ ပြည်တွင်းရေနံဓာတ်ငွေ့ရည်ဈေးနှုန်းများမှာ တဖြည်းဖြည်း ကျဆင်းလာမည်ဖြစ်ကြောင်း သိရှိရသည်။

ကမ္ဘာ့ LPG အသင်း၏ ဒါရိုက်တာ Mr.David Tyler ကပြောကြားရာတွင် မြန်မာ့ရေနံဓာတ်ငွေ့ရည်ဈေးကွက်ကို စိတ်ဝင်စားမှုရှိပြီး ဘေးအန္တရာယ်ကင်းရှင်းစွာနှင့် ရေရှည်တည်တံ့သည့် ဈေးကွက်တစ်ခု ဖွံ့ဖြိုးတိုးတက်လာစေမည့် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနတို့၏ ကြိုးပမ်းအားထုတ်မှုများကို ကြိုဆိုကြောင်း ပြောကြားသွားသည်။ World LPG Association သည် ၁၉၈၇ ခုနှစ်တွင် တည်ထောင်ပြီး နိုင်ငံပေါင်း ၁၂၅ နိုင်ငံတွင် ရေနံဓာတ်ငွေ့ရည် (LPG) ဈေးကွက်များ ဖွံ့ဖြိုးတိုးတက်စေရန် တက်ကြွစွာ ကြိုးပမ်းလျက်ရှိသည်။ ၁၉၈၉ ခုနှစ်တွင် ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကောင်စီမှ Special Consultative Status ကို ရရှိခဲ့သည်။

**အောင်သူရ**

## မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီက အသိအမှတ်ပြု မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များ တာဝန်ယူဆောင်ရွက်ခြင်းဆိုင်ရာ ရှင်းလင်းဆွေးနွေး

**ရန်ကုန် ဧပြီ ၁**

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ အသိအမှတ်ပြုမှတ်ပုံတင် အင်ဂျင်နီယာ ပညာရှင်လက်မှတ်(PE)၊ မှတ်ပုံတင် အကြီးတန်း အင်ဂျင်နီယာလက်မှတ်(RSE)၊ မှတ်ပုံတင်အင်ဂျင်နီယာ လက်မှတ်(RE) ရရှိထားပြီးသူများအား တည်ဆောက်ရေးလုပ်ငန်းအသီးသီး၌ တာဝန်ယူဆောင်ရွက်ခြင်းဆိုင်ရာ တွေ့ဆုံရှင်းလင်းဆွေးနွေးပွဲကို မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ Function Hall ၌ မတ် ၃၁ ရက်က ကျင်းပရာ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ အမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံရှင်းလင်းဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဝင်များနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ အသိအမှတ်ပြု PE၊ RSE နှင့် RE လက်မှတ်ရအင်ဂျင်နီယာ စုစုပေါင်း ၅၀၀ ကျော် တက်ရောက်ကြသည်။ ရှေးဦးစွာ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဥက္ကဋ္ဌက မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၏ အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကို လည်းကောင်း၊ ဒုတိယ ဥက္ကဋ္ဌ-၂ က မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေ၊ နည်းဥပဒေများနှင့်အညီ မြန်မာနိုင်ငံအတွင်း တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ သတ်မှတ်ထားသည် စည်းမျဉ်း၊ စည်းကမ်းများ လိုက်နာဆောင်ရွက်ရေးကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော (PE)၊ (RSE) နှင့် ( RE) လက်မှတ်ရ အင်ဂျင်နီယာများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဝင်များက မိမိတို့တာဝန်ယူ ဆောင်ရွက်နေကြသည့် ကဏ္ဍအလိုက်အသီးသီး ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

# ချင်းတွင်းမြစ်ဘေးရှိ ကျေးရွာအချို့ သောက်သုံးရေပြတ်လပ်လျက်ရှိ

**ခန္တီး ဧပြီ ၁**

ချင်းတွင်းမြစ် အထက်ပိုင်း ခန္တီးမြို့နယ် အတွင်းရှိ ကျေးရွာများသည် ချင်းတွင်းမြစ်ရေကို အဓိကအမှီပြု နေထိုင်လျက်ရှိရာ တရားမဝင် ရွှေမျော(ရွှေမှော်) များစွာ လုပ်ကိုင်နေခြင်းကြောင့် ရေဆိုးများဝင်ရောက်ကာ ချင်းတွင်းမြစ်ဘေးရှိ ကျေးရွာအချို့သောက်သုံးရေ ပြတ်လပ်လျက်ရှိကြောင်း သိရသည်။

“အရင်တုန်းကတော့ ချင်းတွင်းမြစ်ရေကို ရေစစ်စရာမလိုဘဲ သဘာဝရေအတိုင်း ခပ်ယူပြီး သောက်သုံးရေ အဖြစ် အသုံးပြုခဲ့တယ်၊ ယနေ့အချိန်မှာတော့ တရားမဝင် ရွှေမျောတွေက ချင်းတွင်းမြစ် အတွင်းသို့ လည်းကောင်း၊ မြစ်ဘေးသို့ လည်းကောင်း စည်းကမ်းမဲ့စွာ လုပ်ကိုင်နေခြင်းကြောင့် ချင်းတွင်းမြစ်ရေကို လုံးဝသောက်သုံးလို့ မရတော့ဘူး” ဟု ချင်းတွင်းမြစ်ဘေးရှိကျေးရွာ ဒေသခံတစ်ဦးက ပြောသည်။

အထက်ချင်းတွင်းမြစ် ဘေးရှိ ကျေးရွာများဖြစ်သည့် မှန်ပင်ကျေးရွာ၊ ဖောင်ဆိုင်ကျေးရွာ၊ ကောင်းမှုကျေးရွာ ပဒူးမုန်းကျေးရွာ၊ ရွှေမြင်မိုရ်ကျေးရွာ တို့တွင် တရားမဝင် ရွှေမျောများစွာ လုပ်ကိုင်နေပြီး ၎င်းရွှေမျောများမှ ထွက်လာသော ရေဆိုးများ ချင်းတွင်းမြစ် အတွင်းသို့ စီးဆင်းလာသောကြောင့် ဒေသခံပြည်သူများ သောက်သုံးရေ အခက်ခဲများ ဖြစ်ပေါ်နေရခြင်းဖြစ်ကြောင်း သိရသည်။

**ခေါင်ရည်ချို( နာဂမြေ)**



သောက်သုံးရေ ရရှိရေးအတွက် ချင်းတွင်းမြစ်မှ ရေခပ်ယူ သုံးစွဲနေရသည်ကို တွေ့ရစဉ်။

❖ *ကျောဖုံးမှ*

ပြည်နယ်ဖြစ်ခဲ့ပါကြောင်း။

ယနေ့တွင် စစ်တွေ-ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တောလမ်းပေါ်ရှိ အဓိကကျသော တံတားကြီးငါးစင်းကို ဖွင့်လှစ်ပေးနိုင်ပြီဖြစ်ပါကြောင်း၊ အဆိုပါလမ်းသည် အလွန်အရေးပါသည့်လမ်း ဖြစ်ပါကြောင်း၊ ယင်းတံတား ငါးစင်း ဖွင့်လှစ်ပေးနိုင်သည့်အတွက် စစ်တွေမှ မောင်တောအထိ တစ်ဆက်တစ်စပ်တည်း သွားလာနိုင်ပြီဖြစ်ပါကြောင်း၊ ပြည်နယ်တစ်ခု၊ ဒေသတစ်ခု၊ မြို့နယ်တစ်ခု ဖွံ့ဖြိုးတိုးတက်ရန် အခြေခံ အဆောက်အအုံများဖြစ်သည့် လမ်းတံတား၊ လျှပ်စစ်မီး၊ ဆက်သွယ်ရေး ကောင်းမွန်ရန် လိုအပ်ပါကြောင်း၊ ယနေ့တွင် တံတားငါးစင်း ဖွင့်လှစ်ပေးနိုင်သည့်အပြင် ရသေ့တောင် မြို့နယ်အတွက် ၂၄ နာရီ မီးပေးနိုင်ပြီဖြစ်ပါကြောင်း၊ ပြည်သူများအနေဖြင့် လမ်း၊ တံတား၊ လျှပ်စစ်အထောက်အပံ့များကို အသုံးချပြီး မိမိဘဝတိုးတက်အောင်၊ မိမိမြို့နယ်၊ ပြည်နယ်တိုးတက်အောင် ကြိုးစားကြရန် တိုက်တွန်းပါကြောင်း၊ နိုင်ငံတော်နှင့် ရခိုင်ပြည်နယ်အတွက် ကြီးမားသည့် စိန်ခေါ်မှုများရှိနေသည့် ယခုကာလတွင် မိမိတို့အားလုံး စည်းလုံးရန်၊ ညီညွတ်ရန်၊ သွေးစည်းကြရန် လိုအပ်ပါကြောင်း၊ သွေးစည်း ညီညွတ်သည့် အင်အားဖြင့် ပြဿနာများကို ရင်ဆိုင်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးဟန်ဇော်က ယနေ့သည် ရခိုင်ပြည်နယ်အတွက် မင်္ဂလာရှိသည့် နေ့တစ်နေ့ဖြစ်ပါကြောင်း၊ ပြည်သူလူထုက ရွေးချယ်တင်မြှောက်လိုက်သည့် အစိုးရအဖွဲ့သက်တမ်း နှစ်နှစ်ပြည့်သည့် အခါသမယတွင် ရခိုင်ပြည်နယ်အတွက် အရေးပါသည့် ဘူးသီးတောင်-မောင်တောဒေသကို မော်တော်ကားလမ်းဖြင့် တစ်ဆက်တစ်စပ်တည်း သွားလာနိုင်အောင် ဆောင်ရွက်ခဲ့သည့် လမ်းနှင့် တံတားများပြီးစီးပြီဖြစ်ပါကြောင်း။

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန် လုံခြုံမှုရှိမှသာ ဒေသတွင်းနေထိုင်ကြသည့် တိုင်းရင်းသားညီအစ်ကိုများ၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အခြေအနေများ ကောင်းမွန်လာစေမည်ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်သို့ အခြားပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှ ဝင်ပေါက်လမ်းလေးလမ်းဖြစ်သည့် ရန်ကုန်-စစ်တွေလမ်း၊ ရန်ကုန်-ကျောက်ဖြူလမ်း၊ ငါးသိုင်းချောင်း-ဂွ-သံတွဲလမ်း၊ ကျောက်တော်-ပလက်ဝလမ်းတို့ကို အဆင့်မြှင့်တင်လျက်ရှိပြီး တံတားများကိုလည်း သံကူကွန်ကရစ်တံတားများအဖြစ် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဘူးသီးတောင်-မောင်တောဒေသကို စစ်တွေမှ ရန်ကုန်လမ်းခရီးဖြင့် တစ်ဆက်တစ်စပ်တည်း သွားလာနိုင်အောင် ဦးစားပေးဆောင်ရွက်ပေးခဲ့ပါကြောင်း၊ မောင်တောမြို့နယ်၊ ရသေ့တောင်မြို့နယ်နှင့် တောင်ပြိုလက်ဝဲမြို့များ လမ်းပန်းဆက်သွယ်ရေး လုံခြုံမြန်ဆန်စေရန် မောင်တော-အလယ်သံကျော်-အငူမော်လမ်း၊ မောင်တော-ကြီးကန်းပြင်-ကြိမ်ချောင်း-အောင်သပြေ-ဗန္ဓုလလမ်း၊ မောင်တော(ကြိမ်ချောင်း) တောင်ပြို နယ်စပ်ခြံစည်းရိုး ချဉ်းကပ်လမ်း၊ ရသေ့တောင်-ဘူးသီးတောင်လမ်းများကို စီမံချက်ချမှတ် ဆောင်ရွက်လျက်ရှိပါကြောင်း။

**အမာခံလမ်းအဖြစ်ဖောက်လုပ်လျက်ရှိ**

မောင်တောဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မေယုတောင် အရှေ့ဘက် လမ်းမကြီးဖြစ်သည့် ၄၆ မိုင်၊ ၅ ဖာလုံအရှည်ရှိ ဘူးသီးတောင်-သပိတ်တော်-ညောင်းချောင်း-အောင်ဇေယျ (အငူမော်)လမ်းကို အမာခံလမ်းအဖြစ် ဖောက်လုပ်လျက်ရှိပြီး အဆိုပါ လမ်းတစ်လျှောက်ရှိ ရေပြွန်နှင့် တံတားကြီး၊ ငယ် ၄၉ စင်းကို တစ်ပါတည်း တည်ဆောက်ပေးလျက်ရှိပါကြောင်း၊ တံတားဦးစီးဌာနအနေဖြင့် ရခိုင်ပြည်နယ်တွင် တံတားကြီး ၅၂ စင်း တည်ဆောက်ပြီးဖြစ်ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ရခိုင်ပြည်နယ်အတွင်း ပေ ၁၈၀ နှင့် အထက်တံတား ၁၃ စင်း တည်ဆောက်လျက်ရှိရာ ယနေ့ဖွင့်လှစ်လိုက်သည့် ပေ ၈၈၀ အရှည် ရသေ့တောင်တံတားနှင့်အတူ ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင် လမ်းပေါ်ရှိ သောင်းဒရားချောင်းတံတား ၅၀၀ ပေ၊ ငစံပေါ်တံတား ပေ ၂၁၀၊ ရွာဟောင်းချောင်းတံတား ပေ ၂၈၀၊ စိုင်းဒင်ချောင်းတံတား ပေ ၆၀၀ တို့သည် ပြီးစီးပြီဖြစ်သည့်အတွက် မော်တော်ယာဉ်များ ဖြတ်သန်း အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း ပြောကြား သည်။

ယင်းနောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက နိုင်ငံတော်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထူးသဖြင့် ရခိုင်ပြည်နယ်ကို ဦးစားပေးပြီး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြည်နယ်အစိုးရအနေဖြင့်လည်း ခိုင်မာသည့်စီမံချက်များရေးဆွဲပြီး ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးကို တစ်ပြိုင်တည်း ဆောင်ရွက်နေပါကြောင်း၊ လာမည့်နှစ်များတွင်လည်း ဖွံ့ဖြိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး လုပ်ငန်းစဉ်များ ပိုမိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မိမိတို့အားလုံး စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ တစ်ယောက်နှင့် တစ်ယောက် အပြန်အလှန် ယုံကြည်လေးစားမှုဖြင့် ပူးပေါင်းပါဝင်ရန် အရေးကြီးပါကြောင်း ပြောကြားသည်။

ထို့နောက် ဒေသခံရပ်မိရပ် တစ်ဦးက တံတားတည်ဆောက်ပေးမှုနှင့် ပတ်သက်၍ ကျေးဇူးတင်စကား ပြောကြားသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ယင်းနောက် စစ်တွေ-ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တောလမ်းနှင့် အဆိုပါလမ်းပေါ်ရှိ တံတားငါးစင်း ဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ အမျိုးသား လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှ၊ ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင် စောဝေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက ရသေ့တောင်တံတား ကမ္ပည်းမော်ကွန်းကျောက်စာအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဧည့်သည်တော်များနှင့်အတူ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌသည် ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်တို့နှင့်အတူ စစ်တွေ-ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တောလမ်းနှင့် အဆိုပါ လမ်းပေါ်ရှိ ရသေ့တောင်တံတား၊ သောင်းဒရားချောင်းတံတား၊ ငစံပေါ်တံတား၊ ရွာဟောင်းချောင်းတံတား၊ စိုင်းဒင်ချောင်းတံတား၊ မောင်တော-အငူမော်လမ်းတို့အား မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုသည်။

**သတင်းစဉ်**



အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဖိတ်ကြားထားသူများ စစ်တွေ-ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တောလမ်းပိုင်းရှိ တံတားငါးစင်းဖွင့်ပွဲ ကျင်းပသည့် ရသေ့တောင် ချောင်းတံတားပေါ်မှ ဖြတ်သန်းကြည့်ရှုစဉ်။ သတင်းစဉ်

# ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးတွင် အရေးပါသည့် တံတားငါးစင်းဖွင့်

**ဘူးသီးတောင် မေ ၁**

ရခိုင်ပြည်နယ်ရှိ ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးတွင် များစွာ အရေးပါလှသည့် မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်နှင့် ပုဏ္ဏားကျွန်းမြို့နယ်တို့ကို ဆက်သွယ်ထားသည့် ချောင်းကူးတံတားငါးစင်းကို ယနေ့ နံနက်ပိုင်းက စတင်ဖွင့်လှစ်လိုက်ကြောင်း သိရသည်။

**တည်ဆောက်ထား**

အဆိုပါ တံတားငါးစင်းမှာ စိုင်းဒင်တံတားပေ ၆၀၀၊ ရွာဟောင်းတံတားပေ ၂၈၀၊ ငစံပေါ်တံတားပေ ၂၁၀၊ သောင်းဒရားတံတားပေ ၅၀၀ နှင့် ရသေ့တောင်တံတားပေ ၈၈၀ တို့ဖြစ်ကာ တံတားအမျိုးအစားများမှာ သံကူကွန်ကရစ်တံတားအမျိုးအစားများနှင့် ဘေလီတံတားအမျိုးအစားများဖြစ်ပြီး ဘူးသီးတောင်-ရသေ့တောင်-ပုဏ္ဏားကျွန်း ကားလမ်းပေါ်၌ တည်ဆောက်ထားကြောင်း သိရသည်။

စိုင်းဒင်တံတား ဖွင့်လှစ်ခဲ့မှုနှင့်ပတ်သက်၍ ဖုံညိုလိပ်ကျေးရွာမှ ဦးမောင်သန်းလှိုင်က “အခုလိုတံတားကြီး ဖွင့်လှစ်ပေးတဲ့အတွက် ဝမ်းသာပါတယ်၊ ဒီလိုတံတားကြီး ဖြစ်လာလိမ့်မယ်လို့လည်း မထင်ထားပါဘူး၊ တံတားကြီးဖြစ်ပေါ်လာတဲ့အတွက် ဒေသခံတွေအနေနဲ့ အတိုင်းမသိ ဝမ်းသာဂုဏ်ယူမိပါတယ်၊ အရင်တုန်းက ခရီးသွားရင် ဆိုင်ကယ်ကို လှေပေါ်မှာ တင်ပြီး မြစ်ချောင်းတွေကို ဖြတ်သန်းသွားရပါတယ်၊ အချိန်ကြန့်ကြာမှုလည်း ရှိတယ်၊ ခရီးလည်းမတွင်ခဲ့ဘူး၊ အခုဆိုရင် သွားလာရေး၊ သယ်ယူပို့ဆောင်ရေး၊ ကျန်းမာရေး အရေးကိစ္စတွေအားလုံး အဆင်ပြေသွားပါပြီ၊ အရင်က ကျွန်တော်တို့ရွာကနေ ဘူးသီးတောင်ကိုသွားရင် တစ်နာရီလောက်ကြာတယ်၊ အခုဆို ၁၅ မိနစ်လောက်ပဲ ကြာတော့မယ်၊ တံတားတွေ တည်ဆောက်ပေးတဲ့အတွက် အခုဒီကနေ ရန်ကုန်အထိ တိုက်ရိုက်သွားလို့ရပါပြီ၊ အရင်တုန်းကဆိုရင် စစ်တွေကနေပဲတစ်ဆင့်သွားလို့ရတယ်၊ အခုဒီကနေ ဘယ်ကိုပဲသွားသွား တိုက်ရိုက်သွားလို့ရတဲ့အတွက် လမ်းပန်းဆက်သွယ်ရေးတွေ ပိုမိုကောင်းမွန်လာကာ ကျွန်တော်တို့ ဒေသခံတွေအတွက် လူမှုစီးပွားဘဝတွေ အများကြီး တိုးတက်လာပြီး အကျိုးရှိလာမှာ ဖြစ်ပါတယ်”ဟုပြောသည်။



ဦးမောင်သန်းလှိုင်



မနွယ်နွယ်ဝင်း



မနန်းချယ်ရီ

**လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်**

ယင်းတံတားငါးစင်း ဖွင့်လှစ်နိုင်ခဲ့မှုကြောင့် ဘူးသီးတောင်-ရသေ့တောင်-ပုဏ္ဏားကျွန်းအထိ ကားလမ်းတစ်ဆက်တည်းသွားလာနိုင်မည်ဖြစ်ပြီး ထိုမှတစ်ဆင့် ပြည်ထောင်စုလမ်းမကြီးဖြစ်သည့် ရန်ကုန်-စစ်တွေ ကားလမ်းမကြီးနှင့် ချိတ်ဆက်နိုင်မည်ဖြစ်ရာ ရေလမ်းကြောင်းနှင့် ကုန်းလမ်းကြောင်း နှစ်ခုစလုံးကို အသုံးပြုနိုင်မည်ဖြစ်သည့်အတွက် ဒေသခံများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

**အများကြီးအကျိုးရှိ**

“ကျွန်မတို့ ဒေသခံတွေအတွက် ဒီလိုတံတားကြီးတွေဖွင့်လှစ်ပေးတာ အလွန်ဝမ်းသာမိပါတယ်၊ အရင်က ဘယ်ကိုသွားသွား လှေနဲ့ပဲသွားရတယ်၊ တစ်နေရာနဲ့ တစ်နေရာသွားရင် အချိန်ကြာပြီး အခက်အခဲတွေရှိခဲ့တယ်၊ ဒီတံတားကြီးဖွင့်လှစ်လိုက်တော့ သွားရေးလာရေး အခက်အခဲတွေ မရှိတော့ပါဘူး၊ ကျန်းမာရေးနဲ့ ပတ်သက်ပြီး အရေးအကြောင်းဆိုရင် အရင်က ကျွန်မတို့ရွာကနေ ဘူးသီးတောင်အထိ ဆိုင်ကယ်တစ်ဆင့် လှေတစ်ဆင့်နဲ့ သွားခဲ့ရပြီး အခုဆို ဆိုင်ကယ်နဲ့ ဆေးရုံဆေးခန်းအထိ တိုက်ရိုက်သွားနိုင်တော့ အချိန်ကြန့်ကြာမှုတွေမရှိတော့ဘဲ ကျန်းမာရေးအတွက် အများကြီးအထောက်အကူ ဖြစ်ပါတယ်၊ သွားလာရေးအတွက် အရင်ကစိုးရိမ်မှုတွေ ရှိခဲ့ပေမယ့် အခုဆိုရင် ဒီလိုတံတားကြီးတွေဖြစ်ပေါ်လာတဲ့အတွက် သွားရေးလာရေး အဆင်ပြေချောမွေ့ပြီး စိုးရိမ်မှုတွေလည်း မရှိတော့ပါဘူး၊ ကုန်ပစ္စည်းတွေ ဝယ်ခြမ်းပြီး သယ်တဲ့အခါမှာလည်း လှေတစ်ဆင့် ဆိုင်ကယ်တစ်ဆင့်နဲ့ ဆိုတော့ သယ်ယူရတာ အဆင်မပြေဘူး၊ အခုဆိုရင် တံတားကြီးတွေ ဖွင့်လှစ်လိုက်ပြီဆိုတော့ နောက်ဆို ကျွန်မတို့ရွာဘက်တွေအထိ ကားလိုင်းတွေ ပေါ်လာတော့မှာ ဖြစ်တဲ့အတွက် သွားရေးလာရေး အဆင်ပြေပြီး ဒေသခံတွေအတွက် အများကြီးအကျိုးရှိမှာပါ”ဟု အလယ်ချောင်းကျေးရွာမှ မနွယ်နွယ်ဝင်းက တံတားဖွင့်လှစ်ခဲ့မှုအပေါ် ဝမ်းသာပီတိစကားဆို၏။

*စာမျက်နှာ ၉ သို့*

● *ရွှေဖုံးမှ*

ပုဏ္ဏားကျွန်း-ရသေ့တောင် ဓာတ်အားလိုင်း ၂၂ ဒသမ ၂ မိုင်နှင့် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ရသေ့တောင်ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးသွားသဖြင့် ဖွင့်ပွဲအခမ်းအနား ကျင်းပနိုင်ခြင်းဖြစ်ပါကြောင်း၊ ယခုအခါ ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးပေး နိုင်ရန်အတွက် နိုင်ငံတော်ဓာတ်အားစနစ် ရောက်ရှိပြီးဖြစ် သည့် ၂၃၀ ကေဗွီ ပုဏ္ဏားကျွန်း ပင်မဓာတ်အားခွဲရုံမှ ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တော ၆၆ ကေဗွီ ဓာတ်အားလိုင်း ၆၅ ဒသမ ၁ မိုင် တည်ဆောက်ခြင်း၊ ၂၃၀ ကေဗွီ ပုဏ္ဏားကျွန်း ပင်မဓာတ်အားခွဲရုံတွင် ၆၆ ကေဗွီ Switch Bay တိုးချဲ့ခြင်း၊ ရသေ့တောင်၊ ဘူးသီးတောင်နှင့် မောင်တောမြို့တို့တွင် ၆၆/၁၁ ကေဗွီ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလအတွင်း အပြီးတည်ဆောက်ရန် လျာထားဆောင်ရွက်လျက်ရှိပြီး ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောဒေသ တစ်ခုလုံးကို နိုင်ငံတော်ဓာတ်အားစနစ်မှ ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ယခုစီမံကိန်းကြီးကို အကောင်အထည်ဖော်ဆောင်ရွက် ပေးနေခြင်း ဖြစ်ပါကြောင်း၊ စီမံကိန်းတစ်ခုလုံးအတွက် တည်ဆောက်ရေး ကုန်ကျစရိတ် စုစုပေါင်း ၃၀ ဘီလီယံခန့် ကျခံသုံးစွဲ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ရခိုင်ပြည်နယ်အတွင်း ဓာတ်အားစနစ်မှ ဓာတ်အားမရရှိသေးသည့် ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့နှင့် ပတ်ဝန်းကျင်ဒေသများ အမြန်ဆုံးလျှပ်စစ်ဓာတ်အားရရှိရေး လမ်းညွှန်ချက်အရ စီမံကိန်းလုပ်ငန်းများကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလမှစတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-ရသေ့တောင် ဓာတ်အားလိုင်း ၂၂ ဒသမ ၂ မိုင်၊ ၂၃၀ ကေဗွီ ပုဏ္ဏားကျွန်း ဓာတ်အားခွဲရုံ Switch Bay တိုးချဲ့တည်ဆောက်ခြင်းနှင့် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေရသေ့တောင်ဓာတ်အားခွဲရုံ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့သဖြင့် ရသေ့တောင်မြို့ကို နိုင်ငံတော်ဓာတ်အားစနစ်မှ ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ပါကြောင်း၊ ကျန်ရှိသည့် လုပ်ငန်းများအားလုံးကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ပြီးစီးရန် ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး ရခိုင်ပြည်နယ်အထက်ပိုင်းဒေသကို ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ပါကြောင်း၊ ယခုစီမံကိန်းကြီးနှင့်အတူ ဓာတ်အားဖြန့်ဖြူးရေးလိုင်းနှင့် ထရန်စဖော်မာများကို ဆက်လက်တည်ဆောက်ပေးလျက်ရှိရာ ရသေ့တောင် မြို့ပတ်ဝန်းကျင်ရှိ ကျေးရွာပေါင်း ၁၉၆ ရွာ၊ အိမ်ထောင်စု ၂၈၅၉၄ စု ရှိသည့်အနက် ကျေးရွာ ၂၆ ရွာ၊ အိမ်ထောင်စုပေါင်း ၅၉၁၈ စု၊ ဘူးသီးတောင်မြို့ပတ်ဝန်းကျင်ရှိ ကျေးရွာပေါင်း ၃၃၉ ရွာ၊ အိမ်ထောင်စု ၄၆၁၉၂ စု ရှိသည့်အနက် ကျေးရွာ ၁၁ ရွာ၊ အိမ်ထောင်စုပေါင်း ၁၅၆၆စု၊ မောင်တောမြို့ပတ်ဝန်းကျင်ရှိ ကျေးရွာပေါင်း ၃၄၇ ရွာ၊ အိမ်ထောင်စု ၅၀၀၂၁ စုရှိသည့်အနက် ကျေးရွာ ၁၅ ရွာ၊ အိမ်ထောင်စုပေါင်း ၂၄၂၂ စုတို့ကို နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါကြောင်း၊ ဓာတ်အားရရှိသုံးစွဲနိုင်ခြင်းမရှိသေးသည့် ကျေးရွာများကိုလည်း ဓာတ်အားရရှိသုံးစွဲ နိုင်အောင် ဆက်လက်လုပ်ဆောင်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-ရသေ့တောင်ဓာတ်အားလိုင်း ၂၂ ဒသမ ၂ မိုင်နှင့် ၆၆/၁၁ကေဗွီ၊ ၅ အမ်ဗွီအေ ရသေ့တောင် ဓာတ်အားခွဲရုံ ဖွင့်ပွဲအထိမ်းအမှတ် ဂုဏ်ပြုအမှာစကားပြောကြားပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ အစိုးရသက်တမ်းကာလ နှစ်နှစ်အတွင်း လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ တိုးတက်ဆောင်ရွက်ထားရှိမှု အခြေအနေ Video Clip အားပြသပြီး နိုင်ငံတော်ဓာတ်အားစနစ်မှ နောင်ငါးနှစ်အတွင်း ဓာတ်အား ရောက်ရှိနိုင်ခြင်း မရှိသေးသည့် ရခိုင်ပြည်နယ် ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောနှင့် စနဲဒေသအချို့တွင် အသုံးပြုရန် တစ်အိမ်ထောင်သုံးဆိုလာမီးအိမ် ၄၀၀ ခုအား ACCOR HOTELS GROUP ၏ တာဝန်ရှိသူမှ ပေးအပ်လှူဒါန်းရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ၆၆ ကေဗွီပုဏ္ဏားကျွန်း-ရသေ့တောင်ဓာတ်အားလိုင်း ၂၂ ဒသမ ၂ မိုင်နှင့် ၆၆/၁၁ကေဗွီ၊ ၅ အမ်ဗွီအေ ရသေ့တောင်ဓာတ်အားခွဲရုံဖွင့်ပွဲ အခမ်းအနားကို အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှ၊ ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ ရသေ့တောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေနှင့် ရသေ့တောင်မြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဦးသန်းနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြပြီး ဓာတ်အားခွဲရုံကမ္ပည်းကျောက်စာအား ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားကို ရသေ့တောင်ဓာတ်အားခွဲရုံမှတစ်ဆင့် ရသေ့တောင်မြို့နှင့် ပတ်ဝန်းကျင်ဒေသများသို့ လျှပ်စစ်ဓာတ်အား စတင်ပို့လွှတ်ပေးနိုင်ရန်အတွက် အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့က စက်ခလုတ်နှိပ်၍ ပို့လွှတ်ဖြန့်ဖြူးပေးသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ဓာတ်အားခွဲရုံ Switch Yard နှင့် ဓာတ်အားထိန်းချုပ်ခန်းအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




**အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့က ရသေ့တောင်မြို့နှင့် ပတ်ဝန်းကျင်ဒေသများသို့ လျှပ်စစ်ဓာတ်အား စတင်ပို့လွှတ်ပေးနိုင်ရန်အတွက် စက်ခလုတ်နှိပ်၍ ပို့လွှတ်ဖြန့်ဖြူးပေးစဉ်။** သတင်းစဉ်



**အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့အဖွဲ့ ရသေ့တောင် ဓာတ်အားခွဲရုံအတွင်း လှည့်လည်ကြည့်ရှုစဉ်။** သတင်းစဉ်

**"ရသေ့တောင်မြို့ပတ်ဝန်းကျင်ရှိ ကျေးရွာပေါင်း ၁၉၆ ရွာ၊ အိမ်ထောင်စု ၂၈၅၉၄ စု ရှိသည့်အနက် ကျေးရွာ ၂၆ ရွာ၊ အိမ်ထောင်စုပေါင်း ၅၉၁၈ စု၊ ဘူးသီးတောင်မြို့ပတ်ဝန်းကျင်ရှိ ကျေးရွာပေါင်း ၃၃၉ ရွာ၊ အိမ်ထောင်စု ၄၆၁၉၂ စု ရှိသည့်အနက် ကျေးရွာ ၁၁ ရွာ၊ အိမ်ထောင်စုပေါင်း ၁၅၆၆စု၊ မောင်တောမြို့ပတ်ဝန်းကျင်ရှိ ကျေးရွာပေါင်း ၃၄၇ ရွာ၊ အိမ်ထောင်စု ၅၀၀၂၁ စု ရှိသည့်အနက် ကျေးရွာ ၁၅ ရွာ၊ အိမ်ထောင်စုပေါင်း ၂၄၂၂ စုတို့ကို နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူး ပေးနိုင်မည်"**

*စာမျက်နှာ ၈ မှ*

ရခိုင်ပြည်နယ်အတွင်းရှိ မြို့ရွာများ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေချောမွေ့စေရန်နှင့် ပြည်သူများ ခရီးသွားလာမှုနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လွယ်ကူလျင်မြန်စေရန် ဆောက်လုပ်ရေးဝန်ကြီးဌာနက လမ်းတံတားများ တည်ဆောက်ပေးလျက်ရှိပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဘူးသီးတောင်-ရသေ့တောင်-ပုဏ္ဏားကျွန်းမြို့နယ်အတွင်း တည်ဆောက်ခဲ့သော ပေ ၅၀ နှင့်အထက် တံတားငါးစင်းကို ယခုအခါတွင် တစ်ပြိုင်တည်း ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။

**ဖွံ့ဖြိုးတိုးတက်လာမယ်မျှော်လင့်**

တံတားများ ဖွင့်လှစ်ပေးမှုအပေါ် သရက်ပြင်ကျေးရွာမှ မနန်းချယ်ရီက "ဒီတံတားကြီးတွေ ဖွင့်လှစ်လိုက်တဲ့အတွက် ကျွန်မတို့ဒေသခံတွေအတွက် ပညာရေး၊ ကျန်းမာရေး၊ သယ်ယူပို့ဆောင်ရေးနဲ့ သွားလာရေးတွေ အားလုံး လျင်မြန်ချောမွေ့ပြီး တိုးတက်မှုတွေ ရှိလာမယ်လို့ အများကြီးမျှော်လင့်ပါတယ်၊ အရင်ကရွာမှာ ကျန်းမာရေးတစ်ခုခု ဖြစ်ပြီဆိုရင် လှေတွေနဲ့သွားရတော့ အချိန်ကြာပါတယ်၊ အခုဒီတံတားကြီးတွေ ဖွင့်လိုက်တော့ အချိန်ကြာမှုတွေ လျော့နည်းသွားပြီး သွားလာရတာ ပိုမိုမြန်ဆန်သွားပါတယ်၊ ပညာရေးအတွက်လည်း အထောက်အကူ အများကြီးဖြစ်လာမှာပါ၊ သယ်ယူပို့ဆောင်ရေးဆိုရင်လည်း ဘူးသီးတောင်၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်းမြို့အထိ တိုက်ရိုက်သယ်ယူပို့ဆောင်လို့ရတဲ့အတွက် စီးပွားရေးတွေ ဖွံ့ဖြိုးတိုးတက်လာမယ်လို့ မျှော်လင့်ပါတယ်၊ သွားရေးလာရေးအားလုံး အဆင်ပြေသွားပါတယ်၊ ဒီတံတားကြီးတွေဟာ ကျွန်မတို့ဒေသခံတွေအတွက် အထောက်အပံ့ကောင်းတွေ များစွာပေးမှာပါ၊ ဒီလိုတံတားကြီးတွေ တည်ဆောက်ပေးတဲ့ တာဝန်ရှိသူတွေကိုလည်း အများကြီး ကျေးဇူးတင်ပါတယ်၊ ကျွန်မတို့ ဒေသခံတွေအတွက် လိုအပ်ချက်တွေကိုလည်း ဆက်လက် ဆောင်ရွက်ပေးနိုင်ပါစေလို့ မျှော်လင့်ပါတယ်"ဟု ပြောဆိုသည်။

**လျင်မြန်စွာဆက်သွယ်နိုင်မည်**

ရခိုင်ပြည်နယ် မောင်တောမြို့ ဘူးသီးတောင်မြို့ ရသေ့တောင်၊ ပုဏ္ဏားကျွန်းမြို့နယ်သို့ တစ်ဆက်တစ်စပ်တည်း အချိန်ကြန့်ကြာမှုမရှိဘဲ သွားလာနိုင်မည်ဖြစ်သည့်အပြင် အဆိုပါ လမ်းတံတားများ ဖွင့်လှစ်ပေးမှုကြောင့် ရန်ကုန်မြို့သို့လည်း တိုက်ရိုက်ကုန်စည်ဆင်းစီးမှုများ လွယ်လူလျင်မြန်စွာ ဆက်သွယ်နိုင်မည်ဖြစ်သောကြောင့် ဒေသ၏ လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။

**သတင်းနှင့် ဓာတ်ပုံ-ကျော်သူဝင်း၊ အေးမင်းသူ**



**စစ်တွေ-ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တောလမ်းပိုင်းရှိ အဓိကကျသော တံတားတစ်စင်းဖြစ်သည့် စိုင်းဒင်တံတားဖွင့်ပွဲသို့ လာရောက်သည့် ဒေသခံများကို တွေ့ရစဉ်။**

# ပထမအကြိမ် ပညာရေးသဘောတရားနှင့် လက်တွေ့သင်ကြားရေးဖွင့်ပွဲ အခမ်းအနားကျင်းပ

**ရန်ကုန်  မေ ၁**

ပညာရေးဝန်ကြီးဌာနနှင့် ILBC တို့ ကြီးမှူးကျင်းပသော ပထမအကြိမ် ပညာရေးသဘောတရားနှင့် လက်တွေ့သင်ကြားရေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ILBC ကျောင်း၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ဖောင်တော်ဦးဆရာတော် ဦးနာယက၊ NLD ပညာရေးကွန်ရက်မှ ဦးနေအုပ်(စိန်ပေါ)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့် နှင့် NLD ဗဟိုကော်မတီဝင် ဦးဟန်သာမြင့်တို့က အမှာစကား ပြောကြားကြသည်။



ယင်းနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ပညာရေးသည် ဘုန်းတော်ကြီးသင်ပညာရေးမှ စတင်ခဲ့ပါကြောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းကို ပညာရေးဝန်ကြီးဌာနအနေဖြင့် အလေးထားပါကြောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို မြှင့်တင်ရာတွင် ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့် အညီ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် ယနေ့ ဖွင့်လှစ်သည့် ဘုန်းတော်ကြီးသင်ပညာရေးတွင် သင်ကြားနေသည့် ဆရာ ဆရာမများကို မွမ်းမံသင်တန်းပေးသည့် သင်တန်းဖြစ်သည့်အတွက် အရေးကြီးပါကြောင်း၊ ပညာရေးအရည်အသွေး မြင့်မားစေရေးအတွက် အားလုံး ဝိုင်းဝန်းညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ILBC မှ မန်နေဂျင်း ဒါရိုက်တာ ဦးတင်မောင်ဝင်းက နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး စာရိတ္တဗလာစာအုပ်အလှူရှင် ဦးမြင့်ခိုင်နှင့် ဒေါက်တာနုနုဝင်းတို့က ဗလာစာအုပ် ဒါဇင် ၁၀၀ လှူဒါန်းရာ NLD ပညာရေးကွန်ရက်မှ ဦးနေအုပ်(စိန်ပေါ)က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် ဒဂုံတက္ကသိုလ်သို့ ရောက်ရှိကြပြီး ဒဂုံတက္ကသိုလ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်္ချာဘာသာရပ်နှင့် ဓာတုဗေဒဘာသာရပ် အဖြေလွှာစစ်ဆေးနေမှုများအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ဖောင်တော်ဦးဆရာတော် ဦးနာယကနှင့် ဘုန်းတော်ကြီးသင်ပညာရေးမှ ဆရာတော်များ၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊ NLD ဗဟိုကော်မတီဝင် ဦးဟန်သာမြင့်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့်၊ NLD ပညာရေးကွန်ရက်မှ ဦးနေအုပ်(စိန်ပေါ)၊ ILBC မန်နေဂျင်းဒါရိုက်တာ ဦးတင်မောင်ဝင်းနှင့် သင်တန်းဆရာ ဆရာမများ၊ သင်တန်းတက်ရောက်လာကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဘုန်းတော်ကြီးပညာရေးသင် ဆရာ ဆရာမများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူများတက်ရောက်ကြသည်။ **သတင်းစဉ်**

## ကင်းထောက်ပညာရပ်များဖြင့် ပြည်သူများအား ကူညီစောင့်ရှောက်နိုင်ရန် သင်တန်းများ ဖွင့်လှစ်ပို့ချ

**ရန်ကုန်  မေ ၁**

မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်မှ ကင်းထောက်ပညာရပ်များကို မြို့ပြတွင်သာမက နိုင်ငံအနှံ့ဒေသအသီးသီးအထိ ပြည်သူများအား ကူညီစောင့်ရှောက်ပေးနိုင်ရန် ကင်းထောက်သင်တန်းများ ဖွင့်လှစ်ပို့ချ သင်ကြားပေးရေး အစီအစဉ်အရ ပဲခူးခရိုင်အတွင်းရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား နွေရာသီကင်းထောက်အခြေခံသင်တန်းကို ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့ အမှတ် ၁ အခြေခံပညာအထက်တန်းကျောင်း၌ မတ် ၂၆ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်သင်ကြား ပို့ချခဲ့သည်။



ယင်းအစီအစဉ်အရ ပဲခူးခရိုင် ရှစ်မြို့နယ်မှ ဆရာ ဆရာမ ၄၁ ဦးနှင့် ကျောင်းသား ကျောင်းသူ ၁၅၆ ဦးတို့အား မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ် အမျိုးသားကင်းထောက် အစီအစဉ်မှူးချုပ် ဦးအေးကြိုင်နှင့် လူငယ်အစီအစဉ်မှူးချုပ် ဦးမြင့်ဆွေတို့က မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ ဖွဲ့စည်းမှုနှင့် ကင်းထောက် ကတိ၊ ကျင့်ဝတ်၊ လှုပ်ရှားမှုများ၊ ကမ္ဘာ့ကင်းထောက်အဖွဲ့နှင့် အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ ပူးပေါင်းဆောင်ရွက်မှုများ၊ ကင်းထောက်ရာပြည့်သမိုင်း၊ သီဟကင်းထောက်ကြီး ဦးကျော်က ကင်းထောက်ပညာရပ်များ၊ စခန်းချမီးပုံပွဲနှင့် ကင်းထောက်တေးသီချင်းများ၊ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ နိုင်ငံတွင်း ငြိမ်းချမ်းရေး သံတမန်ညှိနှိုင်းရေးမှူးများ သင်တန်း အတွေ့အကြုံများနှင့် လက်တွေ့အသုံးချ သရုပ်ဖော်လေ့ကျင့်မှုများကို ကင်းထောက်ကြီး ဒေါ်သစ်သစ်ဦးတို့က ဗီဒီယိုမှတ်တမ်းများ၊ သင်ထောက်ကူပစ္စည်းများဖြင့် လက်တွေ့ရှင်းလင်း သင်ကြားပို့ချခဲ့သည်။

ထို့ပြင် ယင်းသင်တန်းတွင် တစ်ချိန်က ကင်းထောက်ကြီးများ ဖြစ်ခဲ့သည့် ကင်းထောက်ကြီး ဦးမောင်မောင်သန်း (၇၅ နှစ်)နှင့် ကင်းထောက်အမျိုးသမီးကြီး ဒေါ်မေမေကြည် (၈၁နှစ်)တို့က ၁၉၅၉ ခုနှစ် ကင်းထောက်သင်တန်း လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ ကင်းထောက်တံဆိပ်များနှင့် အထိမ်းအမှတ်ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့သည်။ **သတင်းစဉ်**

## ဒို့ကျေးရွာဂျာနယ် အတွဲ(၁၅)၊ အမှတ်(၇) အသွင်သစ်ဖြင့် ထုတ်ဝေဖြန့်ချီ

**နေပြည်တော်  မေ ၁**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နှစ်ပတ်တစ်ကြိမ်ထုတ်ဝေလျက်ရှိသည့် ဒို့ကျေးရွာဂျာနယ်ကို ၁-၅-၂၀၁၈ ရက်နေ့ထုတ် အတွဲ(၁၅)၊ အမှတ်(၇)မှစ၍ အသွင်သဏ္ဌာန် အနှစ်သာရပြောင်းလဲကာ ရောင်စုံစာမျက်နှာများဖြင့် ဝေဝေဆာဆာ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

အသွင်သဏ္ဌာန် အနှစ်သာရပြောင်းလဲကာ ထုတ်ဝေလိုက်သည့် ယခု အပတ် ဒို့ကျေးရွာဂျာနယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် နိုင်ငံတကာ မျက်မှောက်ရေးရာ သတင်းများ၊ ကျေးလက်ရသ ကဗျာ၊ ကာတွန်း၊ ဟာသ၊ ဗေဒင်နှင့် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်စသည့် ဗဟုသုတရရှိစေမည့်အကြောင်းအရာများကို သုတရသစုံလင်စွာဖြင့် ဖတ်ရှုရမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




## မြိုင်မြို့နယ် သိမ်းဆည်းခဲ့သည့်မြေဧရိယာများအနက် မူလတောင်သူများလက်ဝယ်သို့(ပုံစံ-၇)များပေးအပ်

**မြိုင်  မေ ၁**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့ နံ့သာမြိုင်ခန်းမ၌ မေ ၁ ရက် နံနက် ၉ နာရီက နည်းပညာသုတေသနဌာန(မြိုင်)မှ ပြန်လည်စွန့်လွှတ်ခဲ့သည့် မြေဧရိယာများ၏ မူလပိုင်ရှင်တောင်သူများထံသို့ (ပုံစံ-၇) များအား ပေးအပ်ပွဲ ပြုလုပ်ကြောင်း သိရသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုတို့က သက်ဆိုင်ရာ တောင်သူများထံသို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ယာယီ) ပုံစံ ၃ များအား ၁၂-၉-၂၀၁၇ နေ့က ပေးအပ်ခဲ့ပြီးဖြစ်သည်။

ယခုအခါ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇) ပေးအပ်ခြင်းဖြစ်ပြီး အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေး ကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ မြိုင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ခင်ဝင်းတို့က မူလပိုင်ရှင်တောင်သူများ လက်ဝယ်သို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် သိမ်းဆည်းခံတောင်သူ ကျေးရွာအုပ်စု လေးအုပ်စုမှတောင်သူ ၂၈၈ ဦးတို့၏ ဦးပိုင် ၄၀၁ စုတို့အတွက် ယာမြေ ၇၅၆ ဒသမ ၄၄ ဧကနှင့် လယ်ဧက ၁၀၀ ဒသမ ၂၉ တို့အား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) များအား တောင်သူများလက်ဝယ်သို့ ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူတို့က ပေးအပ်ကြောင်း သိရသည်။ **စိန်မြိုင် (မြိုင်)**



၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာနှင့် ဗီယက်နမ်အသင်း ယှဉ်ပြိုင်နေစဉ်။

✪ *ကျောဖုံးမှ*

သကြံန်တွင်းလေ့ကျင့်မှုရပ်နားကာ ဧပြီ ၁၉ ရက်မှစ၍ ပြန်လည်လေ့ကျင့်မည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် မေလဆန်းတွင် ပြည်တွင်းခြေစမ်းခရီးစဉ် သွားရောက်မည်ဖြစ်ပြီး တောင်ကြီးနှင့် မန္တလေးမြို့သို့သွားရောက်ကာ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအမျိုးသမီး အသင်းသည် ပြည်တွင်းခြေစမ်းခရီးစဉ်တွင် ခြေစမ်းပွဲ ငါးပွဲကစားရန် စီစဉ်ထားကြောင်း သိရသည်။ မြန်မာအမျိုးသမီးအသင်းသည် ဇွန်လဆန်းတွင် ထိုင်းနိုင်ငံသို့သွားရောက်၍ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ပြိုင်ပွဲမတိုင်မီ အင်ဒိုနီးရှားနိုင်ငံသို့ ကြိုတင်သွားရောက်ကာ အင်ဒိုနီးရှားလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ပြိုင်ပွဲမတိုင်မီ ပြည်တွင်း၊ ပြည်ပခြေစမ်းပွဲ ၁၀ ပွဲအထက် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

၂၀၁၈ အာဆီယံ အမျိုးသမီးပြိုင်ပွဲကို ဇွန် ၃၀ ရက်မှ ဇူလိုင် ၁၃ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု(ခ)တွင် ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ စင်ကာပူတို့နှင့် ကျရောက်နေသည်။ အုပ်စု (က) တွင် ထိုင်း၊ ဩစတြေးလျ၊ မလေးရှား၊ တီမောနှင့် ကမ္ဘောဒီးယားအသင်းတို့ ပါဝင်နေသည်။

**ညီမြတ်သော်တာ**

လှိုင်မြို့နယ်အတွင်း ဖွင့်လှစ်ထားရှိသည့် ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းတို့၏ တာဝန်ရှိသူများအား သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေးနှင့် သက်မပြည့်သေးသည့်လူငယ်များ လာရောက်တည်းခိုမှုမရှိစေရေး မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ လှိုင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ဝင်းနှင့် မြို့မရဲစခန်းမှူး ဒုရဲမှူးသိန်းဆွေမြင့်တို့က မတ် ၂၈ ရက်တွင် မှုခင်းအသိပညာပေး ဟောပြောစဉ်။

မီးမီး(လှိုင်)



# လာဘ်စားခဲ့သည့်တရားရေးဝန်ထမ်းနှစ်ဦးအားအရေးယူ

**နေပြည်တော် ဧပြီ ၁**

ရခိုင်ပြည်နယ် သံတွဲမြို့နေနစ်နာသူက သံတွဲမြို့နယ်တရားရုံး၏ ရာဇဝတ်ကြီးမှု အမှတ် ၁၃၅/၂၀၁၆ အမှုတွင် ကျိုက်ထိုမြို့နယ်တရားသူကြီး (ယခင် သံတွဲမြို့နယ် တရားသူကြီး) ဦးဦးသိန်းထွန်းသည် နစ်နာသူထံမှ လာဘ်ငွေကျပ် ၆၂၇၀၀၀ ကို အလီလီရယူခဲ့ခြင်း၊ တရားခံဘက်မှ ငွေကျပ်သိန်း ၁၀၀ ရယူပြီး အမှုအနိုင်ပေးခြင်း၊ သက်သေထွက်ဆိုချက်များအား ပြင်ဆင်ဖြည့်စွက်ခြင်းတို့ ပြုလုပ်ခဲ့သဖြင့် ဥပဒေနှင့်အညီ အရေးယူပေးပါရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

**စစ်ဆေးပေါ်ပေါက်**

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ မြို့နယ်တရားသူကြီး ဦးဦးသိန်းထွန်းသည် သံတွဲမြို့နယ်တွင် တာဝန်ထမ်းဆောင်စဉ် ရာဇဝတ်ကြီးမှုအမှတ် ၁၃၅/၂၀၁၆အမှု၏ တရားလိုထံမှ ငွေကျပ် ၆၂၇၀၀၀ ကို တောင်းခံရယူခဲ့သည့်အတွက် မြို့နယ်တရားသူကြီး တစ်ဦးအနေဖြင့် လုပ်ပိုင်ခွင့်အာဏာရှိသူက ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ ဆောင်ရွက်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

**တရားစွဲဆိုအရေးယူ**

ယင်းသို့ပေါ်ပေါက်သဖြင့် ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆ အရလည်းကောင်း၊ အထက်တန်းရှေ့နေ ဒေါ်ခင်ချိုဝင်းသည် ရာဇဝတ်ကြီးမှုအမှတ် ၁၃၅/၂၀၁၆ အမှု၏ တရားလိုက မြို့နယ်တရားသူကြီး ဦးဦးသိန်းထွန်းအား စုစုပေါင်းငွေကျပ် ၆၂၇၀၀၀ ပေးခဲ့သည့်အနက် ငွေကျပ် ၄၇၅၀၀၀ ကို တရားလိုထံမှ တောင်းယူပြီး မြို့နယ်တရားသူကြီး ဦးဦးသိန်းထွန်းထံသို့ ပေးခဲ့ခြင်းဖြင့် အားပေးကူညီခဲ့ကြောင်း ပေါ်ပေါက်မှုရှိသည့်အတွက် ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆/၆၃ အရလည်းကောင်း၊ သံတွဲမြို့မြို့မရဲစခန်းတွင် ဧပြီ ၁ ရက်၌ အမှုဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

# မြောင်းမြမြစ်ကူးကြိုးတံတား မြစ်အတွင်းပြတ်ကျမှုကြောင့် ခရီးသွားပြည်သူများနှင့် ကုန်စည်စီးဆင်းမှုအတွက် အခက်အခဲဖြစ်ပေါ်

**မြောင်းမြ ဧပြီ ၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြစ်ကူးကြိုးတံတားကြီးသည် ဧပြီ ၁ ရက်အကူး ၁ နာရီ ၄၅ မိနစ်ခန့်က ရွှေမြစ်တွင်းသို့ ပြတ်ကျသွားရာ မြောင်းမြမြို့နယ်တစ်ခင်လမ်းမှ ဦးအောင်ကြီး၏ ခြောက်ဘီး ယာဉ်တစ်စီးနှင့်အတူ ယာဉ်မောင်း မဲကြီး(ခ) သန့်ဇော်ထိုက်နှင့် ယာဉ်နောက်လိုက် တစ်ဦးတို့ မြစ်ထဲသို့ ပြုတ်ကျသွားခဲ့ကြောင်း သိရသည်။

"ရန်ကုန်ဘက်ကနေ ကြက်စာတင်လာတဲ့ကားပါ၊ တံတားအလယ်လောက် အရောက်မှာ မြောင်းမြဘက်ခြမ်း ချဉ်းကပ်ခုံဘက်က ဆိုင်းကြိုးတွေပြုတ်ပြီး ပြတ်ထွက်သွားတာ ကားပါရေထဲထိုးပါသွားတယ်၊ အရေးပေါ် ရှာဖွေကယ်ဆယ်ရေးတွေလုပ်နေပါတယ်"ဟု မြောင်းမြ မြို့လမ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

အခင်းဖြစ်ပွားရာသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

ယနေ့ညနေ ၅ နာရီခွဲခန့်တွင် တံတားကျိုးကျပြီး မြစ်အတွင်းပါသွားသူ နှစ်ဦးအနက်တစ်ဦးကို အဆိုပါကားအတွင်းမှ သေဆုံးလျက်ပြန်လည်တွေ့ရှိခဲ့ သည်။

၎င်းမှာ အသက် ၃၈ နှစ်ခန့်ရှိ ယာဉ်မောင်းမဲကြီး(ခ) သန်းဇော်ထိုက်ဆိုသူ ဖြစ်ကာ ကားခေါင်းခန်းအတွင်း ပိတ်မိသေဆုံးနေပြီး မှန်ကိုရိုက်ခွဲကာ ထုတ်ယူခဲ့ရကြောင်း ရေငုပ်သမားများထံမှ သိရသည်။ ကျန်ရှိနေသည့် ယာဉ်နောက်လိုက်ဖြစ်သူအား ယနေ့ည ၉ နာရီခန့်အထိ မတွေ့ရှိသေးဘဲ နောက်တစ်နေ့နံနက်မှသာ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များဖြင့် ပြန်လည်ရှာဖွေသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တံတားပျက်စီးမှုကြောင့် ခရီးသွား ပြည်သူများနှင့် ကုန်စည်စီးဆင်းမှုများ ခက်ခဲနှောင့်နှေးမှုများမရှိစေဘဲ သွားလာမှုအဆင်ပြေစေရေး ဇက်ရေယာဉ်သုံးစင်းဖြင့် အခမဲ့စီးနင်းနိုင်ရန် စီစဉ်ဆောင် ရွက်သွားမည်ဖြစ် ကြောင်း တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဦးဝင်းဌေးက ပြောသည်။

မြောင်းမြကြိုးတံတား ပြတ်ကျမှုကိစ္စနှင့် ဆက်နွှယ်၍ ဧရာဝတီတိုင်းအတွင်းရှိ ဝါးခယ်မတံတား၊ ပင်လယ်လေးတံတား၊ မြင်းကဆိပ်တံတားနှင့် ရွှေလောင်းတံတားတို့ကိုလည်း ကြံ့ခိုင်မှုနှင့် ဘေးကင်းစွာသွားလာနိုင်ရေးအတွက် ပြန်လည်စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီးရှိ မြောင်းမြမြို့နှင့် လပွတ္တာမြို့သို့ ပြေးဆွဲနေသော ဒဂုံ-ဧရာအဝေးပြေးဝင်းမှ ခရီးသွားယာဉ်များမှာလည်း ယနေ့ နံနက်စောစောမှစ၍ ကွယ်လွယ်ရွာနှင့် မြစ်တစ်ဖက်ကမ်းရှိ မြောင်းမြမြို့ဘုရားချောင်းရပ်ကွက်တွင် ယာဉ်များရပ်တန့်ကာစက်လှေ၊ သမ္ဗန်တို့ဖြင့် ဖြတ်ကူးသွားလာကြလျက်ရှိသည်။

ဒဂုံ-ဧရာအဝေးပြေးကားဝင်းရှိ မြောင်းမြ၊ လပွတ္တာသို့ ပြေးဆွဲနေသော ယာဉ်လိုင်းပိုင်ရှင် ဦးအောင်ကြီးက "မနက်စောစောကတည်းက အဲဒီသတင်းကြားလို့ မြောင်းမြထိလိုက်သွားတယ်၊ မြစ်တစ်ဖက်ကို ခရီးသည်တွေသွားလာရေး အဆင်ပြေအောင် သမ္ဗန်နဲ့တစ်ဆင့်ပို့ပေးပြီး မြို့ထဲကိုကားလေးနဲ့ ထပ်ပို့ပေးတယ်၊ လပွတ္တာ သွားတဲ့မှန်လုံယာဉ်တွေက ကွယ်လွယ်ရွာ တိုးဂိတ်အဝင် ဇက်ဆိပ်အဟောင်းနေရာမှာ ကားတွေရပ်ပြီး တစ်ဖက်ကမ်းကို စက်လှေ၊ သမ္ဗန်နဲ့ခရီးသည်တွေကို ပို့ပေးပြီးတော့ ရန်ကုန်ကိုလာလို့မရတော့တဲ့ မှန်လုံယာဉ်နဲ့ လပွတ္တာကို ပို့ဆောင်ပေးပါတယ်၊ သင်္ကြန်ကာလမှာ နေရပ်ပြန်တဲ့ ခရီးသည်တွေ၊ ရန်ကုန်တက်ပြီး ကုန်ပစ္စည်းဝယ်တဲ့သူတွေနဲ့ ခရီးသွားတွေ အခက်အခဲ မကြုံအောင်တစ်ခုခုတော့ ဆောင်ရွက်ပေးကြမှာပါ" ဟု ပြော သည်။



လှိုင်သာယာ၊ ဒဂုံ-ဧရာအဝေးပြေးဝင်းမှ မြောင်းမြနှင့် လပွတ္တာသို့ ယာဉ်လိုင်း ၁၄ လိုင်းဖြင့် ပြေးဆွဲလျက်ရှိပြီး လှိုင်သာယာမှ မြောင်းမြသို့ သုံးနာရီ၊လပွတ္တာသို့ လေးနာရီခွဲခန့်မောင်းနှင်ရ ကြောင်းနှင့် မြောင်းမြကြိုးတံတား ကြိုးဆိုင်းများ ပြတ်ကျမှု ကြောင့် ခရီးသွားလာရေးယာယီအခက်အခဲဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။ မြောင်းမြတံတားမှာ ၁၉၉၆ ခုနှစ်က တည်ဆောက်ပြီးစီးခဲ့ပြီး တံတားအရှည် ၁၂၇၀ ပေ ရှိကာ တံတားအကျယ် ၃၈ပေ၊ ယာဉ် သွားလမ်းအကျယ် ၂၈ ပေရှိကာ နာဂစ်ဖြစ်ပြီးနောက်ပိုင်း တံတားခံနိုင်ဝန်ကျဆင်းမှုကြောင့် ခွင့်ပြုတန် ၂၀ သာ ဖြတ်သန်း ခွင့်ပြုထားကြောင်း သိရသည်။

အဆိုပါတံတားကို ယခုကဲ့သို့မြစ်အတွင်းပြတ်ကျသည့်အချိန်အထိ သက်တမ်းမှာ ၂၂ နှစ်ခန့်ရှိပြီဖြစ်သည်။ ပြီးခဲ့သည့် မတ် ၁၁ ရက်ည ၁၀ နာရီမှ မတ် ၁၂ ရက် နံနက် ၇ နာရီအထိ အသေးစားပြုပြင်ခဲ့ပြီး မကြာမီ ဧပြီ ၁ ရက် နံနက်ပိုင်းတွင် ယခုကဲ့သို့ မြစ်အတွင်း ပြတ်ကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အောင်မင်း (မြောင်းမြ)၊ သန်းထိုက်(လှိုင်သာယာ)**

# မြစ်ကြီးနား၌ ရွှေဆိုင်ပိုင်ရှင်အား ဓားဖြင့်ထိုးကာ ရွှေသုံးပိဿာ၊ ငွေကျပ်သိန်း ၂၀၀ နှင့် ကားတစ်စီးလုယက်ထွက်ပြေး

**မြစ်ကြီးနား ဧပြီ ၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့မရပ်ကွက်တွင် ဧပြီ ၁ ရက် နံနက်၉နာရီခန့်က ရွှေဆိုင်ပိုင်ရှင်အား ဓားဖြင့်ထိုးကာ ဆိုင်ခင်းရောင်းချမည့် ရွှေထည်သုံးပိဿာ၊ ငွေကျပ်သိန်း ၂၀၀ နှင့် ဆိုင်ပိုင်ရှင်၏ ကားကိုမောင်းနှင်ထွက်ပြေးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။




ဖြစ်စဉ်မှာ မြစ်ကြီးနားမြို့ မြို့မရပ်ကွက် ရတနာလမ်းရှိ ဆိုင်ခန်းအမှတ် ၉၁/၉၂ တွင် ဖွင့်လှစ်ထားသည့် "ကျော်မြန်မာ" ရွှေရတနာရောင်းဝယ်ရေး ဆိုင်ခန်းပိုင်ရှင် ဦးကျော်ထွန်း (၄၄ နှစ်) သည် ဆိုင်ဖွင့်ရန် ဆိုင်ခန်းတံခါးသော့အား ဖွင့်ပြီးအထဲသို့ ဝင်ရောက်စဉ် မိုးကာအင်္ကျီဝတ်ဆင်ထားသူ အမျိုးသားနှစ်ဦးမှ အတူ ဝင်ရောက်၍ ဦးကျော်ထွန်းအား ဓားဖြင့် ထောက်ကာ ဆိုင်ခန်းအတွင်းရှိ အိမ်သာထဲတွင် သော့ခတ်ထားပြီး ဆိုင်တွင်ခင်းကျင်းရောင်းချမည့် ရွှေထည်ပစ္စည်း သုံးပိဿာထည့်ထားသည့်အိတ်နှင့် ငွေကျပ်သိန်း ၂၀၀ ထည့်ထားသည့်အိတ်ကို ယူဆောင်ပြီးနောက် ဦးကျော်ထွန်းကိုလည်း ဓားဖြင့်ထိုးခဲ့သဖြင့် ဒဏ်ရာရရှိကာ မြစ်ကြီးနား ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေကြောင်း သိရသည်။

အဆိုပါ လုယက်မှုကျူးလွန်သူ အမျိုးသားနှစ်ဦးမှာ ဦးကျော်ထွန်းစီးနင်းလာသည့် BELTA အမျိုးအစား 4G/--- မော်တော်ယာဉ်ကို မောင်းနှင်ထွက်ပြေးသွားကြောင်း သိရှိရသဖြင့် မြစ်ကြီးနားမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဦး ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များ၊ မှုခင်းသတင်းရဲတပ်ဖွဲ့ဝင်များ၊ အထူးစုံစမ်းစစ်ဆေးရေးတပ်ဖွဲ့ဝင်များနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များက အမြန်ဆုံးဖော်ထုတ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

**ဝင်းနိုင်(ကချင်မြေ)**

# ဇဖဲမြို့နယ်၌ တရားမဝင်ခိုးဝင်လာသူ နှစ်ဦးနှင့် ပို့ဆောင်ပေးသူတစ်ဦး ဖမ်းဆီးရမိ

**ဇဖဲ ဧပြီ ၁**

ဇဖဲမြို့နယ် ကျောင်းတွင်းရပ်ကွက် အားကစားကွင်းအနောက်ဘက်တွင် မတ် ၃၁ ရက် ည ၉ နာရီကျော်က မန်းတမံဘက်မှ ဇဖဲမြို့ဘက်သို့ ခိုးဝင်မောင်းနှင်လာသည့် ဆိုင်ကယ်ကယ်ရီသမားနှင့် တရားမဝင်ခိုးဝင်လာသူ နှစ်ဦးတို့အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းထွန်း၊ မြို့နယ်မှူး ရဲမှူးသန်းလွင်ပါ ပူးပေါင်းအဖွဲ့သည် မတ် ၃၁ ရက် ည ၉နာရီကျော်တွင် မန်းတမံဘက်မှ ဇဖဲမြို့ဘက်သို့ လာသည့်ကားလမ်း၌ ကျောင်းတွင်းရပ်ကွက်ရှိ အားကစားကွင်းအနောက်ဘက်ထိပ် အရောက်တွင် မန်းတမံဘက်မှမောင်းနှင်လာသည့် ဆိုင်ကယ်နှစ်စီးအား တွေ့ရှိရသဖြင့် စစ်ဆေးခဲ့သည်။

**ဖမ်းဆီးရမိ**

ထိုသို့ စစ်ဆေးစဉ် ဆိုင်ကယ်တစ်စီးမှာ မြေပေါ်လှဲကာ ဆိုင်ကယ်ပေါ်မှ လူသုံးဦး တောထဲသို့ထွက်ပြေးသွားပြီး ကျန်တစ်စီးမှာ မောင်းနှင်ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးရာ အားကစားကွင်းအနောက်ဘက် ၁ ဖာလုံခန့်အကွာတွင် နံပါတ်မပါ ဆိုင်ကယ်တစ်စီးနှင့်အတူ ဆိုင်ကယ်ကယ်ရီမောင်းနှင်သူ ကျော်ကြီး (၃၇ နှစ်) ကျောင်းကုန်းကျေးရွာ ဇဖဲမြို့နယ်နေသူနှင့် ချာရာဆော်ဒိန် (ခ)ကျော်မောင် (၁၈ နှစ်) နှင့် ကာလာယာ (ခ) ကျော်နိုင် (၂၀ နှစ်) ပေါက်တောပြင်ကျေးရွာ ကျောက်တော်မြို့နယ်နေသူတို့အား ဖမ်းဆီးရမိခဲ့သည်။

ပူးပေါင်းအဖွဲ့မှ တားဆီးစဉ်ထွက်ပြေးသွားသည့် လူသုံးဦးထားရှိခဲ့သည့် နံပါတ်မပါ ဆိုင်ကယ်အား သိမ်းဆည်း၍ ထွက်ပြေးသွားသူများကို ရှာဖွေစစ်ဆေးလျက်ရှိကြောင်းနှင့် တရားမဝင်ခိုးဝင်လာသူ နှစ်ဦးနှင့် ပို့ဆောင်ပေးသူ ကျော်ကြီးတို့အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သန်းနိုင်ဦး(ဇဖဲ)**






စစ်တက္ကသိုလ်အမှတ်စဉ် (၂၉) မှ ကျောင်းဆင်းပုလဲရတုမြောက်နှစ် အထိမ်းအမှတ်အဖြစ် မေ ၁ ရက်က ရန်ကုန်မြို့ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၌ ထာဝရငွေပဒေသာပင်ငွေကျပ် ၁၀ သိန်းပေးအပ်လှူဒါန်းစဉ်။

(မြန်မာ့အလင်း)

## နေပြည်တော်ကောင်စီနယ်မြေ၌ လေပြင်းတိုက်ခတ်ပြီး မိုးရွာသွန်းမှုကြောင့် အဆောက်အအုံများနှင့် ဓာတ်တိုင်များလဲကျပျက်စီး

**နေပြည်တော် မေ ၁**

နေပြည်တော်ကောင်စီနယ်မြေတွင် မတ် ၃၁ ရက် ညနေ ၅ နာရီ ၄၅ မိနစ်က လေပြင်းတိုက်ခတ်ပြီး မိုးရွာသွန်းမှုကြောင့် အဆောက်အအုံများနှင့် ဓာတ်တိုင်များလဲကျ ပျက်စီးခဲ့ရာ ဇမ္ဗူသီရိမြို့နယ်၊ ရုံးအမှတ်(၄၅)ရှိ အပေါ်ဆုံးထပ်မှူခင်းရဲတပ်ဖွဲ့မှူးရုံး အရှေ့ဘက်ခြမ်းရှိ အလူမီနီယံပေါင်ကွပ်မှန်နံရံနှင့် မျက်နှာကြက်များကွာကျပျက်စီးခဲ့ကြောင်း သိရသည်။

ထို့အတူ နေသိဒ္ဓိရပ်ကွက် တိုက်အမှတ် (၁၃၀၈/၁၃၀၉/၁၃၁၂/၁၃၂၈)တို့တွင် သွယ်တန်းထားသော ဓာတ်တိုင်လေးတိုင်နှင့် ဓာတ်တိုင် ၄၃ တိုင် လဲကျခဲ့သဖြင့် စုစုပေါင်းဓာတ်တိုင် ၄၇ တိုင် ပျက်စီးခဲ့သည်။

အလားတူ ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ရုံး ရှေ့ရှိ ခြံစည်းရိုး အုတ်ရိုးတစ်ကန့်နှင့် သံပန်းသုံးကန့်၊ သစ်ကိုင်းများ ကျိုးကျမှုကြောင့် စက်မှုဝန်ကြီးဌာနပိုင် 6I/.... Grand Tiger ယာဉ်ရှေ့ခေါင်းခြမ်းပျက်စီး၊ ကျန်းမာရေးဝန်ကြီးဌာနပိုင် D/... Toyota ယာဉ်နောက်လေ ကာမှန်ကွဲ၊ နောက်ခြမ်း ပျက်စီးခဲ့သည်။

ထို့ပြင် Police Box ရှစ်လုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ နေအိမ်ခြံစည်းရိုးတစ်ကန့်၊ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း မြားပစ်ကွင်းတံခါး၊ ဆိုင်းဘုတ်များ လဲကျပျက်စီးခဲ့သည်။

ထို့ပြင် လေ့ကျင့်ရေးကွင်း (၃) ပွဲကြည့်စင် ပြိုကျခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ကားပါကင် အမိုးလန်ပျက်စီးခြင်း၊ နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံ လူနာဆောင် အမိုးလန်ပျက်စီးခြင်း၊ ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်းမကြီးပေါ်ရှိ Police Box တစ်လုံး၊ ဥတ္တရသီရိမြို့နယ်၊ ဥတ္တရသီရိရပ်ကွက်ရှိ Police Box သုံးလုံး လဲကျပျက်စီးခဲ့ကြောင်း သိရှိရသည်။

အလားတူ ပုဗ္ဗသီရိမြို့နယ်၊ ဘဲကုန်းကျေးရွာနေရောင်ပြအင်းရှိ နေရောင်ပြအင်းဘုရားထီးတော်မှ စိန်ဖူးတော်မှာ ကျိုးကျပြီး ငှက်မြတ်နားတော်၊ ဘုံသုံးဆင့်ဟင်္သာရုပ်နှင့် ပန်းလည်တိုင်တို့ အောက်သို့ ပြုတ်ကျခဲ့ကြောင်း၊ ညောင်ပင်ကြီးစုကျေးရွာအုပ်စုရှိ ခြောက်လုံးတန်းအိမ်ရာအနီး နောက်ကျောရှိ ဓာတ်တိုင်လေးတိုင်လဲကျပြီး နှစ်တိုင်ယိုင်နဲ့ခဲ့ကြောင်းနှင့် ပျဉ်းမနားမြို့ ရန်အောင် ၁ ရပ်ကွက်၊ မြို့နယ်တရားရုံး ပေါက်လမ်းဘေးရှိ ကွန်ကရစ်လျှပ်စစ် ဓာတ်တိုင်နှစ်တိုင်မှာ လဲကျပျက်စီးခဲ့ကြောင်း ပဏာမစိစစ်မှုအရ သိရှိရသည်။

**သတင်းစဉ်**

## ၁၆ မိုင် စစ်ဆေးရေးစခန်း၌ ရှေးဟောင်းပုရပိုက်များ၊ ရှေးဟောင်းဘုရားများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**မန္တလေး မေ ၁**

မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာ ၁၆ မိုင်စစ်ဆေးရေးစခန်း၌ မတ် ၃၁ ရက် ည ၇နာရီ ၁၅ မိနစ်က မန္တလေးအကောက်ခွန်ဦးစီးဌာန ဒုတိယအကောက်ခွန်မှူး ဦးအောင်စိုးသန့်နှင့် ဒုရဲအုပ်ခင်မောင်မြင့်ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းများသည် မန္တလေးမြို့မှ နောင်ချိုမြို့ဘက်သို့ ယာဉ်မောင်းမင်းဇော် မောင်းနှင်သည့် 8F/--- နီဆန်းဒီဇယ် ၁၂ ဘီးယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာမပါရှိဘဲ ရှေးဟောင်းကြေးပုရပိုက်ဟု ယူဆရသော ပုရပိုက် ၆၉ ခု၊ ရှေးဟောင်းဘုရားဆင်းတုတော် ၄ ဒသမ ၅ လက်မခန့်တစ်ဆူ၊ ခြောက်လက်မခန့်တစ်ဆူ၊ ရှေးဟောင်းကြေးလက်ကောက် နှစ်ကွင်း၊ ပုရပိုက်အခင်းရောင်စုံ အထည် ၅၃ ထည်၊ ပုရပိုက်ချည်ကြိုး တစ်ခွေလျှင် သုံးပေခန့်ရှိ ၂၄ ခွေ၊ တန်ဖိုးစိစစ်ဆဲတို့ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဖမ်းဆီးရမိသောယာဉ်နှင့်ရှေးဟောင်းဆက်စပ်ပစ္စည်းများကို မန္တလေးအကောက်ခွန်ဦးစီးဌာနသို့ပို့အပ်၍ အကောက်ခွန် ဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ပြီး တရားမဝင်သယ်ဆောင်လာသော မင်းဇော် (၄၀)နှစ်ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာ အမှတ်(၆)ရပ်ကွက်နေသူအား ရှေးဟောင်းဝတ္ထုပစ္စည်းများကာကွယ်ထိန်းသိမ်းရေးဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ် ကြောင်း ဒုရဲအုပ်ဇော်ဇော်ထံမှ သိရသည်။

**အောင်စံမောင်**



## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၁**

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မိုး/ဇလ

# မြန်မာ့ရုပ်မြင်သံကြား

၂-၄-၂၀၁၈ (တနင်္လာနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၃၅ - MRTV Travelogue
- ၈း၃၅ - **နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု(၂)နှစ်ပြည့် မိန့်ခွန်း** (နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်)
- ၈း၄၅ - နိုင်ငံတော် အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ တစ်နှစ်တာ (ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန)
- ၁၁း၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၅း၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ **ကြယ်စင်ခတဲ့နှလုံးသား** (အပိုင်း-၅၁)

**ညပိုင်း**

- ၁၇း၂၀ - သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် **အသည်းကွဲပါတီ** ခန့်စည်သူ၊ ဇေရဲထက်၊ ထွန်းထွန်း၊ မျိုးသန္တာထွန်း၊ ရွှေမှုံရတီ၊ ရွှေပိုးအိမ် (ဒါရိုက်တာ-ညီညီထွန်းလွင်)
- ၁၇း၅၀ - **အေးချမ်းပျော်ရွှင် မဟာသင်္ကြန်တွင်** (အပိုင်း-၁)
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **အစမ်းသပ်ခံအချစ်** (အပိုင်း-၃၁)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ (ပြည်ထောင်စုရာထူးဝန်အဖွဲ့၏(၂)နှစ်တာဆောင်ရွက်ချက်များ)
- နိုင်ငံခြားဇာတ်လမ်းတွဲ **တရားရှင်နှင့်ဓားဘုရင်** (သစ္စာတည်သော စစ်သူကြီး) (အပိုင်း-၃)
- မျက်မှောက်ရေးရာ သုံးသပ်စရာ
- နိုင်ငံခြားဇာတ်လမ်းတွဲ **အေးအတူပူအမျှ** အပိုင်း(၃၁)

## စာပေမြင့်မှ လူမျိုးတင့်မည်

# ဟံသာဝတီနှင့် ဇွဲကပင်အနိုင်ရပြီး အသင်းကြီးများရှုံးနိမ့်

**ရန်ကုန် မေ ၁**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၉) နောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ ဟံသာဝတီနှင့် ဇွဲကပင်အသင်းတို့ နိုင်ပွဲရခဲ့ပြီး ရတနာပုံနှင့် ရောဝတီအသင်း ရှုံးပွဲကြုံတွေ့ခဲ့သည်။

မန္တလာသီရိကွင်း၌ ကျင်းပသော ပွဲတွင် ဟံသာဝတီအသင်းက အိမ်ရှင် ရတနာပုံအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အသင်းခေါင်းဆောင် ရဲကိုဦး ပွဲပယ်ခံထားရသည့်အပြင် မျိုးကိုထွန်းနှင့် နေမျိုးအောင်တို့ ဒဏ်ရာရနေသောကြောင့် ရတနာပုံအသင်းသည် ပွဲထွက် လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်ခဲ့ပြီး ပြည့်စုံနိုင်၊ တလွန်ဟုတ်ထန် တို့ကို ပွဲထွက်လူစာရင်းတွင် အသုံးပြုခဲ့သည်။ ကျန်းမာရေးအခြေအနေကြောင့် ကြံ့ခိုင်မှု မပြည့်ဝသည့် စည်သူအောင်ကို ဒုတိယပိုင်းမှ အသုံးပြုခဲ့သည်။

ဟံသာဝတီအသင်းသည် ပထမပိုင်းတွင် အဝေးကန်ချက်များဖြင့် အဓိက တိုက်စစ်ဆင်ခဲ့ပြီး ဂိုးရရှိအောင် မစွမ်းဆောင်နိုင်၍ ပထမပိုင်းအပြီးတွင် ဂိုးမရှိ သရေကျနေသည်။ ဒုတိယပိုင်းတွင် ရတနာပုံအသင်းက တိုက်စစ်အားမြင့်လာခဲ့ပြီး ဟံသာဝတီအသင်းက တန်ပြန်တိုက်စစ်ဖြင့် ကစားခဲ့သည်။ ၅၈ မိနစ်တွင် ဟံသာဝတီအသင်းဂိုးရခဲ့ပြီး ထက်လင်းလင်းက သွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရသော်လည်း ရတနာပုံအသင်း အပြောင်းအလဲမလုပ်နိုင်ဘဲ ဟံသာဝတီအသင်းကသာ ဂိုးရနိုင်သည့် အခွင့်အရေးများ ထပ်ရခဲ့သည်။ မိနစ် ၇၀ နောက်ပိုင်းတွင် ရတနာပုံအသင်း ပြန်ဖိကစားလာနိုင်ပြီး ၇၇ မိနစ်တွင် ဝင်းနိုင်ထွန်း၏ ဖန်တီးပေးမှုမှတစ်ဆင့် ဂိုးသမားမရှိသည့်ဂိုးပေါက်သို့ မြတ်ကောင်းခန့် ကန်သွင်းခဲ့သော်လည်း ဟံသာဝတီနောက်ခံလူ ဖျက်ထုတ်နိုင်ခဲ့၍ နစ်နာခဲ့ရသည်။ ၇၉ မိနစ်တွင် ရတနာပုံအသင်း ချေပဂိုးပြန်ရခဲ့ပြီး စည်သူအောင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ သရေကျပြီး နောက်ပိုင်းတွင် ပွဲမှာ အပြန်အလှန်ရှိလာခဲ့ပြီး ဟံသာဝတီအသင်းအတွက် အနိုင်ဂိုးကို ၈၆ မိနစ်တွင် ဂျိုးဇက်က အဝေးမှ ကန်သွင်းယူခဲ့သည်။

အောင်ဆန်းကွင်း၌ ကျင်းပသည့်ပွဲတွင် ဇွဲကပင်အသင်းက ရောဝတီအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရောဝတီအသင်းသည် ရှုံးပွဲထပ်မံတွေ့ခဲ့သောကြောင့် ဖိအားများသွားခဲ့ပြီး အဆင့် ၉ နေရာသို့ ဆင်းပေးခဲ့ရသည်။ ဇွဲကပင်အသင်းသည် ယခုပွဲနိုင်ပွဲကြောင့် အမှတ်ပေးဇယား အဆင့် ၆ နေရာအထိ တက်လှမ်းသွားနိုင်ခဲ့သည်။ ဇွဲကပင်အသင်းအတွက် အနိုင်ဂိုးများကို ၅၈ မိနစ်တွင် သန်းထက်အောင်၊ ၇၁ မိနစ်တွင် စိုင်းမင်းထွန်း၊ ၉၀+၁ မိနစ်တွင် ရန်ကျော်ထွေးတို့က သွင်းယူခဲ့သည်။

ပွဲစဉ် (၉) အပြီးတွင် ရန်ကုန်အသင်းက ၂၂ မှတ်ဖြင့် ထိပ်ဆုံးမှ ဆက်လက်ဦးဆောင်လျက်ရှိပြီး မကွေးနှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ၁၇ မှတ်စီ၊ ရတနာပုံအသင်းနှင့် ဟံသာဝတီအသင်းက ၁၅ မှတ်စီ၊ ဇွဲကပင်အသင်းက ၁၃ မှတ်၊ ရခိုင်အသင်းက ၁၁ မှတ်၊ Southern အသင်းက ၁၀ မှတ်၊ ရောဝတီနှင့် စစ်ကိုင်းအသင်းတို့က ကိုးမှတ်စီ၊ GFA အသင်းက ခုနစ်မှတ်၊ မြဝတီ အသင်းက နှစ်မှတ်ရထားသည်။

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**



ရတနာပုံတောင်ပံကစားသမား ပြည့်စုံနိုင်၏ ဂိုးသွင်းရန် ကြိုးပမ်းမှုကို ဟံသာဝတီဂိုးသမား ကိုကိုနိုင်ကာကွယ်နေစဉ်။

# ဖူဆယ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲများ ယနေ့ကျင်းပမည်

**ရန်ကုန် မေ ၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် MFF Open Cup ဖူဆယ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို မေ ၂ ရက် (**ယနေ့**) မွန်းလွဲပိုင်း အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်သည်။

ဆီမီးဖိုင်နယ်ပွဲများအဖြစ် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် MIC အသင်းနှင့် RDZ အသင်း၊ မွန်းလွဲ ၁၂ နာရီခွဲတွင် Titans XII အသင်းနှင့် VUC အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဆီမီးဖိုင်နယ်ရောက်ရှိလာသည့်အသင်းများတွင် RDZ အသင်းသာ မျက်နှာသစ်အသင်းအဖြစ် ပါဝင်လာပြီး ကျန်သုံးသင်းမှာ ဖူဆယ်လိဂ် ပြိုင်ပွဲ ယှဉ်ပြိုင်နေသည့်အသင်းများဖြစ်သည်။ ဖူဆယ်လိဂ် ပြိုင်ပွဲတွင် ထိပ်တန်းအဆင့်ရပ်တည်နေသည့် MIC အသင်းနှင့် VUC အသင်းသည် ယခုပြိုင်ပွဲတွင်လည်း ခြေစွမ်းပြနေပြီး အသင်းဖျက်သိမ်းသွားသည့် PU အသင်းမှ ကစားသမားများကို ခေါ်ယူထားသောကြောင့် ပြီးခဲ့သည့်နှစ်များထက် အင်အားပိုမိုတောင့်တင်းလျက်ရှိသည်။ ပုံစံကောင်းပြသထားသည့်အသင်းများ တွေ့ဆုံနေသောကြောင့် ဆီမီးဖိုင်နယ်နှစ်ပွဲစလုံး ပွဲကောင်းများဖြစ်လာဖွယ်ရှိသည်။

**ရဲရင့်ရှိုင်း**


# စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

နေပြည်တော်နေ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ
ဒုတိယဗိုလ်ချုပ်ကြီး သီရိပျံချီ စိုးထွဋ်+ဒေါ်နီလာစိန်တို့၏ သားကြီး
**ဒေါက်တာ မင်းသန်းထွဋ် @ သော်သော်**
M.B.,B.S (Ygn)
**Master in Business Administration (Northampton University, England)**
**CEO & Founder (H Double H Capital Group of Companies Ltd.)**

နှင့်

ရန်ကုန်မြို့နေ
ဦးမြင့်စိုး+ဒေါ်လီလီဝင်း
(ရွှေပြည့်စုံရွှေဆိုင်၊ ဗိုလ်ချုပ်အောင်ဆန်းဈေး)တို့၏ တစ်ဦးတည်းသောသမီး
**မသင်းရတီဆု**
**Master in Business Administration (Assumption University, ABAC)**

တို့၏ ၁၀-၃-၂၀၁၈ ရက် (စနေနေ့)တွင် ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာမော်ကွန်းတင်အခမ်းအနားတွင် လက်မှတ်ရေးထိုးပေးပါသော ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးအားလည်းကောင်း၊ ၁-၄-၂၀၁၈ ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့၊ ကုန်းမြင့်သာ၊ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်သည့် စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာဧည့်ခံပွဲ အခမ်းအနား၌ စုလျားရစ်ပတ်လက်ထပ်ပေးပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဒုတိယသမ္မတ သရေစည်သူ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဒုတိယသမ္မတ(ငြိမ်း) သရေစည်သူ ဦးညဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်တို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ(ငြိမ်း) အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်းအားလည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်(ငြိမ်း) ဗိုလ်ချုပ်ကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွဲ့အားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးများ၏ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများအားလည်းကောင်း၊ အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အငြိမ်းစား ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ စစ်ဘက်၊ နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများနှင့်ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော် တေးသီချင်းသီဆိုပေးပါသော နိုင်ငံကျော် သမီး မူမူသိန်း စောင်းအဖွဲ့၊ အဆိုတော် ခင်မောင်ထူး တေးဂီတအဖွဲ့နှင့် နိုင်ငံကျော်တေးသံရှင်များ၊ မင်္ဂလာပန်းကြဲပေးပါသော မမေလှဲ့ယဉ်ထွန်းနှင့် မသင်းမြတ်နိုးလင်း၊ မင်္ဂလာပန်းကလပ်နှင့် မင်္ဂလာလက်စွပ်ကလပ်များ ကိုင်ဆောင်ပေးပါသော မသန့်ညိုစောနှင့် မမေရတနာထွန်း၊ မင်္ဂလာအရံများအဖြစ် ဆောင်ရွက်ပေးကြပါသော ဒေါက်တာ စိုးမင်းထွဋ်၊ ဒေါက်တာ သန့်ဇော်ဝင့်၊ မမေသဲကိုနှင့် မမြသူဇာခင်တို့အားလည်းကောင်း၊ မိတ်ကပ်နှင့်ဆံပင်အလှဆင်ပေးပါသော မေဦးမောင် (တော်ဝင်သူ)အဖွဲ့အားလည်းကောင်း၊ ဝတ်စုံများချုပ်လုပ်ပေးပါသော ဒီဇိုင်နာ မျိုးမင်းစိုးတို့အားလည်းကောင်း၊ ပန်းအလှဆင်ပေးပါသော မာမီကျော်(မလေးရှား)နှင့်အဖွဲ့သားများ၊ ဗီဒီယို၊ ဓာတ်ပုံမှတ်တမ်းတင်ပေးပါသော နိုင်နိုင်ထွန်း(Exposure)နှင့်အဖွဲ့သားများ၊ အကျွေးအမွေးဖြင့် တည်ခင်းဧည့်ခံပေးပါသော ဦးစိန်ဝင်း(ထူးထက်စျာန်)နှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာကိစ္စအဝဝကို စီစဉ်ဆောင်ရွက်ပေးပါသော Wedding Planning Signature အဖွဲ့အားလည်းကောင်း၊ ၁-၄-၂၀၁၈ ရက် ညနေပိုင်းတွင် Lotte Hotel ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာညစာ စားပွဲအတွက် အစစအရာရာ ကူညီဆောင်ရွက်ပေးပါသော မန်နေဂျာနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးပါသော တရုတ်ကြီးဖိတ်စာ(မန္တလေး)အား လည်းကောင်း၊ မင်္ဂလာပွဲအား အစစအရာရာ အဆင်ပြေချောမွေ့အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများ၊ နှစ်ဖက်သော ဆွေမျိုးမိတ်ဆွေ သင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သည့်ပုဂ္ဂိုလ်များအားလုံးတို့ကို နှစ်ဖက်သောမိဘများနှင့် သတို့သား၊ သတို့သမီးတို့မှ လှိုက်လှိုက်လှဲလှဲ ကျေးဇူးဥပကာရ အထူးတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**ဒေါက်တာ မင်းသန်းထွဋ်+မသင်းရတီဆု**

# အမေရိကန်နှင့် တောင်ကိုရီးယားတို့ စစ်ရေးလေ့ကျင့်မှုစတင်

**ဆိုးလ် မေ ၁**
အမေရိကန်ပြည်ထောင်စုနှင့် တောင်ကိုရီးယားတို့သည် ၎င်းတို့၏ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို မေ ၁ ရက်က စတင်ခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်း တစ်ရပ်တွင် ဖော်ပြခဲ့သည်။

အဆိုပါ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို နှစ်စဉ် ဖေဖော်ဝါရီလ သို့မဟုတ် မတ်လတွင် စတင်ကျင်းပမြဲဖြစ်ကြောင်း သိရသည်။ သို့သော်လည်း ယခုနှစ် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ပြုံချမ်းဆောင်းရာသီအိုလံပစ်နှင့် မသန်စွမ်းအားကစားပြိုင်ပွဲများကြောင့် သတ်မှတ်ချိန်ထက် နောက်ကျခဲ့ကြောင်း သိရသည်။

အဆိုပါပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် Foal Eagle ကွင်းပြင်လေ့ကျင့်မှုများလည်း ပါဝင်သည်။ Foal Eagle ကွင်းပြင်လေ့ကျင့်မှုများတွင် မရိမ်းတပ်ဖွဲ့များ၏ ကမ်းတက်တိုက်ခိုက်မှုများလည်း ပါဝင်သည်။ ပူးတွဲစစ်ရေးလေ့ကျင့်သည့် အဖွဲ့ဝင်များမှာ ကွန်ပျူတာသုံးလေ့ကျင့်မှုများနှင့် ပေါင်းစပ်လေ့ကျင့်ရသည့် လေ့ကျင့်မှုများကိုလည်း ပြုလုပ်ရကြောင်း သိရသည်။

ယခုနှစ်တွင် ပြုလုပ်သည့် နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှု သည် အခါတိုင်းနှစ်များလိုပင်ဖြစ်ကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနက ပြောခဲ့သည်။

ယခုအချိန်အထိ အမေရိကန်လေယာဉ်တင်သင်္ဘောနှင့် ဗုံးကြဲလေယာဉ်များ ပါဝင်မလား၊ မပါဝင်ဘူးလားဆိုသည့် အစီအစဉ်ကို မသိရသေးကြောင်း၊ နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုကာလသည် ယခင်နှစ်များနှင့်မတူဘဲ လျော့နည်းမည်ဖြစ်ကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံက အမေရိကန်-တောင်ကိုရီးယားနှစ်နိုင်ငံ နှစ်စဉ်ပြုလုပ်နေကျဖြစ်သည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ပြင်းပြင်းထန်ထန်ကန့်ကွက်ခဲ့သလို ဒုံးကျည်များပစ်လွှတ်ခြင်းဖြင့် ရန်စသည့် ဆောင်ရွက်ချက်များ ယခင်က ပြုလုပ်ခဲ့ကြောင်း သိရသည်။ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းသည် တောင်ကိုရီးယားသံတမန်နှင့် မတ်လတွင် တွေ့ဆုံမှုပြုပြီးနောက် အဆိုပါအခြေအနေများသည် ပြောင်းလဲသွားကြောင်း သိရသည်။




ပူးတွဲစစ်ရေးလေ့ကျင့်သည့် လုပ်ငန်းအစီအစဉ်များ ကိုရီးယားနှစ်နိုင်ငံ ဆွေးနွေးမှုပြုမည့် ဧပြီလနှောင်းပိုင်းနှင့် ချိန်ညှိသွားနိုင်ကြောင်း တချို့လေ့လာစောင့်ကြည့်သူများက ပြောခဲ့သည်။ ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေးအတွက် အမေရိကန်နှင့် မြောက်ကိုရီးယားတို့၏ နှစ်နိုင်ငံဆွေးနွေးမှုကို မေလအကုန်တွင် ပြုလုပ်နိုင်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# အာဖဂန်အစိုးရတပ်ဖွဲ့၏ နယ်မြေရှင်းလင်းရေးစစ်ဆင်မှုအတွင်း တာလီဘန် ၃၀ ကို သုတ်သင်နိုင်ခဲ့

**ကဘူးလ် မေ ၁**
အာဖဂန်နစ္စတန်နိုင်ငံ အစိုးရတပ်ဖွဲ့က မတ် ၃၁ ရက်တွင် နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ်တွင် နယ်မြေရှင်းလင်းရေး ဆောင်ရွက်နေစဉ်အတွင်း တာလီဘန်လက်နက်ကိုင်တပ်ဖွဲ့ဝင် စုစုပေါင်း ၃၀ ကို ပစ်ခတ်ရှင်းလင်းနိုင်ခဲ့ကြောင်း၊ ထို့အပြင် လက်နက်ကိုင်တပ်ဖွဲ့ဝင် ၁၀ ကိုလည်း ဒဏ်ရာရရှိစေခဲ့ကြောင်း အာဖဂန်နစ္စတန်နိုင်ငံ သတင်းမီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံ ကာကွယ်ရေးနှင့် လုံခြုံရေးတပ်ဖွဲ့က မတ် ၃၀ ရက် ညပိုင်းမှစတင်ပြီး ကန်ဒါဟာပြည်နယ်၌ နယ်မြေရှင်းလင်းရေးစစ်ဆင်မှု ဆောင်ရွက်ခဲ့ရာ တာလီဘန်လက်နက်ကိုင်တပ်ဖွဲ့ဝင်များကို ရှင်းလင်းနိုင်ခဲ့သည့်အပြင် ၎င်းတို့၏ တပ်စခန်းပေါင်း ၁၀ ခုကိုလည်း ဖျက်ဆီးနိုင်ခဲ့ကြောင်း ဒေသတွင်းမီဒီယာများတွင် ဖော်ပြခဲ့သည်။




လတ်တလောရက်များတွင် တာလီဘန်လက်နက်ကိုင်တပ်ဖွဲ့က အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းဒေသများတွင် တက်ကြွစွာလှုပ်ရှားလာကြောင်း သိရသည်။ မတ် ၃၁ ရက်ကလည်း တာလီဘန်တပ်ဖွဲ့ဝင်များက စစ်ဘက်ဆိုင်ရာ ကင်းလှည့်ကားတစ်စီးကို အမြောက်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အနည်းဆုံး အစိုးရတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံ သမ္မတက ဖေဖော်ဝါရီ ၂၈ ရက်တွင် အစိုးရအနေဖြင့် မည်သည့်တောင်းဆိုမှုမှ မပြုလုပ်ဘဲ တာလီဘန် လက်နက်ကိုင်အဖွဲ့အစည်းနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကိုသာ ဆောင်ရွက်လိုကြောင်း ပြောကြားခဲ့သော်လည်း တာလီဘန်လက်နက်ကိုင်တပ်ဖွဲ့၏ မတ် ၁ ရက်နေ့ ထုတ်ပြန်ကြေညာချက်တွင် တက်ကြွစွာ ပါဝင်လိုခြင်းမရှိကြောင်း တွေ့ရသည်။

လက်နက်ကိုင်တပ်ဖွဲ့များက အာဖဂန်နစ္စတန်နိုင်ငံမြို့တော် အပါအဝင် ဒေသအသီးသီးတွင် တိုက်ခိုက်မှုများစွာ ဆောင်ရွက်ခဲ့ပြီး လူပေါင်း အတော်များများ သေဆုံးဒဏ်ရာရရှိမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# သက်တမ်းကုန်နေသော တရုတ်အာကာသစခန်းယာဉ် ကမ္ဘာသို့ ပြန်လည်ကျရောက်လာမည်



**ပေကျင်း မေ ၁**
သက်တမ်းကုန်ဆုံးနေသော တရုတ်အာကာသစခန်းယာဉ်သည် ဧပြီ ၁ ရက် သို့မဟုတ် ၂ ရက်တွင် ကမ္ဘာသို့ ပြန်လည်ကျလာမည်ဟု ခန့်မှန်းကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

၂၀၁၁ ခုနှစ်က လွှတ်တင်ခဲ့သော တီယန်ဂေါင်-၁ ရှေ့ပြေးပုံစံ အာကာသလက်တွေ့စမ်းသပ်ခန်းသည် ၂၀၁၆ ခုနှစ်တွင် ထိန်းချုပ်ရန် မစွမ်းနိုင်တော့ဘဲ ၎င်း၏ လုပ်ငန်းဆောင်တာများ တဖြည်းဖြည်း စွမ်းဆောင်ရည်ကျလာကြောင်း သိရသည်။

လူလိုက်ပါသော အာကာသခရီးစဉ်တွင် တာဝန်ထမ်းဆောင်နေသော တရုတ်အဖွဲ့တစ်ဖွဲ့က အာကာသယာဉ်မှာ ဧပြီ ၁ ရက်တွင် ပျမ်းမျှအမြင့် ၁၆၇ ဒသမ ၆ ကီလိုမီတာခန့်ရှိ ပတ်လမ်းထဲသို့ ရောက်ရှိမည်ဖြစ်ကြောင်း ပြောခဲ့သည်။

အဆိုပါအာကာသယာဉ်မှာ ၁၀ မီတာရှည်ပြီး အလေးချိန် ၈ ဒသမ ၅ တန်လေးကာ ဘတ်စ်ကားတစ်စီးအရွယ်ခန့်ရှိကြောင်း သိရသည်။ ကမ္ဘာသို့ ပြန်လည်ဝင်ရောက်လာချိန်တွင် အာကာသလက်တွေ့စမ်းသပ်ခန်းတစ်ခုလုံး လောင်ကျွမ်းဖို့များကြောင်း ဥရောပအာကာသအေဂျင်စီက ပြောသည်။ အပိုင်းအစများသည် မြောက် ၄၃ ဒီဂရီနှင့် တောင် ၄၃ ဒီဂရီအကြား ကမ္ဘာ့မျက်နှာပြင်သို့ ကျရောက်နိုင်ကြောင်း အဆိုပါအေဂျင်စီက ပြောခဲ့သည်။ အဆိုပါခန့်မှန်းနေရာမှာ ဂျပန်နိုင်ငံအများစုနှင့် ဝါရှင်တန်အပါအဝင် ကမ္ဘာ့ မြို့ကြီးများဖြစ်ကြောင်း သို့သော်လည်း ဖြစ်နိုင်ခြေနည်းကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ဆဋ္ဌမ အကြိမ်မြောက် ဂျီအမ်အက်စ် အစည်းအဝေး အောင်မြင်စွာ ပြီးဆုံး

**ဟနွိုင်း မေ ၁**
ဗီယက်နမ်နိုင်ငံမြို့တော် ဟနွိုင်းတွင် ကျင်းပပြုလုပ်ခဲ့သော မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (ဂျီအမ်အက်စ်) ဆဋ္ဌမအကြိမ်မြောက် အစည်းအဝေးသည် ၂၀၂၂ ခုနှစ် ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဘောင်အပါအဝင် အခြားသဘောတူညီချက်များနှင့် မတ် ၃၁ က အောင်မြင်စွာ ပြီးဆုံးခဲ့သည်။

မတ် ၃၁ ရက်က ပြုလုပ်ခဲ့သော တံခါးပိတ်အစည်းအဝေးသို့ နိုင်ငံအသီးသီးမှ ခေါင်းဆောင်များ တက်ရောက်ခဲ့ကြပြီး အစည်းအဝေး၌ ပူးတွဲကြေညာစာတမ်း၊ ၂၀၁၈-၂၀၂၂ ဟနွိုင်းဆောင်ရွက်မှု အစီအစဉ်နှင့် ၂၀၂၂ ခုနှစ် ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဘောင် သဘောတူညီချက်များနှင့် အောင်မြင်မှု သုံးခုရရှိခဲ့သည်။ မူဘောင်သုံးခုအနက် ၂၀၂၂ ခုနှစ် ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဘောင်သည် အနာဂါတ် ငါးနှစ်တာကာလအတွင်း ဦးစားပေးဆောင်ရွက်ရမည့် စီမံကိန်းများကို စာရင်းပြုစုပြီး အဆိုပါစာရင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာဆိုင်ရာကူညီမှု စီမံကိန်းစုစုပေါင်း ၂၂၇ ခုပါဝင်ကာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၆၆ ဘီလီယံရှိကြောင်း သိရသည်။

ယခုအကြိမ် ကျင်းပခဲ့သည့် အစည်းအဝေးကို ၂၅ နှစ်တာ ပူးပေါင်းဆောင်ရွက်မှု၏ ရလဒ်ကို အသုံးချကာ ရေရှည်ညီမျှပြီး တိုးတက်ဖွံ့ဖြိုးသည့် ဂျီအမ်အက်စ်တည်ဆောက်ရေးဟူသော ခေါင်းစဉ်နှင့် ကျင်းပခဲ့ခြင်းဖြစ်ပြီး တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံမှ ခေါင်းဆောင်များအပြင် အာရှဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘာ့ဘဏ်၊ AIIB ဘဏ်တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။ သတ္တမအကြိမ်မြောက် ဂျီအမ်အက်စ်အစည်းအဝေးကို ၂၀၂၁ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**



## နိုင်ငံတကာ သတင်းတိုထွာ

### တောင်ကိုရီးယားအနုပညာရှင်များ မြောက်ကိုရီးယားနိုင်ငံတွင် ဖျော်ဖြေရန်ထွက်ခွာ

**ဆိုးလ် ဧပြီ ၁**
တောင်ကိုရီးယား ဂီတပညာရှင်များနှင့် အခြားအနုပညာရှင်များ ပါဝင်သော အဖွဲ့တစ်ဖွဲ့သည် မြောက်ကိုရီးယားနိုင်ငံ မြို့တော်ပြုံယမ်း၌ ဖျော်ဖြေမှုပြုလုပ်ရန် ထွက်ခွာသွားခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အနုပညာရှင်အဖွဲ့ ပါဝင်သော စင်းလုံးငှားလေယာဉ်သည် မတ် ၃၁ ရက် နံနက်ပိုင်းက ဆိုးလ်မြို့ကင်ဘိုလေဆိပ်မှ ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

ပြုံယမ်းသို့ လေးရက်ကြာဖျော်ဖြေရေးခရီးစဉ်လာရောက်ရန် တောင်-မြောက်ကိုရီးယားနှစ်နိုင်ငံမှ သက်ဆိုင်ရာတာဝန်ရှိသူများသည် လွန်ခဲ့သည့်အပတ်က သဘောတူခဲ့ခြင်း ဖြစ်သည်။ ကနဦးစာရင်းများအရ အဆိုပါအနုပညာအဖွဲ့တွင် စုစုပေါင်းအနုပညာသည် ၁၉၀ လိုက်ပါနိုင်ရန် လျာထားကြောင်း သိရသည်။

အနုပညာရှင်များသည် မြောက်ကိုရီးယားနိုင်ငံ ပြုံယမ်းသို့ မထွက်ခွာခင် လေဆိပ်၌ ဖျော်ဖြေခဲ့ကြောင်း သိရသည်။ အဆိုပါဖျော်ဖြေမှုများတွင် ဝါရင့်စစ်မှုထမ်းဟောင်းအဆိုတော် ချိုရောင်ပီလ်နှင့် ဂဲလ်ဂျင်နရေးရှင်းမှ ဆိုဟွန်းတို့လည်း ပါဝင်ကြောင်း သိရသည်။

ဆိုဟွန်းသည် လွန်ခဲ့သည့်လက မြောက်ကိုရီးယားတီးဝိုင်းနှင့် ပူးတွဲကာ ဆိုးလ်တွင်ဖျော်ဖြေခဲ့သေးကြောင်း သိရသည်။ ၎င်းသီဆိုခဲ့သော သီချင်းမှာ တောင်- မြောက်ပူးပေါင်းရေးအတွက် ရည်ရွယ်သည့်သီချင်းဖြစ်ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

### တူရကီနှင့် ကာ့ဒ်အုပ်စုတို့အကြား ညှိနှိုင်းမှုပြုရန် ပြင်သစ်တောင်းဆိုမှုကို တူရကီသမ္မတပယ်ချ

**အန်ကာရာ ဧပြီ ၁**
ဆီးရီးယားတွင် တူရကီနှင့် ကာ့ဒ်လွှမ်းမိုးသောင်းကျန်းသူအုပ်စုတို့အကြား ညှိနှိုင်းမှု ပြုလုပ်ရန် ပြင်သစ်နိုင်ငံ၏ တောင်းဆိုမှုကို တူရကီသမ္မတ ရီဆက်ပ်တေရစ် အာဒိုဂန်က ပယ်ချလိုက်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် မတ် ၃၁ ရက်က ဖော်ပြခဲ့သည်။

တူရကီမြို့တော်၌ မတ် ၃၀ ရက်က မိန့်ခွန်းပြောကြားခဲ့ရာတွင် တူရကီသမ္မတအာဒိုဂန်က ပြင်သစ်အနေဖြင့် နိုင်ငံရေးချဉ်းကပ်သည့် ပုံစံမှားယွင်းခြင်းအပေါ် အလွန်စိတ်မကောင်းဖြစ်ကြောင်း ဖော်ပြခဲ့သည်။

ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်ရုံးက ဆွေးနွေးညှိနှိုင်းမှုပြုလုပ်ရန် မတ် ၂၉ ရက်တွင် တောင်းဆိုလိုက်ခြင်းဖြစ်သည်။ ထို့အတူ ဆီးရီးယားနိုင်ငံ မြောက်ပိုင်းတည်ငြိမ်မှု ရရှိရေးအတွက် ဆီးရီးယား ဒီမိုကရက်တစ်တပ်ဖွဲ့၏ ထောက်ပံ့မှုများမှာလည်း အရေးကြီးကြောင်း ပြင်သစ်က ထပ်လောင်းပြောကြားခဲ့သည်။ ဆီးရီးယားဒီမိုကရက်တစ်တပ်ဖွဲ့(အက်စ်ဒီအက်ဖ်)သည် အိုင်အက်စ်အကြမ်းဖက်သမားများကို ဆန့်ကျင်တိုက်ခိုက်နေသော အဖွဲ့ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# လက်တစ်ကမ်းအလိုရောက်နေတဲ့ သမိုင်းတွင်မယ့် ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းရေး

**တင်လင်းအောင်**



မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်းဟာ တရုတ်နိုင်ငံကို သွားရောက်ပြီးနောက်မှာတော့ အမေရိကန်သမ္မတရဲ့ ရည်မှန်းချက်ဖြစ်တဲ့ မြောက်ကိုရီးယား နျူကလီးယား လက်နက်စွန့်လွှတ်ရေးဟာ ရုပ်လုံးပေါ်လာတော့မယ်လို့ ယူဆရကြောင်း the Financial Times မှ လေ့လာစောင့်ကြည့်သူတစ်ဦးက ဆိုပါတယ်။ မြောက်ကိုရီးယားနိုင်ငံအတွက် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ရဲ့နည်းဗျူဟာတွေဟာ တကယ်ပဲအလုပ်ဖြစ်လာတော့မှာလား။ ဒီမေးခွန်းဟာ မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်း တရုတ်နိုင်ငံကို သွားရောက်လည်ပတ်ပြီးနောက်မှာ ထွက်ပေါ်လာတဲ့ မေးခွန်းပဲဖြစ်ပါတယ်။

အမေရိကန် သမ္မတအဖြစ် တာဝန်ယူချိန်ကတည်းက ဒေါ်နယ်ထရန့်ရဲ့ မြောက်ကိုရီးယားနိုင်ငံဆိုင်ရာ နည်းဗျူဟာတွေဟာ တဖြည်းဖြည်း သိသာထင်ရှားလာတယ်လို့ ပြောရမလို ဖြစ်နေပါတယ်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ဟာ သူ့နိုင်ငံကို တိုက်ရိုက်ခြိမ်းခြောက်လာတဲ့ မြောက်ကိုရီးယားနိုင်ငံရဲ့ နျူကလီးယားလက်နက်စွန့်လွှတ်ဖို့ကို အလေးအနက်တိုက်တွန်းခဲ့တာကို သတင်းတွေမှာ တွေ့ရမှာဖြစ်ပါတယ်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနဲ့ အမေရိကန်ပြည်ထောင်စု သမ္မတ ဒေါ်နယ်ထရန့်တို့ဟာ တစ်ဖက်နဲ့တစ်ဖက် လအတော်ကြာ ကျီစယ်မှုတွေ၊ အပြန်အလှန်ခြိမ်းခြောက်မှုတွေ၊ စကားလုံး စစ်ထိုးမှုတွေ လုပ်ခဲ့ပါတယ်။ အဲလို ခတ်မတည့်တဲ့ တစ်ဖက်နဲ့တစ်ဖက်ဟာ အခုတော့ မေလမှာ အစည်းအဝေးတစ်ရပ် ကျင်းပဖို့ သဘောတူညီချက်တစ်ရပ် ရရှိခဲ့ပါပြီ။

အကယ်၍များမြောက်ကိုရီးယား ခေါင်းဆောင်နဲ့ အမေရိကန် သမ္မတတို့ လူပုဂ္ဂိုလ်ချင်းတွေ့ဆုံခဲ့မယ်ဆိုပါက ဒါဟာ မကြားစဖူးထူးကဲတဲ့ တွေ့ဆုံမှုဖြစ်လာမှာပါ။ မြောက်ကိုရီးယားနဲ့ အဓိပ္ပာယ်ရှိတဲ့တွေ့ဆုံမှုတွေ မလုပ်ခင်မှာ မြောက်ကိုရီးယားဟာ သူ့ရဲ့ နျူကလီးယားအစီအစဉ်ကို ရပ်တန့်လက်လျှော့လိုက်မှာ မဟုတ်ဘူးလို့ အမေရိကန်က မလျှော့တမ်းပြောခဲ့ပါတယ်။ သို့သော်လည်း အခုတော့ မြောက်ကိုရီးယားဟာ ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ဖို့ သူ့ရဲ့နျူကလီးယားအစီအစဉ်ရပ်တန့်ရေး အသိအမှတ်ပြုခြေလှမ်းတစ်ခု စတင်လျှောက်လှမ်းနေပြီလို့ ဆိုရမှာဖြစ်ပါတယ်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ဟာ ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ဖို့ နောက်ဆုံးမတတ်သာတဲ့အဆုံးမှာ စစ်ရေးဆိုင်ရာ ခြိမ်းခြောက်မှုမျိုးကိုတောင် ပြုလုပ်ခဲ့ပါတယ်။ ဒါတင်ပဲလားဆိုတော့ မဟုတ်ပါဘူး။ အမေရိကန်သမ္မတဒေါ်နယ်ထရန့်ဟာ မြောက်ကိုရီးယားရဲ့ အနီးစပ်ဆုံးမဟာမိတ်ဖြစ်တဲ့ တရုတ်နိုင်ငံကိုတောင် ပါဝင်စေချင်တဲ့ သဘောရှိတာကို တွေ့ရပါတယ်။

ထို့အပြင် သံတမန်ရေးရာနဲ့ စီးပွားရေးဆိုင်ရာတွေမှာလည်း ခြိမ်းခြောက်မှုတွေ လုပ်ခဲ့ပါသေးတယ်။ မြောက်ကိုရီးယားဟာ သူ့ရဲ့ရည်မှန်းချက်ဖြစ်တဲ့ နျူကလီးယားနိုင်ငံတော်ကြီး ပေါ်ပေါက်လာရေးအစီအစဉ်ကို ဘယ်တော့မှ လက်လျှော့မှာမဟုတ်ဘူး၊ သူ့ရဲ့နျူကလီးယားအစီအစဉ်နဲ့ပတ်သက်ပြီး ဆွေးနွေးစရာတွေမရှိဘူးလို့ တစ်ချိန်က မလျှော့တမ်းပြောခဲ့သော်လည်း တစ်ဖက်နှင့်တစ်ဖက် မည်သို့ပင်ဆိုခဲ့ဆိုခဲ့ အခုတော့ ကိုရီးယားကျွန်းဆွယ်နျူကလီးယားကင်းစင်ရေးအတွက် မတူတာတွေ ဘေးဖယ်ပြီး နှစ်နိုင်ငံအနေနဲ့ လာမယ့်မေလမှာ တွေ့ဆုံဆွေးနွေးမှုလုပ်မယ်ဆိုတာ ကြားသိရတာဖြင့် အတိုင်းမသိဝမ်းသာရမယ့်ကိစ္စတစ်ခုပါပဲ။ ရည်ရွယ်ချက်ကတော့ မြောက်ကိုရီးယားကို နျူကလီးယားကင်းစင်ဖို့ပဲဖြစ်ပါတယ်။

အဲဒီရည်မှန်းချက်ဟာ အခုတော့ အကောင်အထည်ပေါ်လာဖို့ နီးစပ်လာပြီလို့ပဲ ပြောရမှာ ဖြစ်ပါတယ်။ တရုတ်နိုင်ငံသို့ မြောက်ကိုရီးယားခေါင်းဆောင်သွားရောက်ပြီး ပြန်လာခါနီး ထုတ်ပြန်ကြေညာချက်မှာ ဘာပြောခဲ့သလဲဆိုရင် ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေးကိစ္စဟာဖြေရှင်းလို့ရတဲ့ ကိစ္စဖြစ်တယ်လို့ ပြောခဲ့ပါတယ်။

အခုလိုမျိုးထုတ်ပြန်ကြေညာချက်မှာ ပြောခဲ့တာကိုကြည့်ရင် နျူကလီးယားကင်းစင်ဖို့ စကားဦးသန်းခဲ့တယ်ဆိုတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။ သို့သော်လည်း တကယ့်လက်တွေ့မှာတော့ တော်တော့်ကို ဖြေရှင်းရမယ့်ကိစ္စပဲ ဖြစ်ပါတယ်။ မြောက်ကိုရီးယားခေါင်းဆောင်ရဲ့ ထုတ်ပြန်ကြေညာချက်မှာ ပြောသွားခဲ့တာဟာ ငြိမ်းချမ်းရေးအတွက် ခြေလှမ်းတစ်ရပ်လည်း ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့

**“တရုတ်နိုင်ငံသို့ မြောက်ကိုရီးယားခေါင်းဆောင်သွားရောက်ပြီး ပြန်လာခါနီး ထုတ်ပြန်ကြေညာချက်မှာ ဘာပြောခဲ့သလဲဆိုရင် ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေးကိစ္စဟာ ဖြေရှင်းလို့ရတဲ့ကိစ္စဖြစ်တယ်လို့ ပြောခဲ့”**

ကိုရီးယားကျွန်းဆွယ်မှာ ဖြန့်ကြက်ထားတဲ့ အမေရိကန်တပ်ဖွဲ့တွေကို ပြန်လည်ရုပ်သိမ်းစေချင်တဲ့သဘောလည်း ပါဝင်လို့ပဲဖြစ်ပါတယ်။

ယခုအချိန်ထိ ဘယ်အမေရိကန်အစိုးရကမှတပ်တွေ ရုပ်သိမ်းဖို့ မစဉ်းစားသေးပါဘူး။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ဟာ ဒီကိစ္စကို ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်သင့်ပြီး သူ့ရဲ့သမားရိုးကျမဟုတ်တဲ့ နိုင်ငံခြားရေးရာ မူဝါဒကလည်း စဉ်းစားရ ကျပ်စေတဲ့အခြေအနေတစ်ခု ဖြစ်နေပါတယ်။

အမေရိကန်နဲ့ မြောက်ကိုရီးယား တွေ့ဆုံဆွေးနွေးပွဲရဲ့ အလားအလာဟာ နှစ်နိုင်ငံအကြား အေးခဲနေတဲ့ အခြေအနေတွေကို ကောင်းမွန်တဲ့ဘက်ကို စတင်ရောက်ရှိစေမယ့် အနေအထားကို ဖြစ်ပေါ်စေမယ်လို့ ယူဆရပါတယ်။ ကိုရီးယားကျွန်းဆွယ်ငြိမ်းချမ်းမှုကို ရှာဖွေတဲ့နေရာမှာ တကယ့်သံခင်း တမန်ခင်း ဖြစ်ပေါ်တိုးတက်မှုကိုလည်း မဖြစ်မနေထည့်သွင်းရမှာ ဖြစ်ပါတယ်။

နှစ်နိုင်ငံ တကယ့်တွေ့ဆုံညှိနှိုင်းမယ့်ရလဒ်ဟာ ကိုရီးယားကျွန်းဆွယ်နျူကလီးယားကင်းစင်ဖို့၊ နောက်ထပ်နျူကလီးယား ထိပ်ဖူးတပ် တာဝေးပစ်ဒုံးကျည်လက်နက်ဆိုင်ရာ နည်းဗျူဟာစမ်းသပ်လုပ်ဆောင်မှုတွေကို အဆုံးသတ်ဖို့၊ အမေရိကန်ပြည်ထောင်စု ကမ္ဘာ့နိုင်ငံတွေနဲ့ မြောက်ကိုရီးယားနိုင်ငံတို့အကြား ရန်လိုတင်းမာမှုတွေအပေါ် နိဂုံးချုပ်ဖို့ကို အဓိကဦးစားပေးဆွေးနွေးသွားရမှာပဲ ဖြစ်တယ်လို့ ၁၉၉၄ ခုနှစ် နျူကလီးယားပဋိပက္ခအတွင်း မြောက်ကိုရီးယားနဲ့ ဆွေးနွေးညှိနှိုင်းမှုလုပ်ခဲ့တဲ့ အမေရိကန်ညှိနှိုင်းဆွေးနွေးရေး အကြီးအကဲဖြစ်သူ ရောဘတ်ကလေ့စီက ပြောခဲ့ပါတယ်။

စစ်အေးခေတ်ကတည်းက အပေါက်အလမ်းမတည့်ခဲ့တဲ့ ဒီနှစ်နိုင်ငံဘယ်လိုပဲဖြစ်ဖြစ် အခုတော့ နှစ်နိုင်ငံခေါင်းဆောင်တွေအနေနဲ့ နောက်ဆုံးမှာအနည်းဆုံးတော့ အပေါက်အလမ်းတည့်ပြီး အစေးကပ်တဲ့အခွင့်အရေးတော့ ရရှိလာခဲ့ကြတာပဲဆိုတာ အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။ ဒါဟာကမ္ဘာ့သမိုင်းစာမျက်နှာရဲ့ကံကြမ္မာ အဆိုးအကောင်းကို ဝေဖန်ပိုင်းခြားမယ့် အလှည့်အပြောင်းတစ်ခုလည်း ဖြစ်လာနိုင်တယ်ဆိုတာလည်း ငြင်းမရပါဘူး။

၁၉၅၀ အစောပိုင်းနှစ်များက ကိုရီးယားကျွန်းဆွယ်မှာ ဖြစ်ပွားခဲ့တဲ့ စစ်ပွဲဟာ နောက်ဆုံးမှာ စစ်ပွဲရပ်ဆိုင်းရေး နားလည်မှုစာချုပ်နဲ့ ပြီးဆုံးခဲ့ပါတယ်။ ငြိမ်းချမ်းရေးလိုလားတဲ့ တောင်ကိုရီးယား သမ္မတမွန်ဂျယ်အင်း ဦးဆောင်တဲ့ တောင်ကိုရီးယားအစိုးရဟာ မြောက်ကိုရီးယားနိုင်ငံနဲ့ စီးပွားရေးဆိုင်ရာ ဆက်သွယ်ဆောင်ရွက်မှုတွေ၊ လူလူချင်းဆက်ဆံမှုတွေကို အာသီသပြင်းပြစွာနဲ့ လုပ်ဆောင်ဖို့ စိတ်အားထက်သန်လျက်ရှိပါတယ်။

ကိုရီးယားကျွန်းဆွယ်နျူကလီးယားကင်းစင်ရေးမှာ အလယ်ဗဟိုကနေ ပါဝင်ခဲ့တဲ့သမ္မတရှီကျင့်ဖျင် ဦးဆောင်တဲ့ တရုတ်အစိုးရကလည်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းရဲ့တရုတ်ခရီးစဉ်အပေါ် သဘောကျ ကျေနပ်ခဲ့ပါတယ်။ တရုတ်နိုင်ငံဟာ မြောက်ကိုရီးယားနဲ့ နယ်နိမိတ်ချင်း ထိစပ်လျက်ရှိတာကြောင့် ကိုရီးယားကျွန်းဆွယ်မှာ စစ်ပွဲဖြစ်ပွားခဲ့ပါက အဲဒါဟာ တရုတ်နိုင်ငံကို အဓိကခြိမ်းခြောက်လာမယ့် အရေးလည်း ဖြစ်ပါတယ်။ ဒါကြောင့် ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းရေးရဖို့ အရေးမှာ တရုတ်နိုင်ငံလည်း လှုံ့လပြုပေးရမှာပဲ ဖြစ်ပါတယ်။

ပြီးတော့လည်း မြောက်ကိုရီးယားနိုင်ငံကို ဝင်လာတဲ့ကုန်သွယ်မှု၊ စီးဆင်းမှု ၉၀ ရာခိုင်နှုန်းဟာ တရုတ်နိုင်ငံကို ကျော်ဖြတ်ပြီး ဝင်လာတာပဲဖြစ်ပါတယ်။ ဒါကြောင့်လည်း တရုတ်နိုင်ငံဟာ မြောက်ကိုရီးယား နိုင်ငံအတွက် အဓိကအရေးပါတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တာကြောင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းဟာ တရုတ်နိုင်ငံကို အရင်ဆုံးသွားရောက်လည်ပတ်ပြီး တရုတ်သမ္မတရှီကျင့်ဖျင်နဲ့ တွေ့ဆုံခဲ့တယ်လို့ သုံးသပ်ရမှာပဲ ဖြစ်ပါတယ်။

မည်သို့ပင်ဆိုစေ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ဟာ သူ့အနေနဲ့ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနဲ့ နျူကလီးယားကင်းစင်ရေးကိစ္စနှင့်ပတ်သက်ပြီး သဘောတူညီချက်တစ်ရပ်ရရှိတော့မယ်လို့ မျှော်လင့်ကြောင်း ဖော်ပြခဲ့ပါတယ်။ မြောက်ကိုရီးယားနဲ့သဘောတူညီချက်ဟာ အမှန်တကယ်ကို အကျိုးရှိလာမှာဖြစ်ကြောင်း အကယ်၍အောင်မြင်စွာ ပြီးဆုံးခဲ့မယ်ဆိုပါက ကမ္ဘာကြီးအတွက် ကောင်းမွန်တဲ့ ကိစ္စတစ်ခုဖြစ်လာမှာဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပြောခဲ့ပါတယ်။ ။

**ကိုးကား -ချန်နယ်နယူးအေးရှ**

# အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှု ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

(ဂ) ညွှန်ကြားရေးမှူးချုပ်သည် ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

**အခွန်ထမ်း၏သတင်းအချက်အလက်ရရှိပိုင်ခွင့်**

၁၈။ (က) အခွန်ထမ်းသည် ယင်း၏အခွန်နှင့်သက်ဆိုင်သည့် အခွန်ပေးဆောင်ထားရှိမှုအခြေအနေကို ဦးစီးဌာနသို့ တင်ပြတောင်းဆိုနိုင်သည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ အခွန်ထမ်းက တောင်းဆိုလျှင်-

(၁) ယင်းပေးဆောင်ထားသည့်အခွန်စာရင်းကိုအသိပေးရမည်၊

(၂) ဦးစီးဌာန၏အမှုတွဲတွင် ထိန်းသိမ်းထားဆဲဖြစ်သည့် အခွန်ထမ်း တင်သွင်းသော အခွန်ကြေညာလွှာမိတ္တူတစ်စုံကို ပေးအပ်ရမည်။

**နောက်ဆုံးသတ်မှတ်ရက်များ**

၁၉။ (က) ဤဥပဒေနှင့်သက်ဆိုင်သည့် အခွန်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ ကိစ္စရပ်တစ်ခုခုအတွက် လိုက်နာဆောင်ရွက်ရမည့် နောက်ဆုံးနေ့ရက်သည် အများပြည်သူရုံးပိတ်ရက်တွင် ကျရောက်လျှင် ယင်းနေ့နှင့် နောက်တစ်ဆက်တည်းဖြစ်သော အများပြည်သူရုံးဖွင့်ရက်၌ အဆိုပါကိစ္စရပ်ဆောင်ရွက်ခြင်းကို အချိန်မီဆောင်ရွက်သည်ဟု မှတ်ယူရမည်။

(ခ) အခွန်ပေးဆောင်ခြင်းမှတစ်ပါး အခွန်ထမ်း၏ တင်ပြချက်၊ အယူခံလွှာ သို့မဟုတ် အခြားစာတမ်းအမှတ်အသားများ လက်ခံရရှိကြောင်း ဦးစီးဌာနက တံဆိပ်ရိုက်နှိပ်သည့်နေ့တွင် တင်သွင်းသည်ဟု မှတ်ယူရမည်။ ကြေညာလွှာကို စာတိုက်မှပေးပို့ခြင်းဖြစ်ပါက ပေးပို့သည့်စာတိုက်တံဆိပ်ပါ ရက်စွဲတွင် တင်သွင်းသည်ဟု မှတ်ယူရမည်။

(ဂ) ပုဒ်မခွဲ (ခ) ပါ စာတမ်းအမှတ်အသားများကို အီလက်ထရွန်နစ် နည်းဖြင့် ပေးပို့ခြင်းဖြစ်ပါက ဦးစီးဌာနက အီလက်ထရွန်နစ်နည်းဖြင့် လက်ခံရရှိသည့်နေ့တွင် တင်သွင်းသည်ဟု မှတ်ယူရမည်။ ယင်းနေ့သည် အများပြည်သူ ရုံးပိတ်ရက်တွင် ကျရောက်လျှင် ယင်းနေ့နှင့် နောက်တစ်ဆက်တည်းဖြစ်သော အများပြည်သူ ရုံးဖွင့်ရက်၌ လက်ခံရရှိသည်ဟု မှတ်ယူရမည်။

**အခန်း (၃)**

**မှတ်တမ်းများထိန်းသိမ်းခြင်းနှင့်သတင်းအချက်အလက်စုဆောင်းခြင်း**

**စာရင်းများနှင့်မှတ်တမ်းများထိန်းသိမ်းခြင်း**

၂၀။ (က) စီးပွားရေးလုပ်ငန်း သို့မဟုတ် ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် သို့မဟုတ် အခွန်ဥပဒေအရ ကြေညာလွှာ တင်သွင်းရန်လိုအပ်သည့် အခွန်ထမ်းသည် လုပ်ငန်းဆောင်ရွက်ချက်များကြောင့် ရရှိလာသည့် မြတ်စွန်းငွေနှင့် ပေါ်ပေါက်လာသည့်အရှုံးကို သေချာစွာ လေ့လာစိစစ်နိုင်ရန် ယင်းလုပ်ငန်းဆောင်ရွက်ချက်များ အားလုံးကို မှတ်သားထားသည့်စာရင်းနှင့် မှတ်တမ်းများကို နိုင်ငံတော်အတွင်း ထိန်းသိမ်းထားရှိရမည်။

(ခ) အခွန်ထမ်းသည် ပုဒ်မခွဲ(က)တွင် ဖော်ပြထားသည့် မှတ်တမ်းနှင့် စာရင်းများအပြင် ယင်းမှတ်တမ်းနှင့် စာရင်းများရေးသွင်းရာတွင် အသုံးပြုခဲ့သည့် မူလအထောက်အထားအချက်အလက်များနှင့် အခြေခံအထောက်အထား အချက်အလက်များကို ထိန်းသိမ်းထားရှိရမည်။

(ဂ) အခွန်ဥပဒေတစ်ရပ်ရပ်အရ လုပ်ဆောင်ချက်တစ်ခု၏ မှတ်တမ်းများကို ပြုစုရန် သို့မဟုတ် ထိန်းသိမ်းရန် လိုအပ်သည့်ပုဂ္ဂိုလ်သည် လုပ်ငန်းနှင့် သက်ဆိုင်သည့် အထောက်အထားအချက်အလက်များကို -

(၁) လုပ်ဆောင်ချက်တစ်ခုကို ပြုလုပ်သည့်နေ့မှစ၍ ခုနစ်နှစ်ကြာမြင့်သည့် ကာလအထိ ထိန်းသိမ်းထားရမည်၊

(၂) ခုနစ်နှစ်ထက် ပိုမိုကြာမြင့်သည့်ကိစ္စဖြစ်ပါက ယင်းမှတ်တမ်းများနှင့် သက်ဆိုင်သည့် အခွန်ကာလတစ်ရပ်အတွက် အခွန်စည်းကြပ်ရန် ကာလသတ်မှတ်ချက် ကုန်ဆုံးသည်အထိ ထိန်းသိမ်းထားရမည်။

(ဃ) ပုဂ္ဂိုလ်တစ်ဦးသည် ဤပုဒ်မအရ လိုအပ်သည့်မှတ်တမ်းနှင့် စာရင်းများကို မြန်မာ သို့မဟုတ် အင်္ဂလိပ်မဟုတ်သည့်ဘာသာဖြင့် ပြုစုထားပါက ညွှန်ကြားရေးမှူးချုပ်က ဘာသာပြန်ဆိုရန် တောင်းဆိုသည့်အခါ ယင်းပုဂ္ဂိုလ်၏စရိတ်ဖြင့် ညွှန်ကြားရေးမှူးချုပ်က လက်ခံနိုင်သည့် မြန်မာ သို့မဟုတ် အင်္ဂလိပ်ဘာသာပြန်ဆိုချက်ကို ပေးအပ်ရမည်။

(င) ဘဏ္ဍာရေးရှင်းတမ်းများ၊ ငွေတောင်းခံလွှာများ၊ မူလမှတ်တမ်းရေးသွင်းသည့် စာအုပ်များ၊ အခွန်ထမ်းနှင့် ဦးစီးဌာနအကြား ရေးသားဆက်သွယ်သည့် စာများအားလုံးကို မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် ရေးသားရမည်။

(စ) ဤပုဒ်မပါ **မူလအထောက်အထား အချက်အလက်များ**တွင် အောက်ပါတို့ ပါဝင်သည် -

(၁) အရောင်းနှင့်အဝယ် ငွေတောင်းခံလွှာများ၊ တန်ဖိုးတွက်ချက်သည့် စာတမ်းအမှတ်အသားများ၊ ကြိုတင် မှာကြားချက်များ၊ နေ့စဉ်မှတ်တမ်းများ၊ အဝယ်မှာကြားလွှာများ၊ ကုန်စည်ပေးပို့မှု မှတ်တမ်းများ၊ ဘဏ်ရှင်းတမ်းများ၊ ပဋိညာဉ်စာချုပ်များနှင့် လုပ်ဆောင်ချက်တစ်ခု၏ အစိတ်အပိုင်းတစ်ရပ်နှင့် သက်ဆိုင်သည့် အခြားစာတမ်းအမှတ်အသားများ၊

(၂) ဤဥပဒေနှင့်သက်ဆိုင်သည့် အခွန်ဥပဒေတစ်ရပ်ရပ်အလို့ငှာ ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် ထုတ်ပေးသည့် သို့မဟုတ် လက်ခံရရှိသည့် ပြေစာ၊ မြီစားမှတ်စု သို့မဟုတ် မြီရှင်မှတ်စုများအားလုံး၏ မိတ္တူများ၊ တင်ပို့ခြင်း သို့မဟုတ် တင်သွင်းခြင်းဆိုင်ရာ အကောက်အခွန်ဦးစီးဌာန၏ အထောက်အထားများအားလုံး၊ ထုတ်လုပ်သူ၊ ဝန်ဆောင်မှုဆောင်ရွက်သူ သို့မဟုတ် တင်သွင်းသူနှင့် လက်ခံသူကို သတ်မှတ်ဖော်ပြနိုင်မည့် စာဖြင့်ရေးသားထားသည့် လုံလောက်သော အထောက်အထား၊ ပေးအပ်သည့် ကုန်စည်များ သို့မဟုတ် ဝန်ဆောင်မှုများ၏ သဘောသဘာဝနှင့် အရေအတွက်၊ ပေးအပ်သည့်အချိန်၊ ပေးအပ်သည့်နေရာ၊ ပေးအပ်မှုအတွက် ထည့်သွင်းစဉ်းစားရန် အချက်များ၊ လက်ခံရရှိသူမှ သီးသန့်ရည်ရွယ်ချက်များအလိုက် အသုံးပြုပြီးသည့် ပေးအပ်ထားသည့် ကုန်စည်၏ ပမာဏအတိုင်းအတာတို့ကို ပြသနိုင်မည့် စာဖြင့်ရေးသားထားသည့် လုံလောက်သော အထောက်အထား။

**ငွေရေးကြေးရေးအဖွဲ့အစည်းများ၏တာဝန်ဝတ္တရားများ**

၂၁။ ဘဏ် သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုခုသည် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုရယူသူ၏ မည်သူမည်ဝါဖြစ်ကြောင်း ဖော်ပြချက်နှင့် အခွန်ထမ်းမှတ်ပုံတင်အမှတ်တို့ အပါအဝင် ယင်းနှင့်သက်ဆိုင်သည့် လုပ်ဆောင်ချက်အားလုံးအတွက် မှတ်တမ်းထားရှိရမည်။

**အခွန်ကြေညာလွှာ**

၂၂။ (က) အခွန်ထမ်းတိုင်းသည် ဤဥပဒေနှင့်သက်ဆိုင်သည့် အခွန်ဥပဒေတစ်ရပ်ရပ်အရ လိုအပ်ပါက ဤဥပဒေတွင် သတ်မှတ်သည့်အချိန်အတွင်း သတ်မှတ်ထားသည့်နေရာ၌ သော်လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်မှ တောင်းဆိုသည့်အတိုင်းသော်လည်းကောင်း ပုဒ်မခွဲ (ခ) ပါ သတ်မှတ်ချက်များနှင့်အညီ အခွန်ကြေညာလွှာကို တင်သွင်းရမည်။

(ခ) ညွှန်ကြားရေးမှူးချုပ်သည် အောက်ပါတို့ကို သတ်မှတ်ရမည် -

(၁) အခွန်ကြေညာလွှာပုံစံများ၊

(၂) အခွန်ကြေညာလွှာတွင်ပါရှိရမည့် သတင်းအချက်အလက်များ၊ လိုအပ်ပါက ကြေညာလွှာနှင့်အတူ ပူးတွဲတင်ပြရမည့်နောက်ဆက်တွဲ အချက်အလက်များနှင့်

(၃) ကြေညာလွှာ တင်သွင်းရမည့်နည်းလမ်းများ။

(ဂ) အခွန်ထမ်းသည် ပြင်ဆင်ထားသော အခွန်ကြေညာလွှာကို မူလအခွန်ကြေညာလွှာတင်သွင်းရမည့် နောက်ဆုံးရက် ကျော်လွန်ပြီးနောက် ခြောက်နှစ်ထက်နောက်မကျစေဘဲ တင်သွင်းနိုင်သည်။

(ဃ) အခွန်ထမ်းသည် အခွန်ကြေညာလွှာ၏ မှန်ကန်တိကျမှုနှင့် ပြည့်စုံမှုကို တာဝန်ခံရမည် သို့မဟုတ် အခွန်ထမ်းတစ်ဦးသည် ဥပဒေအရတရားဝင်မစွမ်းဆောင်နိုင်သူဖြစ်ပါက အခွန်ထမ်း၏ တရားဝင်ကိုယ်စားပြုသူသည် အခွန်ကြေညာလွှာ၏ မှန်ကန်တိကျမှုနှင့် ပြည့်စုံမှုကို တာဝန်ခံရမည်။

(င) အခွန်ကြေညာလွှာ သို့မဟုတ် အခွန်ကြေညာလွှာ၏ တစ်စိတ်တစ်ပိုင်းကို အခြားပုဂ္ဂိုလ်တစ်ဦးက အခကြေးငွေရယူ၍ ပြင်ဆင်ပေးရခြင်းဖြစ်ပါက ယင်းပုဂ္ဂိုလ်ကလည်း အခွန်ကြေညာလွှာတွင် လက်မှတ်ရေးထိုးရမည်။

(စ) အခွန်ထမ်းအနေဖြင့် အခွန်ကာလတစ်ရပ်အတွက် အခွန်ကြေညာလွှာ တင်သွင်းရခြင်း မရှိသေးစေကာမူ ညွှန်ကြားရေးမှူးချုပ်သည် အကြောင်းကြားစာဖြင့် ပုဂ္ဂိုလ်တစ်ဦးဦးအား ယင်းကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားပုဂ္ဂိုလ်တစ်ဦးအတွက် ကိုယ်စားလှယ် လွှဲအပ်ခြင်းခံရသူ သို့မဟုတ် ယုံမှတ်အပ်နှံခံရသူအဖြစ် သော်လည်းကောင်း အဆိုပါကာလအတွက် ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်သည့်အတိုင်း ပိုမိုပြည့်စုံသည့် အခွန်ကြေညာလွှာ တင်သွင်းရန် သို့မဟုတ် နောက်ထပ် အခွန်ကြေညာလွှာတင်သွင်းရန် တောင်းဆိုနိုင်သည်။

**သတင်းအချက်အလက်ကြေညာလွှာများ**

၂၃။ အခွန်ကြေညာလွှာနှင့်စပ်လျဉ်း၍ ဤဥပဒေပါပြဋ္ဌာန်းချက်များသည် ဤဥပဒေနှင့် သက်ဆိုင်သည့် အခွန်ဥပဒေတစ်ရပ်ရပ်အရ ပုဂ္ဂိုလ်တစ်ဦးဦး၏ အခွန်ထမ်းဆောင်ရမည့် တာဝန်မှအပဖြစ်သော ကိစ္စများနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များကို ကြေညာလွှာတင်သွင်းရန် တာဝန်ရှိသည့်ပုဂ္ဂိုလ်အပေါ်တွင် အကျိုးသက်ရောက်မှုရှိစေရမည်။

**ကြေညာလွှာတင်သွင်းရမည့်အချိန်ကာလ တိုးမြှင့်သတ်မှတ်ခြင်း**

၂၄။ (က) အခွန်ထမ်းကဖြစ်စေ၊ အခွန်ကြေညာလွှာတင်သွင်းရန် တာဝန်ရှိသည့် အခြားပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ အခွန်ကြေညာလွှာတင်သွင်းရမည့် သတ်မှတ်ရက်ကို တိုးမြှင့်ပေးရန် လျှောက်ထားလာပါက ညွှန်ကြားရေးမှူးချုပ်သည် အခွန်ကြေညာလွှာတင်သွင်းရန် သတ်မှတ်ထားသည့်အချိန်ကန့်သတ်ချက်ကို တိုးမြှင့်ပေးနိုင်သည်။

(ခ) အခွန်ပေးဆောင်မှုအတွက် အချိန်တိုးမြှင့်ပေးခြင်းကို သီးခြားခွင့်ပြုပေးခြင်း မရှိပါက ပုဒ်မခွဲ (က)အရ အချိန်တိုးမြှင့်ပေးခြင်းသည် အခွန်ပေးဆောင်ရမည့် သတ်မှတ်နေ့ရက်အပေါ် သက်ရောက်မှုမရှိစေရ။

**သတင်းအချက်အလက် တောင်းခံပိုင်ခွင့်၊ အခြေပစ္စည်းများနှင့် ပိုင်ဆိုင်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးခွင့်**

၂၅။ (က) အခွင့်အာဏာအပ်နှင်းထားသည့် တာဝန်ခံဝန်ထမ်းသည် အခွင့်အာဏာအပ်နှင်းထားသည့် ရည်ရွယ်ချက်တစ်ခုခုအလို့ငှာ တာဝန်တစ်ရပ်ရပ်ကို ထမ်းဆောင်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းပရဝဏ်အတွင်းသို့ဖြစ်စေ၊ အများပြည်သူတို့ ဝင်ထွက်သွားလာနိုင်သောနေရာသို့ဖြစ်စေ ကြိုတင်အကြောင်းကြားခြင်းမရှိဘဲ ဝင်ရောက်ခြင်း၊ ရှာဖွေခြင်း၊ စစ်ဆေးခြင်းပြုနိုင်သည် -

(၁) ပုံမှန်အလုပ်ချိန်အတွင်းသို့မဟုတ်

(၂) ညွှန်ကြားရေးမှူးချုပ်၏ လျှောက်ထားချက်အရ သက်ဆိုင်ရာမြို့နယ်တရားရုံးမှ တရားသူကြီးက စာဖြင့်ရေးသားခွင့်ပြုသော အချိန်တစ်ရပ်ရပ်အတွင်း။

(ခ) အခွင့်အာဏာအပ်နှင်းထားသည့် တာဝန်ခံဝန်ထမ်းသည် အခွင့်အာဏာအပ်နှင်းထားသည့် ရည်ရွယ်ချက်တစ်ခုခုအလို့ငှာ တာဝန်တစ်ရပ်ရပ်ကို ထမ်းဆောင်ရေးအတွက် အခွန်ထမ်း၏ နေအိမ်အတွင်းသို့ဖြစ်စေ၊ ပုဒ်မခွဲ (က) တွင် ဖော်ပြထားခြင်းမရှိသော အခြားပရဝဏ်အတွင်းသို့ဖြစ်စေ ဝင်ရောက်ခြင်း၊ ရှာဖွေခြင်း၊ စစ်ဆေးခြင်းပြုနိုင်သည်-

(၁) အခွန်ထမ်း၏ သဘောတူခွင့်ပြုချက်ဖြင့် သို့မဟုတ်

(၂) ပရဝဏ်အတွင်းသို့ ဝင်ရောက်ရန်လိုအပ်ကြောင်း ညွှန်ကြားရေးမှူးချုပ်၏ လျှောက်ထားချက်အရ သက်ဆိုင်ရာမြို့နယ်တရားရုံးမှ တရားသူကြီးက စာဖြင့်ရေးသားဖော်ပြထားသော အချိန်နှင့် ခွင့်ပြုထားသော နည်းလမ်း။

(ဂ) အခွင့်အာဏာအပ်နှင်းထားသည့် တာဝန်ခံဝန်ထမ်းသည် အောက်ပါ အချက်တစ်ရပ်ရပ်နှင့် ကိုက်ညီပါက သီးခြားပြဋ္ဌာန်းထားခြင်းမရှိသည့် အခွန်ထမ်းပိုင်ဆိုင်သည့် မည့်သည့်ပစ္စည်းကိုမဆို တိုင်းတာခြင်း၊ ဝင်ရောက်ကြည့်ရှု စစ်ဆေးခြင်း၊ ရှာဖွေခြင်းနှင့် ကာလတန်ဖိုးသတ်မှတ်ခြင်းတို့ ပြုလုပ်နိုင်သည်-

(၁) အခွန်ထမ်း၏ သဘောတူ ခွင့်ပြုချက်ရရှိခြင်း၊

(၂) အနည်းဆုံး ၂၄ နာရီ ကြိုတင်၍ စာဖြင့်အကြောင်းကြားခြင်း။

(ဃ) အခွင့်အာဏာ အပ်နှင်းထားသည့် တာဝန်ခံဝန်ထမ်းသည် နေအိမ် သို့မဟုတ် ပရဝဏ်အတွင်း ပုဒ်မခွဲ (က)၊ (ခ) သို့မဟုတ် ပုဒ်မခွဲ(ဂ)အရ ဥပဒေနှင့်အညီ ဝင်ရောက်ခြင်း၊ ရှာဖွေခြင်း၊ စစ်ဆေးခြင်း ပြုရာတွင် အောက်ပါတို့ကို ပြုလုပ်နိုင်သည်-

(၁) စာတမ်းအမှတ်အသားတစ်ခုခုကို မိတ္တူကူးယူခြင်း၊

(၂) အခွင့်အာဏာအပ်နှင်းထားသည့် ရည်ရွယ်ချက်နှင့် ဆီလျော်မှုရှိသည်ဟု ထင်မြင်ယူဆသည့် စာတမ်းအမှတ်အသား သို့မဟုတ် အခြားအရာတစ်ခုခုကို လိုအပ်ပါက သိမ်းယူခြင်း၊

(၃) စာတမ်းအမှတ်အသား သို့မဟုတ် အခြားအရာတစ်ခုခုကို မှတ်မိစေရန် တံဆိပ်အမှတ်အသားများ ရိုက်နှိပ်ခြင်း။

(င) တာဝန်ခံဝန်ထမ်းသည် ဤပုဒ်မအရ အပ်နှင်းထားသည့်အခွင့်အာဏာအရ စာတမ်းအမှတ်အသား သို့မဟုတ် အခြားအရာတစ်ခုခုကို သိမ်းယူရာတွင် တရားရုံးအမိန့်က အခြားနည်းလမ်းဖြင့် ခွင့်ပြုထားခြင်းမရှိပါက ညွှန်ကြားရေးမှူးချုပ်သည် ယင်းစာတမ်းအမှတ်အသား သို့မဟုတ် အခြားအရာကို မိတ္တူကူးယူပြီးနောက် မူရင်းကို သိမ်းဆည်းခံရသူထံ အမြန်ဆုံး ပြန်လည်ပေးအပ်ရမည်။

(စ) တာဝန်ခံဝန်ထမ်းသည် ဤပုဒ်မအရ အပ်နှင်းထားသည့် အခွင့်အာဏာအရ သိမ်းဆည်းသည့် အခြားအရာများသည် မိတ္တူကူး၍မရသည့်အပြင် တရားရုံးမှ မူလပိုင်ရှင်ထံ ပြန်လည်ပေးအပ်ရန် အမိန့်ချမှတ်ခြင်းမပြုပါက သင့်လျော်သော အချိန်ကာလတစ်ခုအထိ ယင်းအရာကို ထိန်းသိမ်းထားနိုင်သည်။

(ဆ) ဤပုဒ်မပါ အခွင့်အာဏာအရ ပြုလုပ်ထားသည့် စာတမ်းအမှတ်အသား၏ မိတ္တူကို တရားရုံးတွင် သက်သေခံ တင်ပြခွင့်ရှိပြီး ယင်းသည်မူရင်းစာတမ်းအမှတ်အသားကဲ့သို့ သက်သေခံ တန်ဖိုးရှိသည်။

(ဇ) ဤပုဒ်မပါ လုပ်ပိုင်ခွင့်များသည် အပြည်ပြည်ဆိုင်ရာဥပဒေများအရ စုံစမ်းစစ်ဆေးမှုများမှ ကင်းလွတ်ခွင့်ရထားသည့် နိုင်ငံခြားတိုင်းပြည်များ၏ သံတမန်၊ ကောင်စစ်ဝန်ချုပ် သို့မဟုတ် အခြားမစ်ရှင်များနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ ပရဝဏ်များနှင့် သက်ဆိုင်ခြင်းမရှိစေရ။

(ဈ) ဤပုဒ်မအရ ညွှန်ကြားရေးမှူးချုပ်က တောင်းခံခဲ့သော်လည်း အခွန်ထမ်း သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးဦးက ပေးအပ်ရန် ပျက်ကွက်ခဲ့သည့် စာတမ်းအမှတ်အသားများကို ယင်းအခွန်ထမ်း သို့မဟုတ် ယင်းပုဂ္ဂိုလ်က အခွန်စည်းကြပ်မှုတစ်ခုအပေါ် လက်ခံရန် ငြင်းပယ်သည့် တရားစီရင်မှုတစ်ခုခုတွင် ညွှန်ကြားရေးမှူးချုပ်၏ သဘောတူညီချက်မရဘဲ သက်သေခံအဖြစ် တင်သွင်းခွင့်မရှိစေရ။

(ည) ဤပုဒ်မအရ ဆောင်ရွက်သော အခွင့်အာဏာအပ်နှင်းထားသည့် တာဝန်ခံဝန်ထမ်းသို့မဟုတ် ညွှန်ကြားရေးမှူးချုပ်ကို သက်ဆိုင်ရာလုပ်ငန်း ပရဝဏ် သို့မဟုတ် နေရာ၏ ပိုင်ရှင်ကသော်လည်းကောင်း၊ ဥပဒေနှင့်အညီ လက်ရှိဖြစ်သူကသော်လည်းကောင်း ရုံးလုပ်ငန်းဆောင်ရွက်ရန် ထိုက်သင့်သည့်နေရာ၊ အသုံးအဆောင်နှင့် အကူအညီများ ပေးအပ်ရမည်။

(ဋ) ဤပုဒ်မအရ စာအုပ်များ၊ စာတမ်းအမှတ်အသားများ၊ မှတ်တမ်းများ၊ သို့မဟုတ် အခြားအရာများကို သိမ်းဆည်းခြင်းခံရသည့်ပုဂ္ဂိုလ် အနေဖြင့် ရုံးချိန်အတွင်း လာရောက်ကြည့်ရှု စစ်ဆေးနိုင်ပြီးမိမိကုန်ကျစရိတ်ဖြင့် မိတ္တူကူးယူနိုင်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ၂၀၁၈ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှ အဆက်*

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၄၆ | စိပ်ပုတီးအမျိုးမျိုး (အဖိုးတန် ကျောက်မျက်ရတနာဖြင့် ပြုလုပ်သည့် စိပ်ပုတီးများ မပါဝင်)။ |
| ၄၇ | ပေတံအမျိုးမျိုး၊ ခဲဖျက်အမျိုးမျိုး၊ ချွန်စက်အမျိုးမျိုး။ |
| ၄၈ | ထင်းအစားထိုးလောင်စာတောင့်။ |
| ၄၉ | အုန်းဆီ(စားအုန်းဆီမဟုတ်)။ |
| ၅၀ | ကြက်ဥ၊ ဘဲဥစသည့် ဥအမျိုးမျိုး။ |
| ၅၁ | ဖရုံစေ့၊ ဖရဲစေ့၊ သီဟိုဠ်စေ့။ |
| ၅၂ | ဘာသာရေးဆိုင်ရာအဝတ်အထည် (သင်္ကန်းစသည်တို့)။ |
| ၅၃ | ရေနံချေး။ |
| ၅၄ | ဆားအမျိုးမျိုး။ |
| ၅၅ | ကြက်ပေါင်စေး။ |
| ၅၆ | ကွမ်းသီး၊ ကွမ်းသီးခွံ။ |
| ၅၇ | စိုက်ပျိုးရေးလုပ်ငန်းများတွင် အပင်များကြီးထွားသန်မာပြီး သီးပွင့်မှု အားကောင်းစေရန်အသုံးပြုသော မြေဆီ၊ ဓာတ်မြေသြဇာအပါအဝင် မြေသြဇာအမျိုးမျိုး။ |
| ၅၈ | လယ်ယာစိုက်ပျိုးရေးသုံးပိုးသတ်ဆေးအမျိုးမျိုး၊ ပေါင်းသတ်ဆေး အမျိုးမျိုး၊ မှိုဘက်တီးရီးယား၊ နီမတုတ်များနှင့် အခြားရောဂါကျရောက် မှုမရှိစေရေးစိုက်ပျိုးရေးသုံးရောဂါကာကွယ်ဆေးနှင့်ရောဂါသတ်ဆေး အမျိုးမျိုး၊ မွေးမြူရေးသုံးခြံဖျန်းဆေးအမျိုးမျိုး(အိမ်သုံးခြင်ဆေး၊ စပရေး၊ ကြွက်သတ်ဆေးများ မပါဝင်)။ |
| ၅၉ | လယ်ယာနှင့်မွေးမြူရေး လုပ်ငန်းသုံးကိရိယာများ၊ လယ်ယာနှင့်မွေးမြူရေးလုပ်ငန်းသုံး စက်နှင့်စက်အပိုပစ္စည်းများ၊ ထွန်စက်များ၊ မြေပြုပြင် ထွန်ယက်သည်မှသီးနှံရိတ်သိမ်း ခြွေလှေ့အခြောက်ခံသည်အထိ လူ သို့မဟုတ် တိရစ္ဆာန်၏ လုပ်အားနှင့်တွဲဖက်၍ သော်လည်းကောင်း၊ စက် စွမ်းအားသီးသန့်သော်လည်းကောင်း ဆောင်ရွက်နိုင်သော ကိရိယာ၊ စက်နှင့်စက်အပိုပစ္စည်းအမျိုးမျိုး (မော်တော်ယာဉ်ဥပဒေအရ မှတ်ပုံ တင်ရန် လိုအပ်သော ယာဉ်ယန္တရားများမှအပ)၊ မွေးမြူရေးလုပ်ငန်းသုံး ကိရိယာများ၊ မွေးမြူရေးလုပ်ငန်းသုံး စက်နှင့် စက်အပိုပစ္စည်းများ။ |
| ၆၀ | တိရစ္ဆာန်၊ ငါး၊ ပုစွန်၊ အစာထုတ်လုပ်ရန် ကုန်ကြမ်းကုန်ချောပစ္စည်းများ (အိမ်မွေးတိရစ္ဆာန်များအတွက်အသုံးပြုသော တိရစ္ဆာန်အစားအစာ များ မပါဝင်)။ |
| ၆၁ | တိရစ္ဆာန်၊ ငါး၊ ပုစွန်သုံးဆေးဝါးများနှင့် ကာကွယ်ဆေးများ (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်မှတ်ရရှိပြီး ဆေးဝါးနှင့် ကာကွယ်ဆေးများ အပါအဝင်)။ |
| ၆၂ | မျိုးမြှင့်သားစပ်ရာတွင်အသုံးပြုရန် မျိုးရည်၊ မျိုးချောင်း၊ မျိုးဥ (အေးခဲမျိုးရည် အပါအဝင်)၊ သန္ဓေသားလောင်းနှင့် မေထုန်မဲ့ သားစပ် လုပ်ငန်းသုံး ကိရိယာများ။ |
| ၆၃ | ဆိုလာပန်နယ်လ်၊ ဆိုလာချာဂျာကွန်ထရိုလာနှင့် ဆိုလာအင်ဗာတာ (Solar Panel, Solar Charger Controller and Solar Inverter)။ |
| ၆၄ | ဓာတ်မှန်ဖလင်ကော်ပြား၊ ဓာတ်မှန်ရိုက်ပစ္စည်းကိရိယာ တန်ဆာ ပလာများနှင့် ကျန်းမာရေးဦးစီးဌာနက သတ်မှတ်သည့် ဆေးဘက်ဆိုင်ရာ သုံး ပစ္စည်းကိရိယာတန်ဆာပလာများ။ |
| ၆၅ | ဆေးဂွမ်း၊ ဆေးဝတ်၊ ဆေးပတ်တီး၊ ဆေးထည့်ရန် ဆေးရုံသုံးပစ္စည်းများ၊ ဆေးရုံသုံး တစ်ခါသုံး နှာခေါင်းစည်း၊ ခေါင်းစည်း၊ လက်အိတ် (Surgical Glove)၊ တုပ်ကွေး ရောဂါကူးစက်ခြင်းအား ကာကွယ်ရန် တပ်ဆင်သည့် နှာခေါင်းစည်း။ |
| ၆၆ | အိမ်သုံးဆေးဝါးနှင့် အခြားလူသုံးဆေးဝါးအမျိုးမျိုးနှင့်တိုင်းရင်းဆေးဝါး အမျိုးမျိုး(ဥပဒေ၊ နည်းဥပဒေများဖြင့် ကန့်သတ်ထားသော ဆေးဝါး များမှအပ FDA မှတ်ပုံတင် လက်မှတ်ရရှိပြီး ဆေးဝါးများ)။ |
| ၆၇ | တိုင်းရင်းဆေးဝါးကုန်ကြမ်းများ အပါအဝင် ဆေးဝါးကုန်ကြမ်းများ။ |
| ၆၈ | ကျောင်းသုံးစာအုပ်အမျိုးမျိုး၊ တက္ကသိုလ်၊ ကောလိပ်အသီးသီးတွင် အသုံးပြုနိုင်သည့် ပညာအခြေပြု၊ အတတ်ပညာအခြေပြု စာအုပ် အမျိုးမျိုး၊ ဗလာစာအုပ်၊ ပုံဆွဲ စာအုပ်အမျိုးမျိုး၊ သုတရသစာအုပ်၊ မဂ္ဂဇင်း၊ စာစောင်နှင့် သတင်းစာအမျိုးမျိုး ယင်းစာအုပ်စာပေများ ထုတ်လုပ်ရန်စက္ကူများ(40 Gsm မှ 80 Gsm အတွင်းသာ)၊ ခဲတံအမျိုးမျိုး။ |
| ၇၀ | ကွန်ဒုံး(Condom)။ |
| ၇၁ | နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ နိုင်ငံတော်အဖွဲ့အစည်း များသုံး လက်နက်ကိရိယာများ၊ ယာဉ်၊ ယန္တရားများ၊ ပစ္စည်းနှင့်ကိရိယာ များ၊ ယင်းတို့၏အရန်နှင့် အပိုပစ္စည်းများ။ |
| ၇၂ | နယ်ဘက်ဌာနသုံးယမ်းမှုန့်အမျိုးမျိုး၊ ယမ်းဘီလူးအမျိုးမျိုးနှင့်ဆက်စပ် ပစ္စည်းများ (ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ခွင့်ပြုချက်ဖြင့် တင်သွင်း သော ပစ္စည်းအမျိုးအမည်များသာ)။ |
| ၇၃ | သီးနှံများ၏ မျိုးကောင်းမျိုးသန့်၊ မျိုးစေ့၊ မျိုးပင်များ။ |
| ၇၄ | မီးသတ်ယာဉ်များ၊ နာရေးယာဉ်များ။ |
| ၇၅ | ပြည်ပသို့ထွက်ခွာမည့် ခရီးသည်များကို သီးခြားသတ်မှတ်ထားသည့် နေရာတွင် နိုင်ငံခြားငွေဖြင့် ရောင်းချသည့် ပစ္စည်းများ။ |
| ၇၆ | နှစ်နိုင်ငံအကြားအပြန်အလှန်အခွင့်အရေးမူနှင့် အကျုံးဝင်သည့် နိုင်ငံခြား သံရုံးများ သို့မဟုတ် သံရုံးငယ်များ၊ ယင်းတို့၏အဖွဲ့ဝင်များနှင့် သံတမန် မဟုတ်သော သံရုံးဝန်ထမ်းများ အသုံးပြုမည့်ကုန်စည်များ။ |
| ၇၇ | ကာကွယ်ရေးဝန်ကြီးဌာနအတွက် ခွဲဝေလျာထားပေးသည့် ရသုံးခန့်မှန်း ခြေငွေစာရင်းပါအသုံးစရိတ်မှကျခံ၍ တပ်မတော်တွင် အသုံးပြုရန်နှင့် တပ်မတော်သားများ စားသုံးရန် ဝယ်ယူသည့်ကုန်စည်များ။ |
| ၇၈ | လက်ခစားအပ်ကုန်စနစ်ဖြင့် ကုန်ချောကုန်စည်ထုတ်လုပ်ပေးခြင်း အတွက် အသုံးပြုရန် ပြည်ပနေ လုပ်ငန်းအပ်နှံသူမှ ပေးပို့သည့် ကုန်ကြမ်း သို့မဟုတ်အစိတ်အပိုင်းအဖြစ် တိုက်ရိုက်အသုံးပြုရသည့် ကုန်စည်များ၊ ထွက်ရှိလာမည့်ကုန်ချောကို ထုပ်ပိုးရာတွင် အသုံးပြုသည့် ကုန်စည်များ၊ လက်ခစားအပ်ကုန်စနစ်ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများကလုပ်ငန်း လိုအပ်ချက်အရ ပြန်လည်ရောင်းချရန်မဟုတ်သည့် တင်သွင်းလာသော စက်ပစ္စည်းများ၊ စက်ကိရိယာများ၊ ပစ္စည်းကိရိယာနှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။ |
| ၇၉ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် နိုင်ငံခြားသံတမန်များသို့ ရောင်းချပေးသည့် စက်သုံးဆီများ။ |
| ၈၀ | ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့လှူဒါန်းသည့်ငွေ သို့မဟုတ် နိုင်ငံတော်သို့ ထောက်ပံ့သည့်ငွေဖြင့် ဝယ်ယူသောကုန်စည်များ။ |
| ၈၁ | ပြည်တွင်း ပြည်ပပျံသန်းသည့်ခရီးစဉ်တွင် အသုံးပြုရန် ရောင်းချသည့် ဂျက်လေယာဉ်ဆီ။ |
| ၈၂ | လေယာဉ်သုံး သို့မဟုတ် ရဟတ်ယာဉ်သုံး စက်၊ စက်ကိရိယာ၊ ပစ္စည်း ကိရိယာနှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်း။ |
| ၈၃ | နိုင်ငံတော်၏လိုအပ်ချက်အရ ပြည်ထောင်စုလွှတ်တော်က အခွန်ကင်း လွတ်ခွင့်ပြုသည့် ကုန်စည်များ။ |
| ၈၄ | အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ယာယီတင်သွင်းခြင်း (Temporary Admission) သို့မဟုတ် ပြန်လျော့အကောက်ခွန် (Draw Back) စနစ်ဖြင့် တင်သွင်းလာသော ကုန်စည်များ။ |
| ၈၅ | အစိုးရကကြီးမှူးကျင်းပသော မြန်မာ့ကျောက်မျက်ရတနာ ပြည်တွင်း ပြပွဲများတွင် ရောင်းချသော ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ ကျောက်မျက် ရတနာအရိုင်းထည်၊ အချောထည်များ။ |
| ၈၆ | ရွှေစင်ရွှေတုံးများ(စံချိန်မီရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါး)။ |

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြပါရှိသည့် ကုန်စည်များမှတစ်ပါး အခြားကုန်စည် တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှတင်သွင်းခြင်းဖြစ်ပါက ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင် လည်းကောင်း ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်စေရမည်။ ဤဥပဒေ၏ ပုဒ်မ ၁၁ ပါ အထူးကုန်စည် တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်း ဖြစ်ပါက အထူးကုန်စည်ခွန်အပါအဝင်ဖြစ်သော ရောင်းရငွေပေါ်တွင် လည်းကောင်း၊ ပြည်ပမှတင်သွင်းခြင်းဖြစ်ပါက အထူးကုန်စည်ခွန်အပါအဝင်ဖြစ်သော ကုန်းပေါ်ရောက် တန်ဖိုးအပေါ်တွင်လည်းကောင်း ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်စေရမည်။

(ဂ) မည်သူမဆို ဤဥပဒေနှင့်အညီ ကင်းလွတ်ခွင့်ပြုထားသော ကုန်စည်နှင့် ကုန်သွယ်မှု ဆောင်ရွက်ခြင်းမှတစ်ပါး ပုဒ်မ ၁၁ ပါ အထူးကုန်စည်များ အပါအဝင် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ရောင်းရငွေအပေါ် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရမည်-

(၁) ကုန်စည်တင်သွင်း၍ ပြည်တွင်း၌ ပြန်လည်ရောင်းချခြင်း၊

(၂) ကုန်သွယ်မှုဆောင်ရွက်ခြင်း။

(ဃ) အောက်ဖော်ပြပါ ဝန်ဆောင်မှုလုပ်ငန်းများအား ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ-

| စဉ် | ဝန်ဆောင်မှုအမျိုးအစားများ |
|---|---|
| ၁ | ယာဉ်များရပ်နားရန်နေရာငှားရမ်းခြင်းဝန်ဆောင်မှုလုပ်ငန်း။ |
| ၂ | အသက်အာမခံဝန်ဆောင်မှုလုပ်ငန်း။ |
| ၃ | အသေးစားငွေချေးခြင်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း။ |
| ၄ | ခန္ဓာကိုယ်အလှပြုပြင်ခြင်းမှအပဖြစ်သည့် ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်း။ |
| ၅ | ပညာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၆ | ကုန်စည်သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း (ပိုက်လိုင်းဖြင့် သယ်ယူ ပို့ဆောင်ရေးမှအပဖြစ်သည့် ရထား၊ မော်တော်ယာဉ်၊ ရေယာဉ်၊ လေယာဉ်၊ ဝန်ချီစက်များဖြင့် သယ်ပို့ပေးခြင်း)။ |
| ၇ | အရင်းအနှီးဈေးကွက်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း။ |
| ၈ | ဘဏ်နှင့် ဗဟိုဘဏ်မှခွင့်ပြုချက်ဖြင့် ဆောင်ရွက်နေသော ငွေရေးကြေး ရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း။ |
| ၉ | အကောက်ခွန်၊ ဆိပ်ကမ်းရှင်းလင်းရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၀ | ညှိခံကျွေးမွေးရေးအတွက်ပစ္စည်းငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၁ | ကုန်ကြမ်းပေး၊ ကုန်ချောယူစနစ်ဖြင့် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှု လုပ်ငန်းများ။ |
| ၁၂ | နာရေးဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၁၃ | ကလေးသူငယ်ပြုစုပျိုးထောင်ရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၄ | ရိုးရာအကြောပြင်ဝန်ဆောင်မှုလုပ်ငန်း။ မျက်မမြင် အကြောပြင် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၅ | နေအိမ်ရွှေ့ပြောင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၆ | လမ်းအသုံးပြုခကောက်ခံသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၇ | တိရစ္ဆာန်ကျန်းမာရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး ဝန်ဆောင်မှု လုပ်ငန်း။ |
| ၁၈ | အများသုံးသန့်စင်ခန်းအသုံးပြုခကောက်ခံခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၉ | ပြည်တွင်းပြည်ပလေကြောင်းခရီးသည်ပို့ဆောင်ရေး ဝန်ဆောင်မှု လုပ်ငန်း။ |
| ၂၀ | ယဉ်ကျေးမှုအနုပညာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၁ | အများပြည်သူခရီးသည်သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၂ | နိုင်ငံတော်အဖွဲ့အစည်းများသို့ ဆောင်ရွက်မှုတစ်ရပ်ရပ်လုပ်ကိုင်ခွင့်ရ ရှိရန်အတွက် ပေးချေရသည့် လိုင်စင်ကြေးများ။ |
| ၂၃ | ကာကွယ်ရေးဝန်ကြီးဌာန၏လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းမှ ပုံနှိပ် ထုတ်ဝေမှု ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၄ | နှစ်နိုင်ငံအကြားအပြန်အလှန်အခွင့်အရေးမူနှင့် အကျုံးဝင်သည့်နိုင်ငံခြား သံရုံးများ သို့မဟုတ် သံရုံးငယ်များ၊ ယင်းတို့၏အဖွဲ့ဝင်များနှင့် သံတမန် မဟုတ်သော သံရုံးဝန်ထမ်းများက ရယူသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၅ | ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့လှူဒါန်းသည့်ငွေ သို့မဟုတ် နိုင်ငံတော်သို့ထောက်ပံ့သည့်ငွေဖြင့် ရယူသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၆ | နိုင်ငံတော်၏လိုအပ်ချက်အရ ပြည်ထောင်စုလွှတ်တော်က အခွန်ကင်း လွတ်ခွင့်ပြုသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၂၇ | နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ လူမှုဖူလုံရေးအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ရုံး၊ ဦးစီးဌာနစသည့် အဖွဲ့အစည်းအချင်းချင်းဆောင်ရွက် ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ (နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ကို ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ပေးစေခြင်း၊ နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများက ဝန်ဆောင်မှုရယူခြင်းမပါ)။ |
| ၂၈ | အောင်ဘာလေသိန်းထီလုပ်ငန်း။ |
| ၂၉ | စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၃၀ | စာအုပ်စာပေ၊ မဂ္ဂဇင်း၊ စာစောင်၊ သတင်းစာထုတ်ဝေရေးဝန်ဆောင်မှု လုပ်ငန်းများ။ |

(င) ပုဒ်မခွဲ (ဃ) ပါ ဝန်ဆောင်မှုလုပ်ငန်းများမှတစ်ပါး ပြည်တွင်း၌ဆောင်ရွက်သည့် အခြားဝန်ဆောင်မှုလုပ်ငန်းများမှရငွေအပေါ်တွင် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

*ဆက်လက်ဖော်ပြပါမည်*

# ယခုနှစ်တွင် ပဲစင်းငုံ ဝယ်ယူသိုလှောင်သူ နည်းပါးနေ



**နေပြည်တော် မေ ၁**

ပြီးခဲ့သည့်နှစ်များက ပဲစင်းငုံဈေးနှုန်း ကျဆင်းခဲ့ခြင်းကြောင့် ယခုနှစ်တွင် ပဲစင်းငုံကို ဝယ်ယူသိုလှောင်သူ နည်းပါးလာကြောင်း ပဲကုန်သည်များထံမှ သိရသည်။

"မြန်မာ့ပဲစင်းငုံတစ်တန်ကို ဒီတစ်ပတ်တွင်းမှာပဲ ကန်ဒေါ်လာ ၆၃၅ ဒေါ်လာနီးပါးအထိ ရှိနေတယ်၊ တစ်ပတ်အတွင်းမှာပဲ ၁၀ ဒေါ်လာနီးပါး ဈေးကျလာတယ်။ ဒါကြောင့်တောင်သူတွေအတွက် အဆင်မပြေသလို ကုန်သည်တွေအနေနဲ့ အိန္ဒိယရဲ့မတည်ငြိမ်သေးတဲ့ ဈေးကွက်အခြေအနေရယ်၊ အခွန်ကောက်ခံဖို့ လုပ်နေတာတွေရယ်ကြောင့် စောင့်ကြည့်ရမယ့် သဘောရှိတယ်" ဟု ပဲစင်းငုံကုန်သည် ဦးကျော်ကျော်စိုးက ပြောသည်။

ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုတွင် ပဲစင်းငုံ ၁၉ ရာခိုင်နှုန်းခန့် ရှိနေပြီး တစ်နှစ်လျှင် တန်ချိန် နှစ်သိန်းဝန်းကျင်ခန့် ရောင်းချနေရကြောင်း သိရသည်။ ပြီးခဲ့သည့်နှစ်က မြန်မာနိုင်ငံတွင် ပဲအထွက်နှုန်း များပြားခဲ့သော်လည်း ဈေးနှုန်းကျဆင်းမှုကြောင့် ပဲမျိုးစုံစိုက်တောင်သူများ ဝင်ငွေလျော့ကျနေကြောင်း သိရသည်။

"ပဲစင်းငုံရဲ့ ၉၉ ရာခိုင်နှုန်းကို အိန္ဒိယကိုပို့ပြီးတော့ ထိုင်းဘက်ကို အနည်းငယ်လောက်ပဲ ပို့ထားနိုင်တယ်၊ အိန္ဒိယက ဝယ်ဖို့မသေချာတော့ ပဲစင်းငုံစိုက်တဲ့တောင်သူတွေ ပိုပြီးနစ်နာလာဖို့ပဲရှိတယ်၊ ကုန်သည်နဲ့ တောင်သူလက်ထဲမှာ ပဲစင်းငုံ တန်ချိန်သုံးသိန်းလောက်အထိ ရှိနိုင်တော့ ဒီကြားထဲမှာသာ ဈေးကွက်သစ်မရှာနိုင်ရင်တော့ ဘယ်လိုမှ အဆင်မပြေနိုင်တော့ဘူး" ဟု မန္တလေးမြို့ရှိ ရေမြေ ပဲမျိုးစုံပွဲရုံပိုင်ရှင် ဦးလှဋ္ဌေးက ပြောသည်။

လက်ရှိထွက်ရှိနေသည့် ပဲစင်းငုံများသည် အချိန်အခါမဟုတ် မိုးရွာသွန်းခဲ့မှုကြောင့် သီးနှံအရည်အသွေး ညံ့ဖျင်းခြင်း၊ ပြည်ပမှ ဝယ်ယူမှုလျော့ကျလာခြင်း၊ ပဲစင်းငုံဈေးနှုန်း မတည်ငြိမ်ခြင်းတို့ကြောင့် တောင်သူများ အရှုံးပေါ်နေမှုကို ကာမိစေရန်အတွက် အစိုးရနှင့်ကုန်သည်များက တောင်သူများထံမှ တိုက်ရိုက်ဝယ်ယူပေးရန် လိုအပ်ကြောင်းလည်း ၎င်းက ဆိုသည်။

လက်ရှိတွင် ပြည်တွင်းထွက် ပဲစင်းငုံများကို အခြေခံကာ တန်ဖိုးမြှင့်စားသောက်ကုန်များ ထုတ်လုပ်နိုင်ရန်အတွက် နည်းပညာသင်တန်းများကို နိုဝင်ဘာမှစ၍ ပြည်တွင်း၌ စဉ်ဆက်မပြတ်ဖွင့်လှစ်ကာ အာဟာရပြည့် ပဲစင်းငုံခေါက်ဆွဲ၊ အာဟာရမှုန့်၊ အချိုမှုန့်အစားထိုး ဟင်းခတ်မှုန့်၊ ပဲမုန့်၊ ပဲချောင်းကြော်၊ စာကလေးခွေ၊ ပဲငါးပိ၊ ပဲငံပြာရည်နှင့် အခြားစားသောက်ကုန်များအဖြစ် ထုတ်လုပ်နိုင်ရန် သင်တန်းများ အခမဲ့ ဖွင့်လှစ်သင်ကြားပေးခြင်းဖြင့် ပြည်တွင်း၌ အတိုင်းအတာတစ်ခုအထိ ဈေးကွက်ရလာရန် ဆောင်ရွက်နေကြောင်း သိရသည်။

**မြတ်သူ(AMIA)၊ ဓာတ်ပုံ-ကေဇူး(AMIA)**

# လာမည့်ဘဏ္ဍာနှစ်တွင် ထိုင်းနိုင်ငံသို့ သီဟိုဠ်စေ့သုံးတန်ခွဲခန့် တင်ပို့ရောင်းချသွားမည်

**နေပြည်တော် မေ ၁**

လာမည့်ဘဏ္ဍာနှစ်တွင် ထိုင်းနိုင်ငံဘက်သို့ သီဟိုဠ်စေ့သုံးတန်ခွဲခန့် တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း သီဟိုဠ်စေ့တင်ပို့ရေး လုပ်ငန်းရှင်များအစုအဖွဲ့မှ သိရသည်။

"ပို့တာတော့ တိုင်းဒေသကြီးနဲ့ပြည်နယ်အလိုက် ဝယ်ယူစုဆောင်းမယ်၊ ပြီးရင် နိုင်ငံတကာဈေးကွက်ပေါက်ဈေးအရ ရောင်းမယ်၊ မတ်လကုန်လောက်ဆိုရင် စတင်ပေါ်ချိန်ရောက်ပြီး တချို့ခြံတွေကတော့ အနည်းငယ်ထွက်နေပြီ၊ ထိုင်းလုပ်ငန်းရှင်အများစုက ပြန်လည်ထုပ်ပိုးပြီးတော့ နိုင်ငံတကာကို ပို့တာဖြစ်တယ်၊ သီဟိုဠ်စေ့ကို ပြည်တွင်းဈေးကွက်က စားသုံးမှုနည်းတော့ ပြည်ပပို့တာများတယ်" ဟု ယင်းအစုအဖွဲ့ ဒါရိုက်တာတစ်ဦးက ပြောသည်။

လက်ရှိတွင် သီဟိုဠ်စေ့ကို တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးထုတ်လုပ်နေပြီး ပုသိမ်ခရိုင်အတွင်းရှိ ပုသိမ်၊ သာပေါင်း၊ ရှောပြာမြို့နယ်များမှ ထွက်ရှိသော သီဟိုဠ်စေ့မှာ အရည်အသွေးကောင်းမွန်ကာ ပင်လယ်ပိုင်းဒေသများဖြစ်သည့် ချောင်းသာ၊ ငွေဆောင်၊ ငပုတော၊ ပြင်ခရိုင်နှင့် ဟိုင်းကြီးကျွန်းဝန်းကျင်ဒေသများတွင် ထွက်ရှိသော သီဟိုဠ်များမှာ အရည်အသွေးအနည်းငယ်နိမ့်ကျမှု ရှိကြောင်း သိရသည်။

"ပြည်တွင်းစားသုံးမှုက ၄ ရာခိုင်နှုန်းလောက်ပဲရှိတယ်၊ ကျန်တာ ပြည်ပပို့တာ၊ ထိုင်း၊ အာဖရိကနိုင်ငံတွေက တင်သွင်းစားသုံးမှုများတယ်၊ တစ်ခုပဲ စိုက်တဲ့သူတွေကို တောင်းဆိုချင်တာက ခူးဆွတ်ချိန် မှန်မှန် ခူးဆွတ်ပေးဖို့ မလောဖို့ပါ၊ မဟုတ်ရင် အနုစေ့တွေပါပြီးတော့ ဈေးကွက် သွေဖယ်သွားနိုင်လို့ပါ" ဟု သီဟိုဠ်စေ့ တင်ပို့ရောင်းချနေသူ ဒေါက်တာဇော်သက်ထွေးက ပြောကြားသည်။

လက်ရှိတွင် သီဟိုဠ်စေ့ တစ်တန်လျှင် ပျမ်းမျှ ငွေကျပ်ကိုးသိန်းနီးပါး ဈေးရှိပြီး ယခင်နှစ်ကဈေးထက် ငွေကျပ်နှစ်သောင်းခန့် မြင့်တက်လာကြောင်း၊ ထိုင်း၊ အာဖရိကနိုင်ငံများ၊ တရုတ်နှင့် ဩစတြေးလျနိုင်ငံတို့သို့ အများဆုံးတင်ပို့နေပြီး ကမ္ဘာ့သီဟိုဠ်စေ့ဝယ်လိုအားမှာ ယခုနှစ်တွင်လည်း ဆက်လက်မြင့်တက်လာမည်ဟု ခန့်မှန်းချက်များကြောင့် စိုက်ပျိုးထားသူများအနေဖြင့် ဈေးကွက်အလားအလာ ကောင်းမွန်လာရန် မျှော်လင့်နေကြောင်း သိရသည်။

လက်ရှိ ပြည်တွင်းဈေးကွက်တွင် သီဟိုဠ်စေ့ တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀ မှ ၁၇၀၀ ခန့်ဈေးဖြင့် အရောင်းအဝယ်ရှိနေသည့်အပြင် သီဟိုဠ်စေ့အခွံကို လောင်စာအဖြစ်အသုံးပြုရန် တစ်တင်းခွဲတစ်အိတ်လျှင် ကျပ် ၇၀၀ ခန့်ဖြင့် ရောင်းချနေရကြောင်း သိရသည်။

နှစ်ရှည်သီးနှံဖြစ်သည့် သီဟိုဠ်စေ့များမှာ ဖေဖော်ဝါရီနှင့် မတ်လကုန်ဝန်းကျင်တွင် ဈေးကွက်သို့ စတင်ဝင်ရောက်လာပြီး မေ၊ မေလများတွင်မူ မိုးရွာသွန်းမှုကြောင့် သီဟိုဠ်ခူးဆွတ်ရာတွင် အသီးများ မဲသွားကာ ဈေးကွက်တွင် အရောင်းအဝယ်နည်းလေ့ရှိကြောင်း သိရသည်။

**ဇာလင်းသူ(AMIA)**

# ဝက်အရှင်များကို တရုတ်မှ ဝယ်လိုအားရှိသော်လည်း လိုအပ်သလောက် တင်ပို့နိုင်မှုမရှိ

**မူဆယ် မေ ၁**

တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံမှ ဝက်အရှင်များကို ဝယ်လိုအားရှိနေသော်လည်း ပြည်တွင်းတွင် ဝက်မွေးမြူရေးလုပ်ကိုင်သူ နည်းပါးခြင်းနှင့် ပြည်တွင်းစားသုံးမှု လိုအပ်ချက်ကြောင့် တရုတ်မှ ဝယ်လိုအားလိုအပ်ချက်အတိုင်း ပြည့်မီအောင် တင်ပို့နိုင်မှုမရှိကြောင်း မူဆယ်ရှိ ကုန်သည်များထံမှ သိရသည်။

"အရင်နှစ် တင်ပို့တုန်းကလည်း အမှာရှိသလောက် မတင်ပို့နိုင်ခဲ့သလို အခုနှစ်လည်း ဒီတိုင်းပဲ ဖြစ်နေတယ်၊ ကျေးရွာတွေမှာ ဝက်မွေးမြူမှုအများဆုံးဆိုပေမယ့် အားလုံးနီးပါးဟာ တစ်ပိုင်တစ်နိုင်တွေပဲ များနေတော့ မြို့နယ်အလိုက် ဆင်းဝယ်တဲ့အခါမှာ လိုအပ်တဲ့ဝက်ကောင်ရေမရဘူး၊ ဆယ်ကောင်နဲ့အထက် မွေးတဲ့သူ နည်းနည်းလောက်ပဲ တွေ့ရတယ်၊ ဒါကြောင့် ကျေးလက်နေသူတွေအနေနဲ့ တစ်ဖက်တစ်လမ်းက ဝင်ငွေရရှိအောင် တိုးချဲ့မွေးမြူကြဖို့နဲ့ အစာကုန်ကြမ်း ဈေးကြီးမြင့်မှုကိုလည်း ထိန်းသိမ်းပေးဖို့ လိုတယ်" ဟု မန္တလေး-မူဆယ်ကုန်သည် ဦးမြဟန်စိုးက ပြောသည်။

မန္တလေးတိုင်းဒေသကြီးရှိ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ ဝမ်းတွင်း၊ တံတားဦး၊ မြင်းခြံ၊ ရမည်းသင်း၊ ပျော်ဘွယ်၊ မလှိုင် စသည့်မြို့နယ်များရှိ ဝက်မွေးမြူသူများနှင့် တွေ့ဆုံ၍ စီးပွားဖြစ်မွေးမြူနိုင်ရန် ကြိုတင်ချိတ်ဆက် ဆောင်ရွက်မှုများ ပြုလုပ်သွားရန်လည်း အစီအစဉ်ရှိကြောင်း ၎င်းက ဆိုသည်။

"ဝက်အရှင်ပို့တာ အကောင်ရဲ့ ကီလိုအပေါ် မူတည်ပြီးတော့ ဈေးရတယ်၊ ဈေးကတော့ နေ့စဉ် ပြောင်းလဲနေတယ်၊ မြို့နယ်အလိုက် ဒေသခံကုန်သည်တွေကနေတစ်ဆင့် ဝယ်ယူစုဆောင်းပြီးတော့ မူဆယ်ကနေတစ်ဆင့် ပို့တာဖြစ်လို့ လမ်းမှာကြန့်ကြာတဲ့ရက်က နှစ်ရက် သုံးရက်လောက် ကြာတယ်၊ တစ်ခါဝယ်ယူစုဆောင်းရင် အကောင်ရေ ၂၀ ကျော် ပါမှလည်း တွက်ခြေကိုက်တာ" ဟု ကုန်သည် ဦးထွန်းဦးက ပြောသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တရုတ်နိုင်ငံသို့ ဆိတ်အရှင်ကောင်ရေ ၄၁၄၇၀ ခန့် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၁၈ သန်း၊ ဝက်အရှင်ကောင်ရေ ၄၀၀၀ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၀ ဒသမ ၄၈ သန်း တင်ပို့နိုင်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဇန်နဝါရီ ၂၅ ရက်အထိ ဝက်အရှင် ၁၂၅၀ ခန့် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၀ ဒသမ ၁၅ သန်း ရရှိထားကြောင်း သိရသည်။

**ဇာလင်းသူ(AMIA)**

# တရုတ်နိုင်ငံသို့ အမဲသားဘေးထွက်ပစ္စည်းများကို ပို့ကုန်လိုင်စင်ဖြင့် တင်ပို့ခွင့်ပြု

**မူဆယ် မေ ၁**

မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ပြည်တွင်းထွက် အေးခဲ အမဲသား၊ အမဲသား (အခြောက်)နှင့် အမဲဘေးထွက်ပစ္စည်းများကို ပို့ကုန်လိုင်စင်ဖြင့် တရားဝင် တင်ပို့ခွင့်ပြုနေကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

"ပို့တာတော့ အေးခဲသားရော၊ နွားအရှင်ရောပေါ့။ နှစ်ခုစလုံး ခွင့်ပြုထားတယ်" ဟု ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက ပြောသည်။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုနေသော ခိုင်းကျွဲ၊ ခိုင်းနွားများကို ထိခိုက်မှုမရှိစေဘဲ ပြည်တွင်းတွင် တောင်သူများမွေးမြူထားသော ကျွဲ၊ နွားများသာမက မွေးမြူရေးလုပ်ငန်းရှင်များနှင့် ကျေးလက်နေပြည်သူများ တစ်ပိုင်တစ်နိုင် မွေးမြူထားသော ကျွဲ၊ နွားများကိုပါ ပြည်ပသို့ တင်ပို့ရောင်းချလုပ်ကိုင်လာကြောင်း သိရသည်။



"တရုတ်နိုင်ငံရဲ့ ဒီအသားနဲ့ပတ်သက်လို့ လိုအပ်ချက်က တော်တော်ကို ကြီးမားပါတယ်၊ တစ်နှစ်တစ်နှစ်ကို နွားကောင်ရေ သန်းပေါင်းများစွာလိုပါတယ်၊ အဲဒီတော့ အိမ်နီးချင်းနိုင်ငံတွေဆီက ရသမျှကို သုံးနိုင်တယ်၊ တစ်နှစ်ကို ဒီကနေ နွားကောင်ရေ နှစ်သိန်းလောက် စားသုံးတယ်၊ ဒီအကောင်ရေကိုရရှိအောင် ဘယ်နည်းနဲ့ ယူသလဲဆိုရင် တစ်ဖက်နိုင်ငံရဲ့ ညီမျှတဲ့စီးပွားရေးကုန်သွယ်မှုစနစ်အရ မဟုတ်ဘဲနဲ့ သူတို့နိုင်ငံအတွက် ဒီနွားတွေကို တင်သွင်းတဲ့နေရာမှာ ကျန်းမာရေးအရညီညွတ်ကြောင်း စစ်ဆေးထားတဲ့ ထောက်ခံချက်တွေယူပြီးတော့ တင်သွင်းတယ်၊ အမဲသားတင်ပို့တဲ့အခါမှာ နွားမှာဖြစ်လေ့ရှိတဲ့ ခေါင့်သန်းရောဂါတွေ ကင်းစင်ဖို့လိုအပ်တယ်" ဟု မန္တလေးတိုင်းဒေသကြီးမှ ကျွဲ၊ နွားမွေးမြူတင်ပို့နေသည့် အလတ်စားလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ကျေးလက်နေ ပြည်သူများအတွက် နွားမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် မြန်မာတစ်နိုင်ငံလုံး၌ လယ်ယာသုံးခိုင်းစေနိုင်သည့် ကျွဲ၊ နွား အကောင်ရေ သိန်း ၅၀ ကျော်ရှိကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်သန်းက ပြောသည်။

မြန်မာနိုင်ငံမှ ကျွဲ၊ နွားများတွင် အဖြစ်များသည့် ကူးစက်ရောဂါများဖြစ်သော လည်ချောင်းကွဲရောဂါ၊ ခေါင့်သန်းရောဂါနှင့် ပေါင်ပုပ်လက်ပုပ်ရောဂါ ကာကွယ်ရေးအတွက် ကာကွယ်ဆေး စုစုပေါင်း ၇ ဒသမ ၃၃၁ သန်းကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြည်သူများ မွေးမြူထားသော ကျွဲ၊ နွားကောင်ရေ ၁ ဒသမ ၉၅၄ သန်းကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက အခမဲ့ကာကွယ်ဆေးထိုးပေးခဲ့ကြောင်း သိရသည်။

**မြတ်သူ(AMIA)၊ ဓာတ်ပုံ-ကေဇူး(AMIA)**

# မြို့သစ်မြို့နယ်မှ စပါးစိုက်ခင်းများတွင် ဖျက်ပိုးကာကွယ်ရေး ဆောင်ရွက်

**မြို့သစ် မေ ၁**

မကွေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေး ဘက်စုံအဆင့်မြှင့်တင်၍ နိုင်ငံစီးပွားရေး ဖွံ့ဖြိုးမှုအထောက်အကူပြုစေရန်ဟူသော မျှော်မှန်းချက်နှင့်အညီ စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများအား စိုက်ပျိုးရေး အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသလို ဘက်စုံအဆင့်မြင့်စိုက်ပျိုးရေးနည်းပညာသုံး စံပြကျေးရွာများ ရွေးချယ်ပြီး စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက အနီးကပ် ပိုမိုထိရောက်စွာ ကူညီပေးခြင်းများလည်း ဆောင်ရွက်လျက်ရှိရာ မကွေးခရိုင် မြို့သစ်မြို့နယ် မြေပြင်သာအုပ်စု သန်းကုန်းကျေးရွာရှိ နွေစပါးမျိုးသန့်ထုတ် ဧက ၂၀ အတွင်း စပါးဆစ်ပိုးကျရောက်မှု ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းအဖြစ် ဇီဝသက်ရှိကပ်ပါးနကျယ်ကောင်များ စုပေါင်းလွှတ်ပေးခြင်းကို မတ် ၂၉ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးပညာရှင် အဖွဲ့များ၊ တိုင်းဒေသကြီး သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်မော်မော်ဝင်းနှင့်အဖွဲ့များ၊ မျိုးစေ့တာဝန်ခံများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဒေသခံတောင်သူများနှင့် ပူးပေါင်း၍ စပါးခင်းများတွင် ဆစ်ပိုးကျရောက်မှု ကြိုတင်ကာကွယ်ရေးအတွက် ဇီဝသက်ရှိကပ်ပါးနကျယ်ကောင်များ စုပေါင်းလွှတ်ပေးခဲ့ပြီး အပင်ဇီဝနည်းပညာဗဟိုဌာန၏ စပါးမျိုးသစ်ခုနစ်မျိုး စမ်းသပ်စိုက်ခင်းများတွင်လည်း နကျယ်ကောင်များ လွှတ်ပေးခဲ့ကြောင်း သိရသည်။

**ဇော်ဇော်(မြို့သစ်)**

# ဖော်ထုတ်ပြီး စနစ်ကျလယ်ယာမြေများတွင် နွေစပါးစိုက်ပျိုးနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဧပြီ ၁**

နေပြည်တော် လယ်ဝေးမြို့နယ် ပေါင်းလောင်းဆည်ရေသောက် ဧရိယာအတွင်းရှိ ပေါက်မြိုင်နှင့် ပုံချီကျေးရွာတို့တွင် IFAD ချေးငွေဖြင့် စနစ်ကျလယ်ယာမြေ ဖော်ထုတ်ခြင်းလုပ်ငန်း ၈၂၁ ဧကကို ဆောင်ရွက်ခဲ့ပြီးနောက် အဆိုပါလယ်မြေများတွင် နွေစပါးစိုက်ပျိုးနိုင်ရေးအတွက် တာဝန်ရှိသူများ မတ် ၃၀ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန် ဦးဆောင်၍ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး ၅၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ မြို့နယ်နှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များက စနစ်ကျလယ်ယာမြေဖော်ထုတ်ရေး စီမံကိန်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေမှုအခြေအနေကို ကြည့်ရှုပြီး ဖော်ထုတ်ပြီးသည့် အဆိုပါ လယ်ယာမြေများကို တောင်သူများထံသို့ အပ်နှံပြီးစီးမှုအခြေအနေနှင့် ရေသွင်း၍ နွေစပါးစတင်စိုက်ပျိုးရန် ဆောင်ရွက်နေမှု အခြေအနေများကို စိစစ်ကြည့်ရှုခဲ့ပြီး တောင်သူများနှင့်တွေ့ဆုံကာ နွေစပါး အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်လုပ်ကိုင်နိုင်ကြရန် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများက ညှိနှိုင်းစီမံပေးခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**



# အအေးခန်းပါသည့် စက်ရုံအရေအတွက် နည်းနေသည့်အတွက် ရေထွက်ပို့ကုန်လုပ်ငန်းများ အခက်အခဲ ကြုံတွေ့နေ

**ရန်ကုန် ဧပြီ ၁**

မြန်မာနိုင်ငံ၌ ရေထွက်ပို့ကုန်ထုတ်လုပ်ရာတွင် အအေးခန်းပါသည့်စက်ရုံအရေအတွက် နည်းပါးနေသည့်အတွက် ကုန်သိုလှောင်ရာတွင် အခက်အခဲများကြုံတွေ့နေရကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် တာဝန်ရှိသူထံမှ သိရသည်။

အမေရိကန်နှင့် အီးယူနိုင်ငံများက ရေထွက်ပို့ကုန်များအတွက် ပိတ်ဆို့မှုများကို ဖြေလျှော့လိုက်ပြီဖြစ်၍ ဈေးကွက်အခွင့်အလမ်း ကျယ်ပြန့်လာသော်လည်း ကုန်ပစ္စည်းထုတ်လုပ်မှု တိုးမြှင့်ရေးအတွက် မဆောင်ရွက်နိုင်ခြင်းမှာ ငွေကြေးလိုအပ်ချက်နှင့် လျှပ်စစ်စွမ်းအင်လိုအပ်ချက်တို့ကြောင့်ဖြစ်ကြောင်း သိရသည်။

"အမေရိကန်တို့၊ အီးယူဈေးကွက်တို့ကို ပို့ဖို့က ကုန်ပစ္စည်း Quality(အရည်အသွေး)ကောင်းဖို့ လိုတယ်၊ စက်ရုံ အရည်အသွေးကောင်းဖို့ လိုတယ်၊ ဒီလိုတွေဖြစ်အောင်လုပ်ဖို့က ငွေကြေးအရင်းအနှီးနဲ့ လျှပ်စစ်မီးလုံလုံလောက်လောက်ရဖို့ လိုတယ်၊ အရည်အသွေးမြင့်ထုတ်ကုန်တွေရဖို့ Energy Driven Fishery Economy လို့ခေါ်တဲ့ ခေတ်သစ်မွေးမြူရေး စနစ်တွေနဲ့ ဆောင်ရွက်ဖို့ အအေးခန်းပါတဲ့စနစ်က လိုအပ်တယ်" ဟု ယင်းအဖွဲ့ချုပ်အတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောသည်။

လက်ရှိအချိန်တွင်မူ မြန်မာနိုင်ငံ၌ အအေးခန်းပါသည့် ရေထွက်ပို့ကုန်ထုတ်လုပ်ရေး စက်ရုံ ၁၀၀ ကျော်ရှိသော်လည်း စက်ရုံ ၂၀ ခန့်သာ အီးယူ၏ အသိအမှတ်ပြုလက်မှတ်ကို ရရှိထားကြောင်း သိရသည်။

အအေးခန်းစနစ်ဖြင့် ငါးလုပ်ငန်းကဏ္ဍ အသွင်ပြောင်းလဲတည်ဆောက်မှုနှင့် အမယ်စုံထုတ်လုပ်ခြင်းဖြင့် အလားအလာကောင်းသည့် ငါးလုပ်ငန်းပို့ကုန်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ကမ္ဘာ့ဝယ်လိုအားမြင့်မားနေသည့် အလုမွေးငါး အပါအဝင် ငါးလုပ်ငန်းပို့ကုန်များအတွက် အကျိုးအမြတ် ရရှိစေရေး၊ နိုင်ငံတကာ ငါးလုပ်ငန်းကဏ္ဍတွင် လိုက်နာကျင့်သုံးနေသည့် အရည်အသွေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ စံချိန်စံနှုန်းများနှင့်ပတ်သက်၍ စိန်ခေါ်မှုများကို ထိရောက်စွာဆောင်ရွက်နိုင်စေရေး စသည့်အချက်များကို အစိုးရနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဟုလည်း ၎င်းကဆိုသည်။



လက်ရှိ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ရေထွက်ကုန်ပြည်ပတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၇၀၀ ရရှိရန် မျှော်မှန်းထားပြီး လာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၁၀၀၀ အထိ တင်ပို့နိုင်ရန် မျှော်မှန်းထားကြောင်း၊ ပြည်ပတင်ပို့မှု တိုးတက်စေရန်အတွက်လည်း ငါး၊ ပုစွန် မွေးမြူရေးဇုန်များ အကောင်အထည်ဖော်ကာ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများကို နည်းပညာများ ပံ့ပိုးပေးမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က ပြည်ပသို့ ရေထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၅၈ သန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အမေရိကန် ဒေါ်လာ ၄၂၂ သန်းကျော်နှင့် ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မကုန်မီ ကိုးလတာအတွင်း အမေရိကန်ဒေါ်လာ သန်း ၅၀၀ ခန့် စံချိန်တင်ရရှိထားပြီး ဘဏ္ဍာနှစ်အကုန်တွင် အမေရိကန်ဒေါ်လာ သန်းပေါင်း ၇၀၀ ခန့် ရရှိရန် မျှော်မှန်းထားကြောင်း သိရသည်။

**ဇာလင်းသူ(AMIA)၊ ဓာတ်ပုံ-ကေဇူး(AMIA)**

# ရေတာရှည်နှင့် မြို့လှမှ တောင်သူများအတွက် ကြံသီးနှံနည်းပညာပေး သင်တန်းဖွင့်

**ရေတာရှည် ဧပြီ ၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းရှိ ရေတာရှည်အမှတ် ၆ သကြားစက်နှင့် မြို့လှ အမှတ် ၅ သကြားစက် ဧရိယာအတွင်းရှိ ကြံစိုက်ပျိုးသည့်တောင်သူများအား ကြံသီးနှံဆိုင်ရာ နည်းပညာပေးသင်တန်းကို မတ် ၂၉ ရက်က ဆွာမြို့ အမှတ် ၂ ရပ်ကွက်ရှိ လူထုအခြေပြုလေ့လာမှုစခန်း၌ ဖွင့်လှစ်ပို့ချခဲ့သည်။

သင်တန်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းမြင့်တို့က အမှာစကားပြောကြားပြီး ကြံမျိုးများ၏သွင်ပြင်လက္ခဏာနှင့် ပိုးမွှားများအကြောင်း၊ ကြံသီးနှံ အထွက်တိုးရေးအတွက် စနစ်တကျစိုက်ပျိုးနည်းများ စသည့် သင်ခန်းစာများအပြင် တစ်ဧကအထွက်နှုန်း တိုးတက်နိုင်မည့် နည်းလမ်းများနှင့် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးရေး စသည်တို့ကို သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

စပါးပြီးလျှင် ဈေးကွက်အကောင်းဆုံးဖြစ်သည့် ကြံသီးနှံကို ရေတာရှည်မြို့နယ်အတွင်းမှ တောင်သူများအနေဖြင့် တိုးချဲ့စိုက်ပျိုးလျက်ရှိရာ ရေတာရှည်အမှတ် ၆ သကြားစက်နှင့် မြို့လှ အမှတ် ၅ သကြားစက် စက်ရုံနှစ်ခု၏ ဧရိယာအတွင်း ကြံစိုက်ဧကပေါင်း ၁၄၇၀၀ ကို စိုက်ပျိုးထားကြောင်းလည်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး၏ ပြောကြားချက်အရ သိရသည်။

**ကိုလွင်(ဆွာ)**

# တစ်ပတ်အတွင်း စိုက်ပျိုးရေးထွက်ကုန်ဈေးကွက်

**(မတ် ၂၆ မှ ၃၀ ရက်အထိ)**

ဒီတစ်ပတ်မှာ ဆန်ချောတွေရော ဆန်ချောစပါးတွေပါ ဈေးငြိမ်နေပြီး ဆန်ကြမ်းကတော့ ဆန်ရော စပါးမှာပါ ဈေးတက်လာပါတယ်။ မတ်ပဲကတော့ ဒီတစ်ပတ်မှာ ထင်ထားတာထက် ဈေးပိုမိုကျဆင်းသွားပေမယ့် ပဲစင်းငုံနီကတော့ အတက်ဈေးနဲ့ ရှိနေပါတယ်။ နှမ်းမျိုးစုံကတော့ ဈေးအတက်အကျ တည်ငြိမ်မှုမရှိပါဘူး။ နှမ်းဝင်ရောက်မှုကလည်းမရှိတော့ လက်ကျန်နှမ်းတွေကိုသာ ရောင်းချနေရတဲ့ အခြေအနေမှာ ရှိနေပါတယ်။

**မတ်ပဲ (FAQ/RC)**

ဒီတစ်ပတ်မှာတော့ မတ်ပဲက ထင်တာထက် ဈေးကျဆင်းသွားတာကို တွေ့ရပါတယ်။ ပြည်တွင်းမှာတော့ နေ့စဉ် အဝင်ရှိပြီး အဝယ်ရှိနေပေမယ့် ဈေးမတက်လာဘဲ ငြိမ်လိုက်ကျလိုက် အခြေအနေ ဖြစ်နေပါတယ်။ လက်ရှိ အိန္ဒိယနိုင်ငံမှာလည်း ပြည်ပပဲမျိုးစုံကို ဝယ်ယူဖို့ တောင်သူတွေ ကုန်သည်တွေက ဆန္ဒပြလိုက်ပြီးတဲ့နောက်မှာ ပဲမျိုးစုံတင်သွင်းမှုကို အိန္ဒိယအစိုးရက ပြန်လည်စဉ်းစားခဲ့ပါတယ်။ မြန်မာအစိုးရကလည်း ပြီးခဲ့တဲ့အပတ်က မြန်မာနိုင်ငံက မတ်ပဲနဲ့ ပဲစင်းငုံတို့ကို တိုးမြှင့်ဝယ်ယူပေးဖို့ အိန္ဒိယကို တောင်းဆိုမှုတွေ ပြုလုပ်ခဲ့ပါတယ်။ အိန္ဒိယကတော့ မြန်မာနိုင်ငံအစိုးရရဲ့တောင်းဆိုမှုနဲ့ပတ်သက်ပြီး ယခု မတ်လကုန်မှာ ထုတ်ပြန်ပေးမယ်လို့ ကြေညာထားပါတယ်။

မြန်မာဘက်က ကန့်သတ်ခံရတဲ့ ပဲတွေဖြစ်တဲ့ မတ်ပဲ၊ ပဲစင်းငုံများရဲ့ရောင်းချလိုတဲ့တန်ချိန်ကို အိန္ဒိယအစိုးရကို တင်ပေးထားပြီး အိန္ဒိယနိုင်ငံနဲ့ မြန်မာနိုင်ငံကို ထုတ်လုပ်သူနှင့် စားသုံးသူ တိုက်ရိုက်ရောင်းဝယ်ခြင်းစနစ် ရေရှည်တည်ဆောက်သွားရန်၊ G to G အရောင်းအဝယ်လုပ်ပါက ငွေပေးငွေယူအပိုင်းကို LC စနစ်ဖြင့်သွားရန် အချက်တို့ကို ညှိနှိုင်းထားခဲ့တယ်လို့လည်း သိရပါတယ်။

ဒီတစ်ပတ်အတွင်း ရန်ကုန်မှာတော့ မတ်ပဲ FAQ/RC က တစ်တန်ကို ကျပ် ၄၄၅၀၀၀ အထိ ဈေးကျဆင်းသွားခဲ့ပါတယ်။ နေပြည်တော် ကုန်စည်ဒိုင်မှာလည်း သုံးတင်းဝင် တစ်အိတ်ကို ကျပ် ၄၃၅၀၀ ရှိပြီး တစ်အိတ်မှာ ၁၅၀၀ ကျပ် ဈေးကျဆင်းသွားပါတယ်။ မုံရွာမှာတော့ တစ်တင်းမှာ ကျပ် ၁၀၀၀ လောက် ကျဆင်းပြီး ကျပ် ၁၄၅၀၀ ဈေး ပေါက်နေပါတယ်။ ပြည်ကုန်စည်ဒိုင်မှာလည်း တစ်တင်းကို ကျပ် ၁၅၀၀၀ ရှိပြီး ၈၀၀ ကျပ်ခန့် ဈေးကျဆင်းသွားခဲ့ပါတယ်။

**ပဲစင်းငုံနီ**

ပြီးခဲ့တဲ့အပတ်က အတက်အကျ အနည်းငယ်ပြောင်းလဲခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ ရန်ကုန်ကုန်စည်ဒိုင်မှာ ပဲစင်းငုံနီက ဈေးတက်လာပါတယ်။ ရန်ကုန် FOB ဈေးနှုန်းကလည်း ဈေးမြင့်နေပေမယ့် အိန္ဒိယနိုင်ငံမှာတော့ ပဲစင်းငုံနီက ဈေးကျဆင်းနေတာကိုလည်း တွေ့ရပါတယ်။ တစ်တန်ကို ဒေါ်လာ ၅၉၀ ကျော်နဲ့ ဈေးကျဆင်းနေခဲ့ပါတယ်။

နယ်ကုန်စည်ဒိုင်တွေမှာတော့ နေ့စဉ် ပဲအဝင် ပုံမှန်ရှိနေပြီး အရောင်းအဝယ် အေးနေပါတယ်။ ပြည်ကုန်စည်ဒိုင်မှာတော့ ပဲစင်းငုံနီတစ်တင်းကို ကျပ် ၁၀၀၀၀ ရှိပြီး တစ်တင်းမှာ ၁၀၀၀ ကျပ်လောက် ဈေးကျဆင်းသွားပါတယ်။ ပခုက္ကူကုန်စည်ဒိုင်မှာလည်း တစ်တင်းကို ကျပ် ၈၂၀၀ ကျော်ရှိပြီး ၈၀၀ နီးပါး ဈေးကျဆင်းသွားပါတယ်။ မုံရွာမှာလည်း တစ်တင်းကို ကျပ် ၁၀၀၀၀ ရှိပြီး ကျပ် ၅၀၀ ခန့် ဈေးကျဆင်းသွားပါတယ်။ ရန်ကုန် ကုန်စည်ဒိုင်မှာတော့ တစ်တန်ကို ကျပ် ၃၉၀၀၀၀ ကျော်အထိ ပေါက်ဈေးရှိနေပြီး ပြီးခဲ့တဲ့ အပတ်ကထက် ကျပ် ၂၀၀၀၀ နီးပါး ဈေးတက်လာပါတယ်။

**ပဲတီစိမ်း**

ပဲတီစိမ်းကတော့ ဒီတစ်ပတ်မှာ ဈေးငြိမ်နေပါတယ်။ နယ်ကုန်စည်ဒိုင်တွေကို ပဲအဝင်နည်းသွားပြီး ရက်ခြားသာ အရောင်းအဝယ် ဖြစ်နေတဲ့အတွက် ဈေးကလည်း ငြိမ်နေပါတယ်။ နေပြည်တော်ကုန်စည်ဒိုင်မှာ တစ်အိတ်ကို ကျပ် ၆၅၀၀၀၊ ပြည်ကုန်စည်ဒိုင်မှာ တစ်တင်းကို ကျပ် ၂၅၅၀၀၊ မုံရွာကုန်စည်ဒိုင်မှာ တစ်တင်းကို ကျပ် ၁၉၀၀၀ ကနေ ၂၂၀၀၀ ရှိပြီး ဈေးငြိမ်နေပါတယ်။ ရန်ကုန်ကုန်စည်ဒိုင်မှာတော့ တစ်ပိဿာကို ကျပ် ၁၂၀၀ ကနေ ၁၇၈၀ ရှိပြီး ဈေးအတက်အကျ အပြောင်းအလဲ အနည်းငယ်ရှိနေပါတယ်။

**ကုလားပဲ**

ကုလားပဲကတော့ ဒီတစ်ပတ်မှာတော့ ဈေးကျဆင်းလာပါတယ်။ ပဲအသစ်တွေ နေ့စဉ်နဲ့အမျှ ဝင်ရောက်နေပြီး အရောင်းအဝယ်လည်း သွက်နေပါတယ်။ ခွဲစက်သမားတွေက အဝယ်များနေပေမယ့် ဈေးက တည်ငြိမ်မှုမရှိပါဘူး။ ပြည်ကုန်စည်ဒိုင်မှာ ကုလားပဲ ဖြူ/ဝါ တစ်တင်းကို ကျပ် ၂၂၅၀၀ ရှိပြီး တစ်တင်းမှာ ကျပ် ၂၅၀၀ လောက် ဈေးကျဆင်းသွားပါတယ်။ မုံရွာကုန်စည်ဒိုင်မှာတော့ ကုလားပဲ ဖြူ/ဝါ(ကြီး၊သေး)က တစ်တင်းကို ကျပ် ၂၁၀၀၀ ကနေ ၂၂၀၀၀ ရှိပြီး တစ်တင်းမှာ ၂၀၀၀ ကျပ် ဈေးကျဆင်းသွားပါတယ်။ မြင်းခြံကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ကျပ် ၂၁၀၀၀ ကျော်ရှိပြီး တစ်တင်းမှာ ၂၀၀၀ ကျပ် ဈေးကျဆင်းသွားပါတယ်။ ပခုက္ကူကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ကျပ် ၂၁၀၀၀ ကနေ ၂၂၅၀၀ ကြားရှိပြီး တစ်တင်းမှာ ကျပ် ၂၀၀၀ ကျော် ဈေးကျဆင်းသွားခဲ့ပါတယ်။

**နှမ်းနက်**

နှမ်းနက်က ပြီးခဲ့တဲ့အပတ်က ဈေးအနည်းငယ်တက်လာပြီး ဒီတစ်ပတ်မှာတော့ ဈေးငြိမ်နေခဲ့ပါတယ်။ မန္တလေးကုန်စည်ဒိုင်မှာ တစ်အိတ်ကို ကျပ် ၁၀၈၀၀၀ ကနေ ၁၁၀၀၀၀ ခန့်ရှိပြီး ဈေးငြိမ်နေပါတယ်။ ပခုက္ကူကုန်စည်ဒိုင်မှာတော့ တစ်အိတ်ကို ၁၀၆၅၀၀ ကျော်ပေါက်ဈေးရှိပြီး ၆၀၀၀ ကျော် ဈေးတက်လာပါတယ်။ မုံရွာကုန်စည်ဒိုင်မှာတော့ တစ်အိတ်ကို ကျပ် ၇၀၀၀ နီးပါး ဈေးကျဆင်းခဲ့ပြီး လက်ရှိမှာ တစ်အိတ်ကို ကျပ် ၁၀၁၀၀၀ ကျော်ရှိပါတယ်။ နေပြည်တော် ကုန်စည်ဒိုင်မှာတော့ တစ်အိတ်ကို ကျပ် ၁၀၀၀၀၀ ရှိပြီး ၅၀၀၀ ကျပ်ခန့် ဈေးကျဆင်းသွားပါတယ်။

**နှမ်းနီ**

နှမ်းနီကိုတော့ အဓိက ဆီစက်တွေက အဝယ်များပေမယ့် ဒီတစ်ပတ်မှာတော့ အနည်းငယ်အေးနေပါတယ်။ နေပြည်တော်မှာ တစ်အိတ်ကို ကျပ် ၇၀၀၀၀ ရှိပြီး ကျပ် ၅၀၀၀ လောက် ဈေးကျဆင်းခဲ့ပါတယ်။ မုံရွာမှာတော့ တစ်အိတ်ကို ကျပ် ၁၀၂၀၀၀ ရှိပြီး တစ်အိတ်မှာ ၃၀၀၀ ကျပ်ခန့် ဈေးကျဆင်းသွားပါတယ်။ ပြည်ကုန်စည်ဒိုင်မှာတော့ တစ်အိတ်ကို ကျပ် ၁၁၀၀၀၀ ရှိပြီး တစ်အိတ်မှာ ကျပ် ၂၀၀၀ ခန့် ဈေးတက်လာပါတယ်။ ကျန်ဒေသတွေမှာ နှမ်းနီက တစ်အိတ်ကို ၁၀၀၀၀၀ ကျော် ပေါက်ဈေးရှိပြီး နေပြည်တော်ကုန်စည်ဒိုင်နဲ့ယှဉ်ရင် ဈေးကွာဟမှုတွေ ရှိပါတယ်။

**နှမ်းညို**

နှမ်းညိုအဓိကထွက်တဲ့ မုံရွာကုန်စည်ဒိုင်နဲ့ မြင်းခြံကုန်စည်ဒိုင်မှာ နှမ်းညိုဈေးတက်နေတာကို တွေ့ရပါတယ်။ မုံရွာမှာ တစ်အိတ်ကို ကျပ် ၁၀၂၀၀၀ ရှိပြီး ၄၅၀၀ ကျပ်ခန့် ဈေးတက်လာပါတယ်။ မြင်းခြံမှာတော့ တစ်အိတ်ကို ၁၀၃၅၀၀ ရှိပြီး ၃၅၀၀ ကျပ်ခန့် ဈေးတက်လာပါတယ်။

**ကြက်သွန်နီ**

ကြက်သွန်နီကတော့ ဆက်တိုက်ကို ဈေးကျဆင်းနေခဲ့ပါတယ်။ နေ့စဉ် အဝင်က ဆက်တိုက်ရှိနေပေမယ့် အရောင်းအဝယ်က ထင်သလောက်မရှိတဲ့အတွက် ဈေးကျဆင်းနေတာလည်း ဖြစ်ပါတယ်။ နေပြည်တော်ကုန်စည်ဒိုင်မှာ ကြက်သွန်နီက တစ်ပိဿာကို ကျပ် ၆၀၀ ကနေ ၁၀၀၀ ကြားရှိပြီး တစ်ပိဿာမှာ ၅၀၀ ကျပ်ခန့် ဈေးကျပါတယ်။ ပြည်ကုန်စည်ဒိုင်မှာ တစ်ပိဿာကို ကျပ် ၅၀၀ ကနေ ၇၀၀ ခန့်ရှိပြီး ၁၀၀ ကျပ်ခန့် ဈေးကျသလို မြင်းခြံမှာလည်း ကျပ် ၃၀၀ ကနေ ၆၅၀ ကြားဈေးရှိပြီး ၁၀၀ ကျပ်ခန့် ဈေးကျဆင်းသွားပါတယ်။ ပခုက္ကူမှာတော့ တစ်ပိဿာကို ၄၂၅ ကျပ်ကနေ ၆၂၅ ကျပ်ကြားရှိပြီး ဈေးငြိမ်နေပါတယ်။

**စားအုန်းဆီ**

စားအုန်းဆီကတော့ မလေးရှားနိုင်ငံရဲ့ ငွေဈေးအတက်အကျနဲ့ စားဆီဈေးအတက်အကျအပေါ် မူတည်ပြီး တည်ငြိမ်မှုမရှိပါဘူး။ ပဲပုပ်ဆီ ဈေးကျဆင်းတာနဲ့ ရင်းဂစ်တန်ဖိုးငွေ မြင့်တက်တာကလည်း စားအုန်းဆီဈေးကို ကျဆင်းစေတဲ့အချက်ဖြစ်ပါတယ်။ လာမယ့် ဧပြီလမှာ စားအုန်းဆီတင်ပို့ခွန်ကို ငါးရာခိုင် နှုန်းကောက်ခံဖို့ မလေးရှားအစိုးရက ကြေညာခဲ့တာကြောင့် စားအုန်းဆီက ထပ်ပြီး ဈေးကျနိုင်ဖွယ်ရှိမယ်လို့လည်း သုံးသပ်ထားပါတယ်။ ပြည်တွင်းမှာတော့ စားအုန်းဆီဈေးက အများကြီးပြောင်းလဲမှုမရှိပါဘူး။ စားအုန်းဆီတစ်ပိဿာကို ကျပ် ၁၆၉၀ ကနေ ၁၇၅၀ အတွင်း အပြောင်းအလဲအနည်းငယ်သာ ရှိနေပါတယ်။

**ဝတ်ရည်မွန်(AMIA)**

# ကျွန်တော်နဲ့ ဂျီနီဗာ



## ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

ကျွန်တော် ဂျီနီဗာမြို့ကို မရောက်တာကြာခဲ့ပါပြီ။ ပထမဆုံးအကြိမ် ၁၉၈၇ ခုနှစ်မှာ ရောက်ခဲ့တယ်။ ဒီတုန်းက ကျွန်တော်က ဂျာမနီနိုင်ငံမှာ ဘွဲ့လွန်ပါရဂူ သုတေသနလုပ်နေတာ။ သုတေသနအလုပ်တွေအပြီး တွေ့ရှိချက်တွေကို စာအုပ်တစ်အုပ်ရေးသားခဲ့တယ်။ စာအုပ် ပုံနှိပ်နေစဉ် အချိန်ရတာမို့ ဂျီနီဗာမှာရှိတဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှာ အကြံပေးအဖြစ် တာဝန်ယူခဲ့တာ။ တစ်ချိန်က ကျွန်တော်နဲ့အတူ ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ခဲ့သူက အဲဒီအဖွဲ့အစည်းမှာ တာဝန်ယူနေတာမို့ သူနဲ့အတူ အလုပ်လုပ်ဖို့ ဖိတ်ခေါ်ခဲ့တာ။ ဒါကြောင့် ကျွန်တော် ဂျီနီဗာမှာ သုံးလကြာကြာနေခဲ့တာမို့ မြို့ကို အတော်လေး သိကျွမ်းခဲ့တယ်။

### အောင်အောင်မြင်မြင်

နောက်တစ်ကြိမ်ကတော့ ဇနီးနဲ့အတူ နယူးယောက်က ရုံးကိစ္စနဲ့ရောက်ခဲ့ပြန်တယ်။ ဒီတုန်းက ကျွန်တော်က ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့အစည်းမှာ အလုပ်လုပ်နေတာ။ မြန်မာသံအမတ်ကြီး ညှော်ခံတဲ့ ညစာထမင်းစားခဲ့တာကိုလည်း မှတ်မိတယ်။ ၂၀၀၀ ပြည့်နှစ် နောက်ပိုင်းမှာတော့ ကျွန်တော် မကြာခဏ ရောက်ခဲ့တယ်။ ကုလသမဂ္ဂဝန်ထမ်းတက္ကသိုလ်မှာ တာဝန်ယူတော့ ဂျီနီဗာကို မကြာခဏရောက်ခဲ့တယ်။ တက္ကသိုလ်ရှိတဲ့ အီတလီနိုင်ငံ တူရင်မြို့နဲ့ ဂျီနီဗာဟာ ကားနဲ့သွားရင် သုံးနာရီပဲကြာတာ။ ကိုယ်တိုင်မောင်းပြီးသွားရတာ အဆင်ပြေလှတယ်။ သဘာဝပတ်ဝန်းကျင်ကလည်း သာယာလှပတဲ့အတွက် သွားလာရတာ အဆင်ပြေပါတယ်။

ဂျီနီဗာမြို့ဟာ ဆွစ်ဇာလန်နိုင်ငံမှာ တည်ရှိပြီး ကုလသမဂ္ဂအဖွဲ့အစည်း အမြောက်အမြားတည်ရှိတဲ့နေရာဖြစ်တယ်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းကို ဒုတိယကမ္ဘာစစ်အပြီး တည်ထောင်ခဲ့ပါတယ်။ ဒါပေမယ့် ကုလသမဂ္ဂရဲ့ အကြိုအဖွဲ့အစည်းလို့ ယူဆနိုင်တဲ့ နိုင်ငံတကာအစုအဖွဲ့ (Leasue of Nations) ကို ပထမကမ္ဘာစစ်မတိုင်မီ ဂျီနီဗာမြို့မှာပဲ တည်ထောင်ဖွဲ့စည်းခဲ့ပါတယ်။ အခုတော့ ကုလသမဂ္ဂအဖွဲ့အစည်းမျိုးစုံ ရုံးချုပ်တွေကို ဂျီနီဗာမြို့မှာပဲ ရုံးတည်ထားတာဖြစ်တယ်။ ဂျီနီဗာမြို့ကို တချို့က ဆွစ်ဇာလန်နိုင်ငံရဲ့ မြို့တော်ဖြစ်တယ်လို့ ယူဆနေကြတယ်။ အမှန်တော့ မြို့တော်ဟာ လူသိနည်းတဲ့ (Bern) မြို့ဖြစ်ပါတယ်။

ဆွစ်ဇာလန်နိုင်ငံဟာ အလွန်စိတ်ဝင်စားစရာကောင်းတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တယ်။ ဥရောပတိုက်မှာ တည်ရှိပြီး ထူးခြားလှတဲ့ဝိသေသဘောင်ထိနိုင်ငံဖြစ်တယ်။ နိုင်ငံဟာ အပိုင်းသုံးပိုင်း ရှိပါတယ်။ ဘာသာစကားကို အခြေခံပြီး ခွဲခြားထားတဲ့ နိုင်ငံဖြစ်တယ်။ အီတာလျံဘာသာစကား၊ ဂျာမန်ဘာသာစကားနဲ့ ပြင်သစ်ဘာသာစကားပြောတဲ့ လူမျိုးစုတွေနဲ့ စုစည်းထားတာဖြစ်တယ်။ ဒါကြောင့် ကျောင်းနေတဲ့ ကလေးတွေဟာ အင်္ဂလိပ်ဘာသာစကား အပါအဝင် စုစုပေါင်း ဘာသာစကား လေးမျိုးကို တစ်ပြိုင်တည်း သင်ယူကြရတယ်။ အခုလို ဘာသာစကား ကွဲပြားမှုအပြင် ယဉ်ကျေးမှုကွဲပြားမှုရှိပေမယ့် လူ့အဖွဲ့အစည်းတွေဟာ စည်းစည်းလုံးလုံးရှိကြပြီး ပူးပေါင်းနေကြတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသတွေ ဖွဲ့စည်းထားပြီး ဖက်ဒရယ်စနစ်ကို အောင်အောင်မြင်မြင် ကျင့်သုံးနေတာဖြစ်တယ်။

ဆွစ်ဇာလန်နိုင်ငံရဲ့ နမူနာ ဥပမာကို ကျွန်တော်တို့နိုင်ငံမှာ အသုံးချနိုင်ခြေ ရှိ မရှိ သုံးသပ်သင့်တယ်။ ဒါကြောင့်လည်း တိုင်းရင်းသားအဖွဲ့အစည်းက ကိုယ်စားလှယ်တွေ၊ တပ်မတော်က ကိုယ်စားလှယ်တွေကို လေ့လာရေးခရီး မကြာခဏလွှတ်နေတာ တွေ့ရတယ်။ ရလာတဲ့ အတွေ့အကြုံတွေကို လက်တွေ့မှာ အသုံးချစေချင်လှပါတယ်။ အတုယူနိုင်တာတွေကို ကိုယ့်နိုင်ငံရဲ့ အခြေအနေနဲ့ ကိုက်ညီအောင် လုပ်သင့်ပါတယ်။

### ကြိုတင်ဆွေးနွေးမှု

ဒီတစ်ခေါက် ဂျီနီဗာကိုသွားရတာက ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက အစည်းအဝေးမှာ ရခိုင်ပြည်နယ်ရဲ့ အခြေ

> “ကျွန်တော်တို့မှာ ဒီအကျင့်က အားနည်းတယ် လုပ်စရာရှိတာ လုပ်တာပဲ ပြောစရာမလိုဘူးလို့ ယူဆကြတယ်။ ဒါကြောင့်လည်း PR လို့ ခေါ်တဲ့ ပြင်ပဆက်ဆံရေးကို အာရုံပြုမှုနည်းတယ်။ ဒါကို ပြုပြင်ရမှာသာ ဖြစ်တယ်”

အနေတွေကို တင်ပြဖို့ဖြစ်တယ်။ အဖွဲ့ခေါင်းဆောင်က ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းဖြစ်ပြီး ကျွန်တော် အပါအဝင် စုစုပေါင်း ခြောက်ဦး ပါဝင်ကြတယ်။ ဂျီနီဗာကို စင်ကာပူကတစ်ဆင့် လေယာဉ်နဲ့ သွားခဲ့ပြီး သံအမတ်ကြီးနဲ့ သံရုံးအဖွဲ့ဝင်တွေက လေယာဉ်ကွင်းမှာ ကြိုဆိုကြပါတယ်။ ရောက်ရောက်ချင်း သံရုံးကို သွားရောက်ခဲ့ပြီး ကြိုတင်ဆွေးနွေးမှုတွေ လုပ်ခဲ့ကြ တယ်။ နေ့လယ်ပိုင်း ဟိုတယ်မှာ ခဏနားကြပြီး ညဘက်မှာတော့ သံအမတ်ကြီးနဲ့ မိသားစုတည်ခင်းတဲ့ ညစာထမင်း စားကြပါတယ်။ အခုလို နိုင်ငံခြားရောက်နေတဲ့ သံရုံးဝန်ထမ်းနဲ့ မိသားစုတွေကို ဆုံရတာ နွေးထွေးလှပါတယ်။ ကျွန်တော်တို့ နိုင်ငံခြားမှာ ရှိစဉ်တုန်းကလည်း အခုလိုပဲ မြန်မာပြည်က ဧည့်သည်တွေလာရင် သိပ်ပျော်ရတာကို မှတ်မိပါတယ်။

နောက်တစ်နေ့မနက် အချိန်နည်းနည်းရတာမို့ ဟိုတယ်နဲ့ အနီးရှိတဲ့ ဂျီနီဗာကန်နံဘေး လမ်းလျှောက်ထွက်ခဲ့ကြတယ်။ ဂျီနီဗာမြို့ဟောင်းအထိ ရောက်ခဲ့ပါတယ်။ နေ့လယ်စာကို ဟိုတယ်အနားမှာရှိတဲ့ အရှေ့အလယ်ပိုင်းစားသောက်ဆိုင်မှာ စားခဲ့ကြတယ်။

ညနေဘက်မှာတော့ အစည်းအဝေးလုပ်မယ့် ခန်းမထဲ သွားရောက်ခဲ့ကြတယ်။ ခန်းမထဲရောက်တော့ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက မကြာခဏတက်ရောက်တာတွေကို အမှတ်ရခဲ့ပါတယ်။ အစည်းအဝေးစမယ့်အချိန် နီးကပ်လာတော့ ကျွန်တော်တို့အဖွဲ့ ခန်းမထဲ သွားခဲ့ပါတယ်။ ဆွေးနွေးပွဲမှာ သဘာပတိအဖြစ် သံအမတ်ကြီးက ဆောင်ရွက်ပြီး ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ပြုံးကေသီခိုင်နဲ့ ကျွန်တော်တို့က စင်မြင့်မှာ နေရာယူခဲ့ကြပါတယ်။

ကျန်တဲ့အဖွဲ့သားတွေကတော့ ခန်းမထဲမှာ နေရာယူကြပါတယ်။ ပရိသတ်တွေကတော့ နိုင်ငံအသီးသီးက သံအမတ်ကြီးတွေ၊ ကုလသမဂ္ဂအဖွဲ့အစည်းက တာဝန်ရှိသူတွေ၊ မီဒီယာအဖွဲ့သားတွေ ဖြစ်ကြတယ်။ ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်ရဲ့ အခြေအနေကို ပြည့်ပြည့်စုံစုံ တင်ပြခဲ့ပါတယ်။ နိုင်ငံရဲ့ တုံ့ပြန်မှုတွေကိုလည်း ရှင်းလင်းခဲ့ပါတယ်။

ကျွန်တော့်အလှည့်ရောက်တော့ UEHRD လုပ်ငန်းတွေကို ရှင်းပြခဲ့ပါတယ်။ UEHRD နဲ့ပတ်သက်လာရင် ပြည်တွင်းမှာရော၊ ပြည်ပမှာပါ အသိနည်းကြပါတယ်။ ဒါဟာလည်း ကျွန်တော့်မှာ တာဝန်ရှိပါတယ်။ မသိတာကို ဝေဖန်နေမယ့်အစား သိအောင် ဘယ်လိုလုပ်သင့်သလဲဆိုတာကို စဉ်းစားရမှာသာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ UEHRD အကြောင်းကို ပြည်တွင်း ပြည်ပမှာ ကျယ်ကျယ်ပြန့်ပြန့် လုပ်ရမှာသာ ဖြစ်ပါတယ်။ UEHRD ကို ၂၀၁၇ အောက်တိုဘာလမှာ စတင်ခဲ့တာဖြစ်တယ်။ အမှန်တော့ ရခိုင်ပြည်နယ်မှာ ဖြစ်ပေါ်နေတဲ့ အခြေအနေတွေကို တုံ့ပြန်နိုင်ဖို့ စီစဉ်ဆောင်ရွက်ခြင်းသာဖြစ်ပါတယ်။ ထူးခြားမှုကတော့ ပုဂ္ဂလိက ကဏ္ဍကို ဦးစားပေးမှုပဲဖြစ်တယ်။ ပုံမှန်အားဖြင့်ကတော့ နိုင်ငံတော်ကသာ ဦးစီးဦးဆောင်တာ။ အခုတော့ ပုဂ္ဂလိက ကဏ္ဍရော၊ အရပ်ဘက်လူ့အဖွဲ့အစည်းတွေပါ ပါဝင်လာတာမို့ တုံ့ပြန်မှုဟာ အမျိုးသားတုံ့ပြန်မှု ဖြစ်ပါတယ်။ လူသားချင်းစာနာထောက်ထားမှု၊ ပြန်လည်နေရာချထားရေးနဲ့ ပတ်သက်တဲ့ ဆောင်ရွက်မှုနဲ့ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းတွေမှာ ပုဂ္ဂလိက ကဏ္ဍအားကို အသုံးချခြင်းဖြစ်တယ်။ နိုင်ငံရဲ့ လိုအပ်ချက်ကို လုပ်ငန်းရှင်တွေက လိုလိုချင်ချင်နဲ့ ပါဝင်ကူညီကြတယ်။ နိုင်ငံ့အရေးဖြစ်တာကို လက်ခံပြီး ပတ်သက်ကြတယ်။ အမှန်တော့ ရခိုင်ပြည်နယ်ဟာ ပြည်ထောင်စုအတွင်းမှာ အလားအလာအကောင်းဆုံး ဒေသတစ်ခုဖြစ်တယ်။

### ပညာတတ်တွေများတဲ့ဒေသ

ယဉ်ကျေးမှုမြင့်မားလှတဲ့ ဒေသဖြစ်ပြီး ကိုယ့်ထီး ကိုယ့်နန်းနဲ့ ရပ်တည်ခဲ့တဲ့ဒေသ ၁၈၂၄ ခုနှစ် -ပထမ အင်္ဂလိပ် မြန်မာစစ်အပြီး ကိုလိုနီအုပ်ချုပ်မှုအောက်ကို တနင်္သာရီတိုင်းဒေသကြီးနဲ့အတူ ပထမဆုံးကျရောက်ခဲ့တာ ဖြစ်တယ်။ ဆန်စပါးလုပ်ငန်းတွေ ထူးခြားစွာတိုးတက်လာခဲ့ပြီး ပညာတတ်တွေများတဲ့ ဒေသဖြစ်တယ်။ ဒါပေမယ့် နှစ်ပေါင်းများစွာ စိန်ခေါ်မှုမျိုးစုံရင်ဆိုင်ခဲ့ရပြီး လက်ရှိအချိန်မှာ ဖွံ့ဖြိုးမှု ဒုတိယနောက်ဆုံးဒေသဖြစ်လာခဲ့တယ်။

UEHRD ဟာ ပြည်တွင်းအားကို အားကိုးပြီး ဆောင်ရွက်တဲ့ စီမံကိန်းဖြစ်တယ်။ ဒါပေမယ့် လိုအပ်လာရင် နိုင်ငံတကာအကူအညီကိုလည်း ကြိုဆိုဖို့ အဆင်သင့်ရှိပါတယ်။ ကျွန်တော်တင်ပြအပြီးမှာ အစည်းအဝေးတက်ရောက်လာတဲ့ သံအမတ်ကြီးတွေ၊ ကိုယ်စားလှယ်တွေက မေးခွန်းတွေ မေးကြပါတယ်။ မေးမြန်းမှုတွေကိုလည်း ကျွန်တော်တို့အဖွဲ့က ဖြေကြားခဲ့တယ်။

အခုဆို ရခိုင်ပြည်နယ်မှာ ဖြစ်နေတဲ့ ပကတိအခြေအနေကို တင်ပြခွင့်ရတာကို ကြိုဆိုမိပါတယ်။ အမှန်တော့ ပြင်ပမီဒီယာတွေဟာ အခြေအနေမှန်တွေကို တင်ပြနိုင်စွမ်းမရှိဘဲ အခြေအမြစ်မရှိတဲ့ စွပ်စွဲချက်တွေကို ပုံကြီးချဲ့ပြီး ရေးသားဖော်ပြကြတယ်။ ဒါက သူတို့အလုပ်ဖြစ်တယ်။ ဒါကို အပြစ်မပြောဘဲ ကိုယ့်ရဲ့အခြေအနေကို ရဲရဲဝံ့ဝံ့ တင်ပြနိုင်ဖို့သာ လိုတာဖြစ်တယ်။ မိမိရဲ့ဇာတ်လမ်းကို ထုတ်ဖော်နိုင်ဖို့ လိုအပ်တယ်။ ကျွန်တော်တို့မှာ ဒီအကျင့်က အားနည်းတယ်၊ လုပ်စရာရှိတာ လုပ်တာပဲ ပြောစရာမလိုဘူးလို့ ယူဆကြတယ်။ ဒါကြောင့်လည်း PR လို့ ခေါ်တဲ့ ပြင်ပဆက်ဆံရေးကို အာရုံပြုမှု နည်းတယ်။ ဒါကို ပြုပြင်ရမှာသာဖြစ်တယ်။ ဒါကြောင့် ဂျီနီဗာမှာ ကျင်းပနေတဲ့ လူ့အခွင့်ရေးဆိုင်ရာ အစည်းအဝေးမှာ ရခိုင်အခြေအနေကို တင်ပြခဲ့ခြင်းဖြစ်တယ်။ အချို့မေးခွန်းတွေဟာ ခက်ပေမယ့် ကျွန်တော်တို့အနေနဲ့ ကိုယ့်ရဲ့သဘောထားကို ပွင့်လင်းစွာ တင်ပြခဲ့တယ်။ အပြန်အလှန်ဆွေးနွေးမှုကတစ်ဆင့် နားလည်မှုတွေ ရလာလိမ့်မယ်လို့ မြင်မိတယ်။

### အပြန်အလှန်ဆွေးနွေးမှု

ရခိုင်အခြေအနေနဲ့ ပတ်သက်လာရင် ပြည်ပဖိအားတွေ ရှိသလို ပြည်တွင်းကလည်း ပုံစံအမျိုးမျိုးနဲ့ ဝေဖန်နေကြတယ်။ ဝေဖန်ခွင့်ရှိပါတယ်။ ဒါပေမယ့် ကျွန်တော့်အနေနဲ့ကတော့ အဖြေပေးတဲ့ ဝေဖန်မှုတွေဖြစ်စေချင်တယ်။ ရှုတ်ချတဲ့၊ အပြစ်တင်တဲ့ ပုံစံမျိုးတွေက များနေတယ်။ အစိုးရ စိန်ခေါ်မှုတွေကို နားလည်မှု မပေးဘဲ ရင်ဆိုင်နေရတဲ့ အခွင့်အရေးတစ်ရပ်အနေနဲ့ မြင်နေကြတာ။ ဝမ်းနည်းစရာပါ။ ကျွန်တော်ကတော့ တိုင်းရင်းသားတွေရဲ့ခံစားမှုကိုလည်း နားလည်တယ်။ သူတို့ရဲ့ စိုးရိမ်စိတ်တွေကိုလည်း အသိမှတ်ပြုတယ်။ သူတို့ရဲ့ဆန္ဒတွေကို နားလည်အောင် ကြိုးစားရမယ်။ တစ်ဖက်က နိုင်ငံတကာ အခင်းအကျင်းကိုလည်း သိအောင် ကျွန်တော်တို့မှာ တာဝန်ရှိတယ်။ ဖိအားတွေကို လျှော့တွက်လို့ မဖြစ်ဘူး။ ထိတ်လန့်စရာ မဟုတ်ဘဲ သတိထားရမှာသာ ဖြစ်တယ်။

ကျွန်တော်ကတော့ စည်းလုံးညီညွတ်ကြဖို့ လိုအပ်တာလို့ ယူဆတယ်။ အမြတ်ထုတ်ရမယ့် အခြေအနေမဟုတ်ဘူးလို့ မြင်ပါတယ်။ ရခိုင်အခြေအနေနဲ့ ကျွန်တော်တို့နိုင်ငံရဲ့နုနယ်တဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုဟာ ဆက်စပ်နေတယ်။ ဒါကြောင့်လည်း ပိုပြီးဂရုစိုက်ဖို့ လိုအပ်တယ်။

အခုလို ဂျီနီဗာမှာ အစည်းအဝေးတက်ပြီး ကျွန်တော်တို့အဖွဲ့ဟာ ဂျာမနီနိုင်ငံ ဘာလင်မြို့ကို ခရီးဆက်ကြပြန်တယ်။ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းကတော့ ဂျီနီဗာမှာ အစည်းအဝေးတွေ တက်ရောက်ဖို့ ဆက်ပြီးနေခဲ့ပါတယ်။ ။

# မကွေးမြို့၌ မြန်မာ့ရိုးရာအတာသင်္ကြန် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**မကွေး မေ ၁**

မကွေးတိုင်းဒေသကြီး မကွေးမြို့၏ အတာသင်္ကြန်ပွဲတော်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် မြန်မာ့ရိုးရာမပျက် လမ်းလျှောက်သင်္ကြန်အပါအဝင် ဗဟိုမဏ္ဍပ်၊ ရေကစားမဏ္ဍပ်များ၊ စတုဒိသာမဏ္ဍပ်များ၊ ဖျော်ဖြေရေးမဏ္ဍပ်များစွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

လမ်းလျှောက်သင်္ကြန်ကို ရောဝတီမြစ်ကမ်းနံဘေးရှိ မဲထီးလမ်းထိပ်မှ ကျောက်သားဥယျာဉ်အထိ သတ်မှတ်ကျင်းပမည်ဖြစ်ပြီး မုခ်ဦးနှစ်ခုနှင့်အတူ ပထမဆုံးမဏ္ဍပ်တွင် ကုန်းဘောင်ခေတ်ပုံစံဆောက်လုပ်၍ သားငယ် သမီးငယ်များက သပြေခက်ဖြင့် ရေကစားခြင်းနှင့် ပုသိမ်ထီးများ၊ ပလတ်စတစ်ထီးများဖြင့် ဝေဝေဆာဆာ အလှဆင်ထားမည်ဖြစ်ပြီး ဒုတိယမဏ္ဍပ်တွင် ကျေးလက်စတိုင်သင်္ကြန်အနေဖြင့် ပွင့်ဖြူမြို့နယ် ရေပုတ်ကြီးကျေးရွာမှ သျှောင်ပေစူးလေးများနှင့် ရေကစားရန် ပြင်ဆင်ထား၍ တတိယမဏ္ဍပ်တွင် ရခိုင်ရိုးရာသင်္ကြန် လောင်းလှေဖြင့် ရေပက်ကစားခြင်း၊ ကျောက်ပြင်နှင့် သနပ်ခါးတုံးများဖြင့် နံ့သာသွေး၍ ရေကစားရန် စီစဉ်ထားကြောင်းနှင့် ဓာတ်ပုံပြိုင်ပွဲများလည်း ကျင်းပမည်ဖြစ်ကြောင်းကို လမ်းလျှောက်သင်္ကြန် ကျင်းပရေးကော်မတီဝင် ကိုမိုးထံမှ သိရသည်။

“ဒီနှစ်သင်္ကြန်ကိုတော့ အောင်အောင်မြင်မြင်နဲ့ ပြီးမြောက်အောင်လုပ်မှာပါ၊ လုပ်တဲ့အခါမှာလည်း မြန်မာ့ရိုးရာဓလေ့ကို ထိန်းသိမ်းပြီးသားဖြစ်သွားအောင် ယဉ်ယဉ်ကျေးကျေးလေးနဲ့ ရိုးရာရဲ့အနံ့အသက်ပါတာလည်းဖြစ်အောင် ခမ်းခမ်းနားနားလုပ်မှာပါ၊ အေးအေးချမ်းချမ်းလေးနဲ့ ရေပက်ဖျန်းလို့လည်းရအောင် လမ်းလျှောက်သင်္ကြန်မျိုးလေးလုပ်ပြီး မဏ္ဍပ်တွေလည်း စည်စည်ကားကားနဲ့ ကျင်းပမယ်လို့ စီစဉ်ထားပါတယ်” ဟု တိုင်းဒေသကြီး ဆောက်လုပ်ရေးဝန်ကြီး ဦးတင်နွယ်ဦးက ပြောကြားသည်။ လမ်းလျှောက်သင်္ကြန်တွင် ရေကစားမဏ္ဍပ် ၃၃ ခု၊ စတုဒိသာမဏ္ဍပ် ၁၅ ခု၊ ဖျော်ဖြေရေးမဏ္ဍပ်နှစ်ခု ပါဝင်မည်ဖြစ်ပြီး ဗဟိုမဏ္ဍပ်ကို ကမ်းနားလမ်း၊ ကျောက်သားဥယျာဉ်၏ညာဘက်နံဘေးတွင် တည်ဆောက်မည်ဟုသိရပြီး မကွေးမြို့တွင်း အဓိကလမ်းများတွင်လည်း ရေကစားမဏ္ဍပ်များ တည်ဆောက်ရန်စီစဉ်ထားကြောင်း သိရသည်။



**မေသူလွင် (မကွေး-ကိုယ်ပွား)**
**ဓာတ်ပုံ- ထိန်လင်း (မကွေး)**



## မူဆယ် ၁၀၅ မိုင်မှ ရွာကိုးရွာ စုပေါင်းတည်ထား ကိုးကွယ်သည့်စေတီတော် ထီးတော်တင်လှူ

**မူဆယ် ဧပြီ ၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့နယ် မိုင်းယု ၁၀၅ မိုင်ကျေးရွာ အောင်သီရိမင်္ဂလာသုခဘုန်းကြီးကျောင်းဝင်းအတွင်း၌ ရွာကိုးရွာမှ တိုင်းရင်းသားပြည်သူများ စုပေါင်းတည်ထားကိုးကွယ်သည့် နဝင်းရန်ကင်း ဆုတောင်းပြည့်စေတီ ရွှေထီးတော်တင်လှူပွဲကို မတ် ၂၉ ရက်က စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မူဆယ်မြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ရွှေညာသားမြတ်မင်းရေးစပ်သီကုန်းထားသည့် ပိုဒ်စုံရတုကို နမ့်ခမ်းမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ညဏ်မင်း(နမ့်ခမ်း)က သီဆိုပူဇော်ပြီး နမ့်ခွမ်ရွာဦးကျောင်း နာယကဆရာတော်ထံမှ ညှော့ပရိသတ်များက သီလခံယူဆောက်တည်ခဲ့ကြကာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညီစိန်၊ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်နှင့် ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဒေသခံပြည်သူများက စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်များကို ယဉ်ကျေးလိမ္မာခမ္မာရုံအတွင်းမှ ပင့်ဆောင်ကာ မင်္ဂလာအချိန်တွင် ရွှေထီးတော်ကို တင်လှူပူဇော်ခဲ့သည်။

**သန့်ဇင်(မူဆယ်)**

## ရန်ကုန်မဟာသင်္ကြန်ပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် သံချပ်နှင့် အကအဖွဲ့ ၂၄ ဖွဲ့ရှိ

**ရန်ကုန် ဧပြီ ၁**

မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် မဟာသင်္ကြန်ပွဲတော် ကျင်းပရန် ရက်နီးကပ်လာသည့်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်း သင်္ကြန်ပွဲတော်ကျင်းပရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိပြီး ယခုနှစ် မဟာသင်္ကြန်ပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် သံချပ်နှင့် အကအဖွဲ့ ၂၄ ဖွဲ့ရှိကြောင်းနှင့် အဆိုပါ သံချပ်အဖွဲ့များက ဝင်ရောက်သီဆိုယှဉ်ပြိုင်မည့် စာသားများကို မဟာသင်္ကြန်သီချင်း သံချပ်စိစစ်ကြပ်မတ်ရေးကော်မတီထံသို့ မတ် ၂၈ ရက်က ပေးပို့ထားပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ သံချပ်သီချင်း စာသားများကို ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ မဟာသင်္ကြန် သီချင်းသံချပ် စိစစ်ကြပ်မတ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်အေးမောင်နှင့်အတူ သံချပ်စိစစ်ရေးအဖွဲ့ဝင် ၁၂ ဦးတို့က စိစစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ သံချပ်သီချင်း စာသားများကို စိစစ်ရာတွင် တို့တာဝန် အရေးသုံးပါးကို ထိခိုက်စေသောစာသားများ၊ နိုင်ငံတော်၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်နှင့် ဘာသာရေး၊ လူမျိုးရေးကို ထိခိုက်စေသော စာသားများကို အဓိကထား စိစစ်သွားမည်ဖြစ်ကြောင်း သိရသည်။

သံချပ်နှင့် သီချင်း စာသားများကို စိစစ်ပြီးပါက ဧပြီလ ပထမပတ်အတွင်း စိစစ်ရေးကော်မတီဝင်များနှင့် သံချပ်အဖွဲ့များ တွေ့ဆုံစည်းဝေးကာ မလိုအပ်သောစာသားများကို ဖြုတ်ပယ်ပြင်ဆင်ခြင်းများ ပြုလုပ်မည်ဖြစ်ကြောင်း၊ သင်္ကြန်ပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် သံချပ်နှင့် အကအဖွဲ့ ၂၄ ဖွဲ့တွင် သံချပ်အဖွဲ့ ၂၂ ဖွဲ့နှင့် သင်္ကြန်သီချင်းနှင့် အကအဖွဲ့နှစ်ဖွဲ့တို့ ပါဝင်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

## ပူတာအိုမြို့နယ်အတွင်း၌ ဆောင်းခိုငှက်များအကြောင်း ပညာပေးဟောပြော

**ပူတာအို ဧပြီ ၁**

သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန ခါကာဘိုရာဇီအမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူးရုံးနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS) ဝန်ထမ်းများ ပူးပေါင်းစီစဉ်မှုဖြင့် တောရိုင်းတိရစ္ဆာန်နှင့် ၎င်းတို့၏ အစိတ်အပိုင်းများရောင်းချနေမှု လျှော့ချရေးနှင့် ဆောင်းခိုငှက်များအကြောင်း အသိပညာပေးဟောပြောပွဲကို မတ် ၃၀ ရက်က မချမ်းဘောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ခါကာဘိုရာဇီအမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးအောင်မောင်းက တောရိုင်းတိရစ္ဆာန်၊ သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေအကြောင်းကို အသိပညာပေးဟောပြောပြီး သားငှက်ထိန်းသိမ်းရေးဌာန(WCS)မှ ဦးအောင်ရဲထွန်းနှင့် ဦးဝမ်ဆန်ဒီးရမ်တို့က ဆောင်းခိုငှက်များနှင့် မျောက်လွှဲကျော်များအကြောင်း မှတ်တမ်းဗီဒီယိုဖိုင်များပြသကာ အသိပညာပေးဟောပြောသည်။

ဆောင်းခိုငှက်များသည် တစ်နေရာတည်းနေသည့် ငှက်မျိုးမဟုတ်ဘဲ ရာသီဥတု မအေးလွန်း မပူလွန်းသည့် အရပ်ဒေသတွင် ပြောင်းရွှေ့ပြီး နေထိုင်လျက်ရှိကြောင်း၊ တရုတ်နိုင်ငံနှင့် ဩစတြေးလျတိုက်တို့တွင် ရေခဲသည့် အချိန် နိုဝင်ဘာလဆန်းခန့်တွင် ပူတာအိုဒေသကို ရောက်ရှိလာပြီး ဆယ်ရက်တစ်ပတ်ခန့် နားခိုကာ ထိုမှတစ်ဆင့် မြန်မာပြည်အောက်ပိုင်း အင်းလေးကန်၊ အင်းတော်ကြီးစသည့် မြက်ပင်တော မြက်ရိုင်းတောများတွင် ကျက်စားသည့် ငှက်မျိုးဖြစ်ကြောင်း၊ မြန်မာပြည်အောက်ပိုင်းဒေသများ ပူပြင်းခြောက်သွေ့လာသည့် အချိန် မတ်လဆန်းခန့်တွင် ပူတာအိုဒေသကို ပြန်လည်ရောက်ရှိလာကြောင်း၊ ဆောင်းခိုငှက်များတွင် ကြိုးကြာငှက်သည် အများဆုံးဖြစ်ကြောင်း၊ ပူတာအိုလွင်ပြင်တွင် ခဏနားကြပြီးနောက် ရေခဲတောင်များအရည်ပျော်လာသည့် မြန်မာပြည်မြောက်ဘက်ခြမ်းသို့ ထွက်ခွာသွားကြမည်ဖြစ်ကြောင်း ဟောပြောပွဲတွင် တာဝန်ရှိသူများ၏ ပြောကြားချက်များအရ သိရသည်။

ပူတာအိုလွင်ပြင်သို့ ရောက်ရှိလာသည့် ဆောင်းခိုငှက်များ လျော့ကျမသွားအောင် ဒေသခံများက ဝိုင်းဝန်းထိန်းသိမ်းစေလိုကြောင်းလည်း ခါကာဘိုရာဇီအမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးအောင်မောင်းက ပြောကြားသည်။

ဆောင်းခိုငှက်များ လျော့ကျမသွားစေရေးအတွက် ဒေသခံပြည်သူများအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးရန် အသိပညာပေး ကွင်းဆင်းဟောပြောမှုများကို မတ်လအတွင်း ပူတာအိုမြို့နယ်ထဲမှ ကျေးရွာများတွင် လှည့်လည်ပြုလုပ်လျက်ရှိရာ နမ်ရှယ်ကျေးရွာ၊ မုဒုံ-၂ ကျေးရွာ၊ ထူးဆန်းကျေးရွာနှင့် မူလာရှီးဒီကျေးရွာများသို့ နယ်လှည့်ကွင်းဆင်းဟောပြောခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**

## ဘိုကလေးမြို့၌ ရပ်ကျေးအုပ်ချုပ်ရေးမှူး စွမ်းဆောင်ရည်မြှင့်သင်တန်းဆင်း

**ဘိုကလေး ဧပြီ ၁**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်အတွင်းရှိ ရပ်ကွက် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများအနေဖြင့် ပြည်သူများအပေါ် ပိုမိုထိရောက်သည့်ဝန်ဆောင်မှုများ ပေးနိုင်ရေးအတွက် ရည်ရွယ်ဖွင့်လှစ်ခဲ့သည့် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဆင်းပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၃၀ ရက်က ကျင်းပခဲ့သည်။



သင်တန်းဆင်းပွဲတွင် ဘိုကလေးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းသားတစ်ဦးကလည်း "ဒီသင်တန်းက တကယ်ကို တက်ဖို့လိုအပ်တဲ့ သင်တန်းပါ။ မူလက လုပ်ငန်းတချို့ကို အမှုမဲ့ အမှတ်မဲ့ ရှိနေခဲ့တာတွေရှိတယ်၊ အခု ဒီသင်တန်းကပေးတဲ့ သင်ခန်းစာတွေကြောင့် ပြည်သူအပေါ် ဝန်ဆောင်မှုပေးနေတဲ့ လုပ်ငန်းတိုင်းမှာ ဥပဒေလုပ်ထုံးလုပ်နည်းတွေနဲ့အညီ လုပ်ကိုင်ဆောင်ရွက်နိုင်ဖို့ ပညာတွေရခဲ့ပါတယ်၊ မိမိကိုယ်မိမိ ယုံကြည်မှုတွေရှိလာသလို ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေအပေါ် တာဝန်ယူ တာဝန်ခံစိတ်တွေနဲ့ ပိုမိုထိရောက်အောင် ဝန်ဆောင်မှုပေးဖို့အထောက်အကူဖြစ်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောသည်။

မတ် ၂၈ မှ ၃၀ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်ခဲ့သည့် အဆိုပါသင်တန်းတွင် ရပ်ကျေး အုပ်ချုပ်ရေးအဖွဲ့များ၏ ဖွဲ့စည်းပုံ၊ ရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်များ၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ စိုက်ပျိုးရေး၊ ဒေသဖွံ့ဖြိုးရေး၊ မီးဘေးလုံခြုံရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူမှုဝန်ထမ်းဆိုင်ရာ ကိစ္စရပ်များ၊ ရေကြောင်းပို့ဆောင်ရေး၊ ကုန်းလမ်းပို့ဆောင်ရေးဆိုင်ရာဥပဒေ နည်းဥပဒေများ၊ သဘာဝဘေးစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းတာဝန်များ၊ ငါးလုပ်ငန်းဆိုင်ရာဥပဒေ၊ မြေယာဥပဒေ၊ ဆည်မြောင်းဆိုင်ရာ အချက်အလက်များ၊ စည်ပင်သာယာရေး လုပ်ငန်းဆောင်ရွက်ချက်များ၊ ကျန်းမာရေးအသိပညာပေးခြင်းစသည့် ဘာသာရပ်များကို ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာဘာသာရပ်အလိုက် ဆွေးနွေးပို့ချပေးခဲ့ပြီး သင်တန်းသား သင်တန်းသူဦးရေ ၁၆၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## ကလေးသူငယ်စောင့်ရှောက်ရေးစေတနာ့ဝန်ထမ်းများအတွက် ကျွမ်းကျင်သင်တန်း ပူတာအို၌ဖွင့်လှစ်

**ပူတာအို ဧပြီ ၁**

ကချင်ပြည်နယ် ပူတာအိုမြို့တွင် World Concern နှင့် ရဲတပ်ဖွဲ့တို့ ပူးပေါင်းမှုဖြင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး စေတနာ့ဝန်ထမ်း(CPV)များအား ဘဝအတွက် သိမှတ်စရာ ကျွမ်းကျင်သင်တန်းကို မတ် ၂၉ ရက်က ပူတာအိုမြို့ ကောင်ကထောင်ရပ်ကွက်(၁)ရှိ ကချင်နှစ်ခြင်းအသင်းတော် ဘုရားကျောင်းဝင်း ဟောခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

စေတနာ့ဝန်ထမ်းများအနေဖြင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအကြောင်း




ကို သိရှိနားလည်ရန်နှင့် မိမိတို့ကျေးရွာများတွင် ကလေးသူငယ်များအား ပြန်လည်ဝေငှတတ်ရန်၊ မူးယစ်ဆေးဝါး တားဆီးရေးအကြောင်းနှင့် ဥပဒေပိုင်းဆိုင်ရာများကို သိရှိပြီး မိမိကျေးရွာတွင် ပြန်လည်မျှဝေတတ်ရန် ရည်ရွယ်၍ သင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် World Concern မှ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး နည်းပညာရှင် ဦးအောင်ကျော်ထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ဇော်ထွန်းက မူးယစ်ဆေးဝါး ဖြစ်ပေါ်လာပုံ၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးများနှင့် မူးယစ်ဆေးဝါး ကာကွယ်တားဆီးနှိမ်နင်းရေး အကြောင်းများကို အသေးစိတ် အသိပညာပေး ရှင်းလင်းပို့ချခဲ့သည်။

သင်တန်းတွင် ကလေးသူငယ်များ လူကုန်ကူးမှုမခံရစေရေး၊ သက်ငယ်မုဒိမ်းမှုများ မဖြစ်စေရေး၊ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးနှင့် ပြင်ဆင်ပြဋ္ဌာန်းထားသည့် မူးယစ်ဆေးဝါးဥပဒေများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိနားလည်ရန် ပို့ချသွားမည်ဖြစ်ပြီး သင်တန်းသို့ ပူတာအိုနှင့် မချမ်းဘောမြို့နယ်အတွင်း ကျေးရွာ ၁၄ ရွာမှ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး စေတနာ့ဝန်ထမ်း သင်တန်းသား သင်တန်းသူ ၃၅ ဦး တက်ရောက်ကာ သင်တန်းကို သုံးရက်ကြာ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပြည်သူအခြေပြုရဲလုပ်ငန်းစီမံချက် ဆောင်ရွက်နေသောမြို့နယ်များကို ရန်ကုန်တိုင်းဒေသကြီးအစိုးရက ထောက်ပံ့ငွေပေးအပ်



**ရန်ကုန် ဧပြီ ၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေးနှင့် မှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ရပ်ရွာနေ ပြည်သူအခြေပြု ရဲလုပ်ငန်းစီမံချက်(Community Based Policing)ဆောင်ရွက်နေသော မြို့နယ်များသို့ အထောက်အကူပြုပစ္စည်းများ ဝယ်ယူအသုံးပြုနိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့ငွေ ကျပ်သိန်း ၃၂၅၀ ပေးအပ်သည့် အခမ်းအနားကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ ၂ ၌ မတ် ၂၉ ရက်က ကျင်းပခဲ့သည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်စိုးမိုးက အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်က ရပ်ရွာနေပြည်သူအခြေပြု ရဲလုပ်ငန်းစီမံချက် ဆောင်ရွက်နေသည့် အခြေအနေများကို အသေးစိတ် ရှင်းလင်းပြောကြားသည်။ ထို့နောက် ထောက်ပံ့ငွေများပေးအပ်ခဲ့ရာ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက အရှေ့ပိုင်းခရိုင် ၁၄ မြို့နယ်အတွက် ထောက်ပံ့ငွေ ကျပ်သိန်း ၉၅၀ နှင့် အနောက်ပိုင်းခရိုင် ၁၃ မြို့နယ်အတွက် ထောက်ပံ့ငွေကျပ် သိန်း ၁၀၀၀ ကိုလည်းကောင်း၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက တောင်ပိုင်းခရိုင် ၁၀ မြို့နယ်အတွက် ထောက်ပံ့ငွေ ကျပ်သိန်း ၇၅၀နှင့် မြောက်ပိုင်းခရိုင် ရှစ်မြို့နယ်အတွက် ထောက်ပံ့ငွေ ကျပ်သိန်း ၅၅၀ ကိုလည်းကောင်း သက်ဆိုင်ရာ ခရိုင်အဆင့်တာဝန်ရှိသူထံ ပေးအပ်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်လွင် ၊ အမှတ် ၄ လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ခွဲမှူး ရဲမှူးကြီးခင်မောင်သော်၊ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ တက်ရောက်ခဲ့ကြပြီး တက်ရောက်လာကြသူများက ပြည်သူအခြေပြု ရဲလုပ်ငန်းစီမံချက်နှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးမှုများလည်း ပြုလုပ်ခဲ့သည်။

ယခု ထောက်ပံ့ငွေ ကျပ်သိန်း ၃၂၅၀ မှာ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆဋ္ဌမအကြိမ် ထောက်ပံ့ပေးခြင်းဖြစ်ပြီး စီမံချက်စတင်သည့် ၂၀၁၆ ခုနှစ် ဇွန် ၁၄ ရက်မှ ယနေ့အထိ စုစုပေါင်း ထောက်ပံ့ငွေ ကျပ်သိန်း ၉၀၀၀ ကို ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

# အသေးစားနှင့် အလတ်စား လုပ်ငန်းရှင်များအတွက် တတိယမြောက် စင်တာဖွင့်လှစ်



**ရန်ကုန် မေ ၁**

စီးပွားရေးလုပ်ငန်း လုပ်ကိုင်ရန် ငွေကြေးအရင်းအနှီး လိုအပ်နေသော အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းရှင်များအတွက် SME Center ကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် အမှတ်(၃) ပြည်ထောင်စုလမ်းရှိ သမဝါယမဘဏ်၌ မတ် ၃၀ ရက်က ဖွင့်လှစ်ခဲ့သည်။

"နိုင်ငံတော်အနေနဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အချက် ၁၂ ချက် ချမှတ်ထားပါတယ်၊ အဲဒီအထဲက ဒုတိယအချက်ကတော့ SME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့ ဖြစ်ပါတယ်၊ SME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာမှ အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါ်ထွက်လာမှာဖြစ်ပါတယ်၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ JICA က ပြည်တွင်းဘဏ်ခြောက်ခုနဲ့ ပူးပေါင်းပြီး SME လုပ်ငန်းရှင်များတွက် သင်တန်းများနဲ့ ဝပ်ရှော့များကိုလည်း ပြုလုပ်ပေးနိုင်ခဲ့ပါတယ်၊ ဒါကြောင့် ဂျာမနီနိုင်ငံမှ ကူညီထောက်ပံ့ပေးတဲ့ CB-KFW ချေးငွေများ ထုတ်ပေးနိုင်ဖို့ ဆောင်ရွက်ခဲ့ပါတယ်၊ ဒီနေ့ကတော့ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ကိုင်နေသူတွေ အဆင်ပြေအောင် ဆောင်ရွက်နိုင်ဖို့ SME စင်တာကို ဖွင့်လှစ်ရခြင်း ဖြစ်ပါတယ်"ဟု သမဝါယမဘဏ်လီမိတက် ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်နော်အယ်ဖာက ပြောသည်။

အဆိုပါ SME-CGI(Credit Guarantee Insurance) ချေးငွေ လျှောက်ထားရန်အတွက် အနည်းဆုံး SME လုပ်ငန်းလုပ်သက် နှစ်နှစ်ရှိရမည်ဖြစ်ကြောင်း၊ တစ်နှစ်လျှင် အတိုးနှုန်း ၈ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ချေးငွေပမာဏ ကျပ်သိန်း ၆၅၀၀ အထိ အများဆုံး ချေးယူနိုင်ကြောင်း၊ ချေးငွေသက်တမ်းကို အများဆုံး သုံးနှစ်အထိ ချေးယူနိုင်ကြောင်း သိရသည်။

သမဝါယမဘဏ်အနေဖြင့် ယခုအချိန်အထိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်ပေါင်း ၁၅၀၀ ဝန်းကျင်အား ချေးငွေ ဘီလီယံ ၃၀၀ ကျော် ထောက်ပံ့ကူညီပေးထားပြီး ဖြစ်ကာ SME စင်တာများကိုလည်း မြန်မာတစ်နိုင်ငံလုံးတွင် ဖွင့်လှစ်ပြီး အသေးစားနှင့် အလတ်စား လုပ်ငန်းလုပ်ကိုင်သူများအား လိုအပ်သောချေးငွေများ ထုတ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ပထမဆုံးသော SME စင်တာကို ရန်ကုန်မြို့ သီရိမင်္ဂလာဈေး(ဘုရင့်နောင်) စီဘီဘဏ်ခွဲတွင် ပြီးခဲ့သည့်နှစ် စက်တင်ဘာလအတွင်းက စတင်ဖွင့်လှစ်ပြီး ဒုတိယမြောက်စင်တာကို ဇန်နဝါရီလအတွင်းက မန္တလေးမြို့၌ ဖွင့်လှစ်ကာ တတိယမြောက် SME စင်တာကို ယခု တောင်ဒဂုံမြို့နယ် သမဝါယမဘဏ်တွင် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ- တင်စိုး(မြန်မာ့အလင်း)**

# သုံးစွဲရန်မသင့်သောအလှကုန်ပစ္စည်းများကို အများပြည်သူသိရှိရန် အသိပေးကြေညာချက်

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသော အလှကုန်ပစ္စည်းများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲလျက်ရှိပါသည်။

၂။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်တွင်း၌ရောင်းချနေသည့် အလှကုန်ပစ္စည်းများကို ပုံမှန်စစ်ဆေးခဲ့ရာ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၌ မှတ်တမ်းတင်ထားသည့် FULENZE Whitening Freckle Day Cream နှင့် မှတ်တမ်းတင်ထားခြင်းမရှိသည့် FULENZE Whitening Freckle Night Cream တို့တွင် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ဓာတုပစ္စည်း (မာကျူရီ) ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အများပြည်သူလူထု သုံးစွဲရန်မသင့်တော်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

| စဉ် | အလှကုန်ပစ္စည်းအမည် | ထုတ်လုပ်သည့်ကုမ္ပဏီ | တွေ့ရှိချက် |
|---|---|---|---|
| ၁။ | FULENZE Whitening Freckle Day Cream | Korea Fulenze Co., Ltd., Korea | Mercury (+) |
| ၂။ | FULENZE Whitening Freckle Night Cream | Korea Fulenze Co., Ltd., Korea | Mercury (+) |
| ၃။ | FULENZE Refreshing Whitening Freckle Day Cream /Night Cream | Korea Fulenze Co., Ltd., Korea | Mercury (+) |



**FULENZE Whitening Freckle Night Cream**



**FULENZE Whitening Freckle Day Cream**

၃။ တားမြစ်ဓာတုပစ္စည်း (မာကျူရီ)သည် အရေပြားယားယံခြင်း၊ ရောင်ရမ်းခြင်း၊ အဖြူအနီကွက်များဖြစ်ခြင်း၊ အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့စုပ်ယူ၍ ထုံကျင်ခြင်း၊ ကြွက်သားတုန်ခါခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့် စိတ်ကျရောဂါများအပြင် ရေရှည်သုံးစွဲပါက ကျောက်ကပ်ပျက်စီးခြင်းနှင့် အခြားရောဂါများ ဖြစ်ပွားနိုင်ပါသည်။

၄။ သို့ဖြစ်၍ FULENZE Whitening Freckle Day Cream အလှကုန်ပစ္စည်းမှတ်တမ်းတင်လက်မှတ် မူရင်းကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ပြန်လည်သိမ်းဆည်းပြီးဖြစ်ကြောင်း အသိပေးအပ်ပါသည်။

၅။ အလှကုန်ပစ္စည်း တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချသည့်ကုမ္ပဏီနှင့် လက်လီလက်ကားဆိုင်များသည် အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် အထက်ဖော်ပြပါ အလှကုန်ပစ္စည်းများအား တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေပုဒ်မ ၃၊ အပိုဒ် (၃)(ဃ)အရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ရေတာရှည်မြို့နယ်၌ ဓာတ်သတ္တုတရားမဝင်တူးဖော်မှု မရှိစေရေး ကွင်းဆင်းဆောင်ရွက်

**ရေတာရှည် မေ ၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း တရားမဝင် ဓာတ်သတ္တုတရားမဝင် တူးဖော်မှုမရှိစေရေးအတွက် မြို့နယ်ဌာနဆိုင်ရာများပါဝင်သော စုပေါင်းအဖွဲ့ဖြင့် လစဉ်ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ ဒုတိယ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမင်းသူက ပြောကြားသည်။

မြို့နယ်အတွင်း ဓာတ်သတ္တုများ ထွက်ရှိမှုမရှိသော်လည်း မြစ်သဲ၊ ကျောက်၊ ဂဝံ၊ ကျောက်ကြီးထုတ်လုပ်မှု၊ အုတ်ဖုတ်လုပ်ငန်းများကို စစ်ဆေးလျက်ရှိကာ လက်ရှိတွင် မြစ်သဲထုတ်လုပ်ခြင်းနှင့် အုတ်ဖုတ်လုပ်ငန်းများသာရှိကြောင်း ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက ဆက်လက်ပြောကြားသည်။

ရေတာရှည်မြို့နယ်အတွင်း၌ လယ်ယာမြေများကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် အသုံးပြုကာ အုတ်ဖုတ်နေသည့်လုပ်ငန်းများမှာ ယခင်ကထက် ပိုမိုများပြားလျက်ရှိရာ လုပ်ပိုင်ခွင့်အရ လယ်ယာမြေဥပဒေဖြင့်သာ တားဆီးနိုင်မည်ဖြစ်ကြောင်း သုံးသပ်ပြောကြားမှုများရှိနေသည်။ အုတ်ဖုတ်လုပ်ငန်းများကြောင့် လယ်ယာမြေများ ပျက်စီးခြင်း၊ လျော့နည်းလာခြင်းအပြင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများပါ ဖြစ်ပေါ်လာသည့်အတွက် ထိုက်သင့်သော အရေးယူဆောင်ရွက်မှုများဖြင့် တားဆီးခြင်း၊ ပိတ်ပင်ခြင်းတို့ကို ဆောင်ရွက်သင့်ကြောင်း တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

"တရားမဝင်အုတ်ဖုတ်လုပ်ငန်းတွေကို ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်မယ်ဆိုရင် မြို့နယ်အုပ်ချုပ်ရေးမှူးကနေ တရားစွဲရမှာ၊ ပြစ်ဒဏ်က ဒဏ်ငွေ နှစ်ရာပဲရှိတယ်၊ ထိရောက်မှုလည်း မရှိတော့ဘူး၊ အဲဒီတော့ လယ်ယာမြေဥပဒေနဲ့ အရေးယူမှရမှာ"ဟု အထက်ပါ တာဝန်ရှိသူကပင် ဆက်လက်ပြောကြားသည်။ **ကိုလွင်(ဆွာ)**

## မှုခင်းသတင်းတိုများ

### ဟုမ္မလင်းမြို့နယ်မှ လူသတ်မှုကျူးလွန်သူအား ဖမ်းဆီးရမိ

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် နောင်ချိုကျေးရွာတွင် မတ် ၂၇ ရက် ညပိုင်းက လူသတ်မှုဖြစ်ပွားခဲ့ရာ ပြစ်မှုကျူးလွန်သူအား တစ်ရက်အတွင်း ဖမ်းမိခဲ့ကြောင်း သိရသည်။ လူသတ်မှုဖြစ်ပွားရာသို့ ဟုမ္မလင်းမြို့မရဲစခန်းမှူး ဒုရဲမှူးကြည်စိုးနှင့် အဖွဲ့က သွားရောက်စစ်ဆေးရာ ကျေးရွာရှိ အလှူပွဲတွင် ဘဝေ(ခ)နေဆန်းနှင့် သေဆုံးသူ မိုးသန်းတို့သည် အရက်သောက်နေရာမှ ရန်ဖြစ်ပြီး ဘဝေ(ခ)နေဆန်းက မိုးသန်းအား အရှည် ၄ ပေခွဲခန့်ရှိ သစ်သားတုတ်ဖြင့် တစ်ချက်ရိုက်၍ ထွက်ပြေးသွားခြင်းဖြစ်ကာ အရိုက်ခံရသူ မိုးသန်းမှာ ဟုမ္မလင်းမြို့ ဆေးရုံသို့ တင်ပို့ထားစဉ် မတ် ၂၈ ရက် ညနေပိုင်းတွင် သေဆုံးခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဘဝေ (ခ)နေဆန်းအား ရဲတပ်ဖွဲ့က တစ်ရက်အတွင်း ရှာဖွေဖမ်းဆီးနိုင်ခဲ့ပြီး ဟုမ္မလင်းမြို့မရဲစခန်းတွင် အမှုဖွင့်ကာ အမြန်ဆုံး တရားစွဲတင်နိုင်ရေးအတွက် ဆောင်ရွက်ထားကြောင်း မြို့မရဲစခန်းမှူး၏ ပြောကြားချက်အရ သိရသည်။ **လူအောင်(ကသာ)**

### မန္တလေးကားကြီးဝင်းအနီးမှ လူသတ်မှုကျူးလွန်သူကို ဖမ်းမိ

မတ် ၂၉ ရက် ည ၉ နာရီခွဲခန့်က မန္တလေးမြို့ စွယ်တော်ကုန်တင်ကားကြီးဝင်းအနီးတွင် လူသတ်မှုဖြစ်ပွားခဲ့ပြီး ပြစ်မှုကျူးလွန်သူကို ရဲတပ်ဖွဲ့က လေးနာရီအတွင်း ဖမ်းမိခဲ့ကြောင်း သိရသည်။ ကားကြီးဝင်းအတွင်းရှိ တောင်စဉ်တန်းကားဂိတ် ထမင်းဆိုင်အနီးတွင် ကားဂိတ်အလုပ်သမား ဖိုးကျော်(ခ)ကျော်ယုအောင်နှင့် ဆိုင်ကယ်ကယ်ရီမောင်းသူ ကိုမျိုး(ခ)မျိုးဇော်ဦးတို့ စကားများရန်ဖြစ်ရာမှ ကိုမျိုး(ခ)မျိုးဇော်ဦးက ဖိုးကျော်အား အရိုးအသွားခြောက်လက်မခန့်ရှိ ဓားမြောင်ဖြင့်ထိုးခဲ့၍ မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ရဲဆေးစာဖြင့် သွားရောက်ကုသနေစဉ် ဖိုးကျော်မှာ သေဆုံးသွားခဲ့ခြင်းဖြစ်သည်။ ဓားဖြင့်ထိုးသူ မျိုးဇော်ဦးကိုလည်း မြစ်ငယ်နယ်မြေရဲစခန်းမှူး ရဲအုပ်ကြည်ဦးနှင့် အဖွဲ့က ရှာဖွေဖမ်းဆီးရာ လေးနာရီအတွင်း သက်သေခံဓားနှင့်အတူ ဖမ်းဆီးရမိ၍ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **မောင်မောင်စိုး(မြစ်ငယ်)**

### သန်လျင်၌ WY မူးယစ်ဆေးဝါးများနှင့် ဆေးဝါးသုံးစွဲရောင်းချသူများအား ဖမ်းဆီးရမိ

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် မြို့ဟောင်းအရှေ့ရပ်ကွက်၌ မတ် ၃၀ ရက် ည ၉ နာရီက သန်လျင်မြို့ မြို့ဟောင်းအရှေ့ရပ်ကွက်၌ မူးယစ်ဆေးဝါးသုံးစွဲ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းအရ သန်လျင်မြို့နယ် ရဲတပ်ဖွဲ့ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်ဆန်းမြင့် ဦးစီး၍ ရဲတပ်ဖွဲ့ဝင်များနှင့်အတူ သောက်တော်တွင်း ၉ လမ်း၊ မြို့ဟောင်းအရှေ့ရပ်ကွက်နေ အိမ်ရှင် ကိုဇော်ဇော် (ခ) ဇော်ဇော်ထိုက် နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ကြောင်း သိရသည်။

ထိုသို့ သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ အိမ်ရှင် ကိုဇော်ဇော် (ခ) ဇော်ဇော်ထိုက်ပါ ခြောက်ဦးအား WY စာတမ်းပါ မူးယစ်ဆေးပြား ၄၄၅ ပြားနှင့် မူးယစ်ဆေးဝါးသုံးစွဲသည့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

### လွိုင်ကော်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

ကယားပြည်နယ် လွိုင်ကော်မြို့နယ် ထီးစဲခါးကျေးရွာအုပ်စု ဆီဆိုင်-လွိုင်ကော်ကားလမ်းပေါ် ထီးစဲခါးတံတား၌ မူးယစ်တပ်ဖွဲ့စု ၂၀ လွိုင်ကော်မှ တပ်ဖွဲ့ဝင်များ မတ် ၂၉ ရက်က ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်စဉ် မျိုးနိုင်(ခ) အာမင်း (၄၁ နှစ်)မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၂၀ ကို သိမ်းဆည်းရမိခဲ့၍ ၎င်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# စလင်း၌ ကျောင်းပြင်ပ စာမေးပွဲများဖြေဆို

**စလင်း မေ ၁**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်၌ မတ် ၂၉ ရက်နှင့် ၃၀ ရက်က ကျောင်းပြင်ပ စာမေးပွဲများကို စစ်ဆေးခဲ့ပြီး အဆိုပါစာမေးပွဲတွင် ကျောင်းပြင်ပပညာရေးကို သင်ကြားခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၄၀ ကျော် ဖြေဆိုကြကြောင်း သိရသည်။ အကြောင်းအမျိုးမျိုးကြောင့် အတန်းကျောင်းများတွင် မနေနိုင်ကြသော ကျောင်းနေအရွယ်များ ကလေးများအား ဆရာ ဆရာမများက ၎င်းတို့ရှိရာ လုပ်ငန်းခွင်အထိ သွားရောက်၍ တစ်ရက်လျှင် နှစ်နာရီကြာ သင်ကြားပေးခဲ့ခြင်းဖြစ်ပြီး ကျောင်းပြင်ပပညာရေးတွင် Level 2 ကို ဖြေဆိုအောင်မြင်သူများအနေဖြင့် အခြေခံပညာကျောင်းများတွင် ဆက်နေမည်ဆိုလျှင် ပဉ္စမတန်းတွင် တက်ရောက်သင်ကြားခွင့်ရမည်ဖြစ်ကြောင်း၊ စလင်းမြို့နယ်အတွင်း၌ ဂွင်ကျင်း၊ ပေါင်ဖယ်၊ ဝမ်းပြည့်၊ ဖောင်းလင်းနှင့် ပြည်တော်သာကျေးရွာတို့တွင် သင်ကြားပေးခဲ့ကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

## မန္တလေးတိုင်းဒေသကြီးအစိုးရ
## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## မန္တလေးမြို့ပြဝန်ဆောင်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း
## အကြိုအရည်အချင်းစစ်ဆေးမှုလျှောက်လွှာများဖိတ်ခေါ်ခြင်း

**ရေသန့်စင်စက်ရုံတည်ဆောက်ခြင်းနှင့် ဆက်စပ်ရေပိုက်လိုင်းများချထားခြင်း**

**စာချုပ်အမှတ် - MYWS/10.0**

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ပြင်သစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၏ ချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မန္တလေးမြို့ပြ ဝန်ဆောင်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွင် ရေသန့်စင်စက်ရုံတည်ဆောက်ခြင်းနှင့် ဆက်စပ်ရေပိုက်လိုင်းများချထားခြင်းတို့ ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ရေသန့်စင်စက်ရုံနှင့် ဆက်စပ်ရေပိုက်လိုင်းများ ချထားခြင်း လုပ်ငန်းအတွက် ဒီဇိုင်းရေးဆွဲခြင်းနှင့် တည်ဆောက်ရေးလုပ်ငန်းလုပ်ကိုင်လိုသူများအား အိတ်ပိတ်အကြို အရည်အချင်းစစ်ဆေးမှုလျှောက်လွှာများ တင်သွင်းကြရန်ဖိတ်ခေါ်ပါသည်။

၃။ တင်ဒါခေါ်ယူခြင်းကို ပြင်သစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၏ ဝယ်ယူရေးလမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပြီး တင်ဒါလျှောက်လွှာများကို ယခုအကြိုအရည်အချင်းစစ်ဆေးခြင်း အောင်မြင်သူများကိုသာ ရောင်းချသွားမည် ဖြစ်ပါသည်။

၄။ စိတ်ပါဝင်စားသူများသည် အကြိုအရည်အချင်းစစ်ဆေးမှုလျှောက်လွှာများကို စီမံကိန်းမန်နေဂျာ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီထံမှ အောက်ဖော်ပြပါလိပ်စာတွင် ၂-၄-၂၀၁၈ ရက်မှစတင်၍ ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

၅။ အကြိုအရည်အချင်းစစ်ဆေးမှု လျှောက်လွှာများကို အောက်ဖော်ပြပါလိပ်စာသို့ ၃၁-၅-၂၀၁၈ ရက် ၁၆း၀၀ နာရီနောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်ဖြစ်ပါသည်။ နောက်ကျသော လျှောက်လွှာများအား ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

၆။ အကြိုအရည်အချင်းစစ်ဆေးခြင်းနှင့် ပတ်သက်သည့်အကြောင်းအရာများကို ရှင်းလင်းသည့် အစည်းအဝေးနှင့် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ လိုက်လံပြသခြင်းအား ၂၇-၄-၂၀၁၈ ရက် နံနက် ၁၀ နာရီတွင် မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ ပြုလုပ်သွားမည်ဖြစ်ပါသည်။

၇။ **လိပ်စာ**

**စီမံကိန်းမန်နေဂျာ၊**
**စီမံကိန်းစီမံခန့်ခွဲရေးရုံး၊**
**၂၆ လမ်း၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြား၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့၊**
**ဖုန်း-၀၂-၆၁၆၃၁၊ pmomusip@gmail.com.**

## THE GOVERMENT OF THE REPUBLIC OF THE UNION OF MYANMAR
## MANDALAY REGION GOVERNMENT
## MANDALAY CITY DEVELOPMENT COMMITTEE
## MANDALAY URBAN SERVICES IMPROVEMENT PROJECT(MUSIP)
## Invitation for Prequalification

**Invitation for Prequalification No: MYWS/10.0/01**

**Contract No: MYWS/10.0**

**Contract Title: New Water Treatment Plant and Associated Pipeline Work**

1. Mandalay City Development Committee, Mandalay Urban Services Improvement Project, intends to implement a New Water Treatment Plant and Associated Pipeline Work under financing from Agency of French Development.
2. Mandalay City Development Committee now invites applicants to submit sealed prequalification documents for Design and Build of New Water Treatment Plant and Associated Pipeline Work to be constructed in Mandalay.
3. Bidding will be conducted through the International Competitive Bidding(ICB) procedures as specified in the AFD Procurement Guidelines. The bidding documents shall be addressed only to the prequalified eligible firms following the evaluation result of the prequalification.
4. Interested firms may obtain the prequalification documents(PQD) from Project Manager, Project Management Office(MUSIP), Mandalay City Development Committee, pmomusip @gmail.com during office hours 9:30 to 16:30 hr at the address given below starting from 2 April 2018.
5. Application for prequalification must be delivered to the address below on or before local time 16:00hr, 31st May 2018. Electronic application of prequalification will not be permitted. Late application will be rejected.
6. A site visit and prequalification meeting will be held tentatively from 10:00hr until 12:00hr on 27th April 2018, at Mandalay City Development Committee Meeting Hall.
7. The address referred to above paragraph 4 and 5 is:

| | | |
|---|---|---|
| **Attention** | : | **Project Manager** |
| | | **Project Management Office (MUSIP)** |
| | | **26th street between 71th and 72nd street** |
| | | **Mandalay City Development Committee** |
| | | **The Republic of the Union of Myanmar** |
| **Telephone** | : | **+95261631** |
| **Email** | : | **pmomusip@gmail.com** |

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 1F/6324 Mazda Familia Vay 12, S/W (4x2)® ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော် ၅/စကန(နိုင်)၁၅၅၂၁၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

### စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
### ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
### အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းလုပ်ငန်း)

၁။ ရှမ်းပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ (ဧပြီလမှ စက်တင်ဘာလအထိ) ၆လဘတ်ဂျက် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ၊ ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့်ကျေးလက်ရေရရှိရေး လုပ်ငန်းများနှင့် ကျေးလက်မီးလင်းရေးလုပ်ငန်းများ၏ တည်ဆောက်ရေးနှင့် ဝယ်ယူရေးဆိုင်ရာလုပ်ငန်းများအား တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်-

| | | |
|---|---|---|
| (က) | **တင်ဒါစတင်ရောင်းချမည့်ရက်** | - ၅-၄-၂၀၁၈ ရက် (ကြာသပတေးနေ့) |
| (ခ) | **တင်ဒါစတင်ရောင်းချမှုပိတ်သိမ်းရက်** | - ၂၆-၄-၂၀၁၈ ရက် (ကြာသပတေးနေ့) |
| (ဂ) | **တင်ဒါ(နောက်ဆုံး)တင်သွင်းရမည့်ရက်** | - ၂၇-၄-၂၀၁၈ ရက် (သောကြာနေ့) |
| (ဃ) | **တင်ဒါဖွင့်မည့်ရက်** | - ၃၀-၄-၂၀၁၈ ရက် (တနင်္လာနေ့) |

၂။ အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဖုန်း-၀၈၁-၂၁၂၄၂၅၀၊ ၀၈၁-၂၁၂၄၄၈၁ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ **အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### ပြည်ထောင်စုရာထူးဝန်အဖွဲ့
### ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)
### ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆)လ ဘဏ္ဍာရေးနှစ်တွင်
### တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)တွင် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်း (၂)ခုကို ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | လုပ်ငန်းအမည် | အရေအတွက် |
|---|---|---|
| (၁) | သင်တန်းအိပ်ဆောင် အခန်းဖွဲ့စည်းခြင်းလုပ်ငန်း တစ်ခန်းလျှင် (12'x8'x11'.6") [Hollow Pipe (2"x2") Frame ဖြင့် Smart Board (10mm)] | ၃၀၀ ခန်း |
| (၂) | စာသင်ဆောင် အကြီးစားမွမ်းမံခြင်းလုပ်ငန်း (80'x50') (အမိုး၊ ဒိုင်း၊ မြား၊ မျက်နှာကြက်၊ ကြမ်းခင်း၊ ပြတင်းတံခါး၊ ဆေးသုတ်၊ လျှပ်စစ်အပါအဝင်) | ၂ လုံး |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂-၄-၂၀၁၈ရက်မှ ၂၀-၄-၂၀၁၈ ရက်အထိ ရုံးချိန်အတွင်း လျှောက်လွှာတစ်စောင်လျှင် ငွေကျပ် ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)ဖြင့် ရောင်းချသွားမည်ဖြစ်ပြီး လျှောက်လွှာများကို ၂၄-၄-၂၀၁၈ရက် (အင်္ဂါနေ့) ၁၁း၀၀နာရီ နောက်ဆုံးထားလက်ခံ၍ ၁၃း၃၀နာရီတွင် အိတ်ဖွင့်တင်ဒါဖွင့်ဖောက်ခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါ တင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် လုပ်ငန်းတစ်ခုချင်းစီအတွက် သတ်မှတ်တင်ဒါအာမခံစပေါ်ငွေကြေး (တင်ဒါတန်ဖိုး၏ တစ်ရာခိုင်နှုန်း)ကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုတွင် တင်သွင်း၍ ပေးသွင်းပြီးကြောင်း အထောက်အထားကို သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ ပူးတွဲ၍တင်သွင်းရမည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၆၂၆၀၆၇၊ ၀၁-၆၂၆၀၆၈သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)**

### လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
### ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အထက်ရဲရွာစီမံကိန်း၏ တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သော Water Glass များနှင့် ရေအားလျှပ်စစ်စီမံကိန်းများတွင် ဆောင်ရွက်မည့်ဘူမိဗေဒလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးဆက်စပ်ပစ္စည်းနှင့် စက်အရန်ပစ္စည်းများအား D.D.P(Upper Yeywa/Paung Laung)၊ မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်-

(က) Tender No. 04/DHPI/Water Glass/2018-2019
(ခ) Tender No . 05/DHPI/Geology Spare/2018-2019

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ(Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) တို့အား သီးခြားစီချိပ်ပိတ်၍ ၃၀-၄-၂၀၁၈ရက် ၁၂း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ Website ဖြစ်သော www.moee.gov.mm ၌ ဝင်ရောက်ကြည့်ရှု၍ Download ဆွဲယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၁၉၁၊ ၀၆၇-၈၁၀၄၁၉၀**

### ကချင်ပြည်နယ်အစိုးရအဖွဲ့
### အခမဲ့ဗလာ
### အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး၏ ကြီးကြပ်မှုဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ကချင်ပြည်နယ်၊ ပြည်နယ်ပညာရေးမှူးရုံးအောက်ရှိ အခြေခံပညာမူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအားလုံးအတွက် အခမဲ့ထောက်ပံ့ပေးရန် လိုအပ်သောလေ့ကျင့်ခန်းစာအုပ်များအား တင်ဒါ(အိတ်ဖွင့်)စနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

တင်သွင်းရမည့် လေ့ကျင့်ခန်းစာအုပ်ဒါဇင်
(က) ၇၂၄၅၉ ဒါဇင်
(ခ) တင်ဒါပိတ်မည့်ရက်၊အချိန် -၃၀-၄-၂၀၁၈ရက် (တနင်္လာနေ့) ၁၆း၀၀ နာရီ

၂။ တင်ဒါပုံစံများကို ၂-၄-၂၀၁၈ ရက်မှစ၍ ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် ကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ကချင်ပြည်နယ်ပညာရေးမှူးရုံး၊ မြစ်ကြီးနားမြို့**
**ဖုန်း-၀၇၄-၂၅၂၁၁၇၁၊ ၀၄၇-၂၅၂၂၄၁၆၊ ၀၇၄-၂၅၂၂၄၅၆**

### အမည်ပြောင်း

ဦးသိန်းဇော်၏သား ဟသ်ာတမြို့၊ အထက (၄)၊ ဆဋ္ဌမတန်း (D) မှ မောင်ထွန်းတောက်ဇော်မင်း အား မောင်ရဲမာန်သစ်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ရဲမာန်သစ်**

### ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ် ကော့ခလိန်ကျေးရွာ အလက(ခွဲ) ပဥ္စမတန်းမှ မိန္ဒန်ဒါစော၏ ဖခင်အမည်မှန်မှာ ဦးစန်းသိန်း ၁၀/ကမရ(နိုင်)၁၅၂၄၃၁ ဖြစ်ပါသည်။ **ဦးစန်းသိန်း**

### တစ်ဦးတည်းဖြစ်ကြောင်း

ပုဏ္ဏားကျွန်းမြို့နယ်၊ ယိုးတရုတ် အထက တက္ကသိုလ်ဝင်တန်းမှ မခိုင်နှင်းဝေနှင့် န၀မတန်းမှ မောင်ကျော်လင်းထွန်းတို့၏ဖခင် ဦးမောင်ယဉ်သောင်း ၁၁/ပဏတ(နိုင်)၀၃၉၀၀၉နှင့် ဦးမောင်သိန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### မွေးသက္ကရာဇ်အမှန်

ရသေ့တောင်မြို့နယ်၊ ကျောက်တန်းကျေးရွာနေ ဦးအေးမောင်၏သား မောင်အောင်ဒိုင်ဖြိုး၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်အောင်လက်မှတ်အရ ၂-၃-၁၉၉၈ ဖြစ်ပါကြောင်း။

### မိခင်အမည်မှန်

ပေါင်မြို့နယ်၊ မုတ္တမ၊ အမက (စက်ခေါင်းရုံ) စတုတ္ထတန်းမှ မောင်ပြည့်စုံထူးနှင့် KG(သူငယ်တန်း)မှ မဝင်းမာလာနှင်းတို့၏ မိခင်အမည်မှန်မှာ ဒေါ်သန်းသန်းမေ ၁၀/ပမန(နိုင်)၂၀၆၉၈၈ ဖြစ်ပါကြောင်း။

**ဒေါ်သန်းသန်းမေ**

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေထီဆွဲဌာနခွဲ

(၁၃) ကြိမ်မြောက် ထီပေါက်စဉ် ၂၀၁၈ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့

အခမဲ့ထုတ်ဝေသည်

## အထူးဆုကြီး ကျပ်သိန်း (၁၀၀၀၀) ဆု

ဍ - ၉၀၅၂၆၀

## ဆုကြီးတစ်ဆုစီ ကျပ်သိန်း(၅၀၀၀)ဆုများ

| | |
|---|---|
| ကည - ၁၃၈၇၅၂ | ဆ - ၄၇၀၄၇၉ |

## ဆုကြီးတစ်ဆုစီ ကျပ်သိန်း(၃၀၀၀)ဆုများ

| | |
|---|---|
| င - ၆၇၄၂၃၃ | ကည - ၈၆၃၄၈၁ |
| အ - ၈၀၂၁၅၇ | |

## ဆုကြီးတစ်ဆုစီ ကျပ်သိန်း(၁၀၀၀)ဆုများ

| | | |
|---|---|---|
| ဗ - ၁၅၃၉၃၁ | ဠ - ၁၆၃၅၂၆ | ကဇ - ၆၉၆၃၇၂ |
| က - ၁၅၄၂၁၂ | ဝ - ၅၀၃၃၅၇ | က - ၇၄၀၇၃၉ |

## ဆုတစ်ဆုစီ ကျပ်သိန်း(၅၀၀)ဆုများ

| | |
|---|---|
| ဒ | ၁၆၀၂၁၉ |
| ဂ | ၁၇၂၀၈၂ |
| ကည | ၃၀၇၅၉၉ |
| ည | ၄၃၈၀၈၀ |
| ကဇ | ၄၇၅၄၉၃ |
| ကက | ၆၀၁၆၀၇ |
| ပ | ၆၃၀၂၉၀ |
| ဂ | ၉၈၅၅၃၇ |

## ဆုတစ်ဆုစီ ကျပ်သိန်း(၂၀၀)ဆုများ

| | |
|---|---|
| မ | ၂၃၀၆၇၇ |
| ကဃ | ၃၂၀၀၇၁ |
| ဃ | ၃၂၉၈၆၂ |
| မ | ၃၅၂၇၃၇ |
| ကခ | ၄၆၉၆၇၃ |
| ကဍ | ၅၂၄၈၅၉ |
| ကဂ | ၆၃၆၆၉၅ |
| ကစ | ၇၄၅၉၇၃ |
| ကစ | ၈၄၈၂၇၄ |
| ကစ | ၉၃၈၁၆၁ |
| ဗ | ၉၇၂၇၃၂ |

## ဆုတစ်ဆုစီ ကျပ်သိန်း(၁၀၀)ဆုများ

| | |
|---|---|
| ခ | ၁၁၃၀၉၃ |
| ဈ | ၃၀၈၁၄၈ |
| ဃ | ၃၃၅၂၄၃ |
| န | ၃၉၆၄၅၃ |
| ခ | ၄၀၈၇၈၂ |
| ဃ | ၅၁၀၈၆၄ |
| ဈ | ၅၇၁၅၂၆ |
| ဝ | ၅၇၁၉၀၈ |
| ကဌ | ၇၂၀၅၆၀ |
| င | ၈၀၉၉၈၉ |
| ဋ | ၈၅၁၃၀၁ |

## ဆုတစ်ဆုစီ ကျပ်သိန်း(၅၀)ဆုများ

| | |
|---|---|
| ကဈ - ၂၅၄၂၂၈ | ဂ - ၅၂၃၂၆၉ |
| ဗ - ၂၆၃၆၄၀ | ကဍ - ၅၆၅၃၈၅ |
| ဂ - ၂၉၄၄၈၀ | ရ - ၆၀၄၁၉၉ |
| ကဌ - ၃၁၉၅၄၅ | မ - ၆၆၅၁၂၇ |
| ဂ - ၃၆၆၆၇၁ | ကဌ - ၇၉၅၆၆၁ |
| ဏ - ၃၈၄၃၁၃ | န - ၈၃၅၉၁၇ |
| ဇ - ၄၀၀၅၁၃ | ကည - ၉၆၄၉၉၇ |
| ဍ - ၄၃၉၃၆၁ | |

## ဆုတစ်ဆုစီ ကျပ်သိန်း(၃၀)ဆုများ

| | |
|---|---|
| ဟ - ၁၀၀၆၄၆ | ဆ - ၃၇၂၃၁၂ |
| ကည - ၁၀၁၉၇၇ | ဒ - ၄၅၂၃၈၀ |
| ပ - ၁၄၂၇၆၁ | ဈ - ၅၀၃၂၅၈ |
| ကည - ၁၆၀၉၆၁ | ဃ - ၅၅၃၅၇၉ |
| ကဌ - ၁၆၅၂၆၆ | ကဌ - ၆၄၁၇၉၄ |
| ရ - ၂၂၅၃၄၉ | သ - ၆၆၈၅၄၉ |
| အ - ၂၈၉၈၅၈ | စ - ၆၆၉၄၈၄ |
| စ - ၃၀၈၇၈၄ | ရ - ၇၀၆၄၀၆ |
| ဓ - ၃၁၃၈၉၂ | ဠ - ၇၆၂၄၀၇ |
| ဆ - ၃၄၃၈၃၀ | ဗ - ၇၆၅၅၇၆ |
| ကဍ - ၃၅၆၆၄၇ | ဇ - ၈၈၇၅၉၃ |

## ဆုတစ်ဆုချင်းဆုမဲစနစ် ကျပ်(၁၀)သိန်းဆုများ

| | | | |
|---|---|---|---|
| ပ - ၁၀၈၃၈၇ | ကက - ၃၀၇၀၂၃ | ဍ - ၅၁၀၇၃၅ | ကပ - ၆၈၂၃၂၄ | မ - ၈၆၁၇၇၂ |
| ရ - ၂၀၄၄၇၃ | ကက - ၃၄၇၅၁၂ | ရ - ၅၃၁၇၉၃ | ထ - ၇၅၂၉၄၁ | ဌ - ၈၇၉၃၄၅ |
| ဒ - ၂၅၃၀၄၄ | ဝ - ၃၉၇၉၇၉ | အ - ၅၇၁၃၁၈ | ယ - ၈၃၅၇၃၉ | ဍ - ၉၁၄၃၁၉ |
| ဇ - ၂၆၉၆၈၁ | ကယ - ၄၃၉၆၈၁ | ကဥ - ၆၁၄၀၁၃ | ပ - ၈၄၀၅၅၀ | ကင - ၉၂၈၅၆၈ |
| ဍ - ၂၇၈၅၂၅ | ဏ - ၄၉၆၂၉၂ | ဖ - ၆၆၀၆၁၃ | ဟ - ၈၅၈၉၄၂ | ကပ - ၉၉၆၄၃၅ |

## ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

| | |
|---|---|
| ဍ - ၁၆၄၉၈ | ကဍ - ၆၄၁၉၇ |
| က - ၁၇၉၃၆ | ဒ - ၆၄၈၇၃ |
| န - ၂၇၂၂၃ | ကဆ - ၆၆၅၃၅ |
| ကစ - ၃၄၁၀၀ | မ - ၆၉၁၉၈ |
| ခ - ၄၂၃၀၉ | ကယ - ၉၅၆၈၅ |

အကွရာနှင့် ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ - ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

| | |
|---|---|
| ကဍ - ၂၂၆၅ | ဂ - ၆၅၀၄ |
| ကဂ - ၃၈၁၉ | ယ - ၇၁၈၁ |
| ဈ - ၃၉၆၅ | ခ - ၇၇၆၂ |
| ကခ - ၅၃၈၆ | တ - ၈၀၉၇ |
| ယ - ၅၆၁၇ | ရ - ၈၆၉၀ |

အကွရာနှင့် ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

| | |
|---|---|
| ဈ - ၁၂၇ | န - ၆၉၂ |
| ဇ - ၃၀၉ | ဂ - ၇၆၅ |
| ဏ - ၃၆၄ | ကဥ - ၈၂၂ |
| ဆ - ၃၇၃ | တ - ၈၇၅ |
| ဋ - ၄၉၁ | ဈ - ၉၆၂ |
| ခ - ၅၉၂ | ဏ - ၉၇၇ |
| ကဌ - ၆၇၁ | |

အကွရာနှင့် ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ

| | |
|---|---|
| ကဌ - ၁၂ | ကဈ - ၆၇ |
| ဘ - ၁၄ | ဇ - ၇၂ |
| ကခ - ၃၅ | ဖ - ၇၅ |
| ကခ - ၃၅ | ဟ - ၇၉ |
| ကခ - ၄၄ | ပ - ၉၁ |
| ကစ - ၅၀ | |

အကွရာနှင့် ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

၁။ ၂၀၁၈ခုနှစ်၊ ဧပြီလ (၁) ရက်နေ့တွင်ကျင်းပသည့် (၁၃) ကြိမ်မြောက်အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် ဆုမဲပေါင်း (၁၂၄၂၀၄)ဆု ဖွင့်လှစ်ပေးခဲ့ပါသည်။

၂။ ၂၀၁၈ခုနှစ်၊ မေ လ (၁) ရက်နေ့တွင် ကျင်းပမည့် (၁၄) ကြိမ်မြောက် ကျပ်(၅၀၀)တန်ထီ အောင်ဘာလေထီလက်မှတ်များကို (က) အက္ခရာမှ (ကည) အက္ခရာထိ အက္ခရာအလုံး (၄၃)လုံး ခွဲဝေရောင်းချပေးသွားပြီး ဖြစ်ပါသည်။

၃။ ထပ်မံဝယ်ယူလိုသူ လုပ်ငန်းရှင်အသစ်များအနေဖြင့် ကျပ် (၅၀၀)တန် ထီလက်မှတ်စာအုပ် အုပ်ရေ (၁၀၀) လျှင် ကျပ် (၃၀၀၀၀) တန် **PO** ကို **Deposit** တင်ပြပြီး ကျသင့်ငွေကို ဘဏ်ငွေသွင်းချလန် **(TF-1)**ဖြင့် ဘဏ်ခွဲ(၅)တွင် ပေးသွင်းရပါမည်၊ ထီစာအုပ်များကို အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့်(၃၇)လမ်းထောင့်၊ ကျောက်တံတား မြို့နယ်တွင် ( ၉ . ၄ . ၂၀၁၈) ရက်နေ့မှ ( ၂၄ . ၄ . ၂၀၁၈) ရက်နေ့ထိ ရောင်းချပေးသွားမည် ဖြစ်ပါသည်။

<u>ဆုငွေစတင်ထုတ်ပေးမည့်ရက် ( ၁၁ . ၄ . ၂၀၁၈ )</u>

ယခုအကြိမ်နှင့် အကြိမ်ဟောင်းများမှ ဆုရလက်မှတ်များကို နေ့စဉ် လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်း ရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ (၃)ပုံ တင်ပြရန်လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

**အောင်ဘာလေသိန်းထီပေါက်စဉ်အား www.irdmyanmar.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။**

# ဖိတ်ကြားလွှာ

ပဲခူးမြို့ သီရိမင်္ဂလာကြခတ်ဝိုင်းကျောင်းတိုက် ပဓာနနာယက ဆရာတော် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဥေယျမွှာဘိဝံသ ဆရာတော်ကြီးမှ ဦးဆောင်ပြီး တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့က စုပေါင်းလှူဒါန်း၍ ပဲခူးမြို့၊ ဟံသာဝတီရပ်ကွက်၊ တပ်မ (၇၇)အရှေ့ကပ်လျက် ရွှေပန်းတောရ ရွှေပရိယတ္တိစာသင်တိုက်အတွင်း အသစ်ပြန်လည်တည်ထားကိုးကွယ်သော ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ဂဝံသံပတ်စေတီတော် မူလဌာပနာတော်သွင်း မဟာမင်္ဂလာအခမ်းအနားနှင့် နဂါးရုံဘုရား အနေကဇာတင် ဖွင့်လှစ်လှူဒါန်းခြင်းအခမ်းအနား၊ အလှူတော်ငွေလှူဒါန်းခြင်း မင်္ဂလာအခမ်းအနားတို့ကို ၁၃၇၉ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၄ ရက်၊ ၄-၄-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇း၀၀ နာရီတွင် ပြုလုပ်ကျင်းပမည်ဖြစ်ပါသောကြောင့် ရပ်ဝေးရပ်နီးမှ စေတနာရှင်များ၊ အလှူရှင်များ ကြွရောက်ကြည်ညို သာဓုခေါ်ဆိုနိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ဂဝံသံပတ်စေတီတော်တည်ဆောက်ရေးကော်မတီ**

## သက်ြန်မိုးကုတ်တရားစခန်းပွဲ

သင်္ကြန်တွင်း ၅ ရက် တရားစခန်းပွဲကို ၁၂-၄-၂၀၁၈မှ ၁၇-၄-၂၀၁၈ (နှစ်ဆန်း ၁ ရက်)အထိ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၅/ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ် (၂)ဝိုင်း ကျောင်းဝင်းအတွင်းရှိ အောင်ပင်လယ်ပရိယတ္တိစာသင်တိုက်တွင် ကျင်းပမည်ဖြစ်ရာ ပဓာနနာယက ဆရာတော်ဘဒ္ဒန္တစန္ဒသိရီ (သာသနဓဇဓမ္မာစရိယ)က မြတ်ဗုဒ္ဓဒေသနာတော်တို့ကို မိုးကုတ်ဆရာတောကြီး၏ ဥပနိဿယနှင့်အညီ ဟောကြားပြသမည်ဖြစ်ပါသည်။ ခင်ပွန်းကြီး ၁၀ပါး စုပေါင်းကန်တော့ခန်းကိုလည်း ၁၂-၄-၂၀၁၈ ည ၇း၃၀ နာရီတွင် ကျင်းပပြုလုပ်ပါမည်။ (မည်သူမဆို ဝင်ရောက်ကန်တော့နိုင်ပါသည်)

တရားစခန်းပွဲဝင်လိုသော ယောဂီများ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။ **ဖုန်း-၀၉-၄၂၅၀၀၈၄၄၆၊ ၀၉-၇၇၃၇၃၇၃၇၂**

## ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ဝါးနက်ချောင်း၊ စံပြကျေးရွာ၊ ညောင်ကုန်းအပိုင် ဝေဠုဝန်တောရဓမ္မရိပ်သာ

**ဓမ္မမိတ်ဆွေသူတော်စင်အပေါင်းတို့**

သင်္ကြန်တွင် ရုံးပိတ်ရက်ကို အကျိုးရှိရှိ အသုံးချရန်အတွက် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များကို ကမ္မဋ္ဌာနာစရိယ ဝိပဿနာအလင်းပြ ဦးစီးနာယကဆရာတော် ဦးပဏ္ဍိဝံသ ကိုယ်တိုင်ဟောကြားပြသမည်ဖြစ်ပါ၍ တရားစခန်းဝင်/တရားအားထုတ်လိုကြကုန်သော ဓမ္မမိတ်ဆွေအပေါင်းတို့သည် မိမိတို့၏ အမျိုးသားမှတ်ပုံတင်မူရင်း၊ မိတ္တူနှင့်သန်းခေါင်စာရင်းမိတ္တူနှင့်တကွ အသုံးအဆောင်များယူဆောင်ပြီး ကြွရောက်အားထုတ်နိုင်ပါကြောင်း နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

**မှတ်ချက်။** ။ ယောဂီဝင် ၁၅၀ဦးခန့်သာလက်ခံမည်ဖြစ်ပါသဖြင့် ကြိုတင်စာရင်းပေးပို့ပါရန်။ ရဟန်း၊ သီလရှင်ဝတ်ဖြင့် တရားဝင်လိုသူများကိုလည်း စီစဉ်ပေးပါသည်။

**အစီအစဉ်**

၁။ ၁၃-၄-၂၀၁၈ မှ ၁၉-၄-၂၀၁၈ ရက်ထိ
၂။ ၁၃-၄-၂၀၁၈ ရက် ညနေ ၄း၀၀ နာရီ ရိပ်သာသို့ ကြွရောက်ပါရန်။
၃။ ဝေဠုဝန်တောရဓမ္မရိပ်သာကျောင်း
မှော်ဘီ၊ ဝါးနက်ချောင်း၊ စံပြကျေးရွာ၊ ညောင်ကုန်းအပိုင်

**ဆက်သွယ်ရန်**

| | |
|---|---|
| ဆရာတော်ဘဒ္ဒန္တသောဘိတ | ဖုန်း-၀၉-၅၀၉၉၄၂၄ |
| ဦးအောင်မိုး | ဖုန်း-၀၉-၅၀၈၃၅၉၁ |
| ဒေါ်မာလာညွန့် | ဖုန်း-၀၉-၅၁၂၂၃၃၀ |
| ဦးဇော်လွင် | ဖုန်း-၀၉-၅၀၃၁၀၃၆ |

## သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ် (၁၁၆)ကြိမ်မြောက် မဟာသင်္ကြန် ၇ ရက် အထူးတရားစခန်းပွဲ ဖိတ်ကြားလွှာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ မင်းကျောင်းလမ်းရှိ သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်၏ ဓမ္မာရုံတော်ကြီးတွင် နှစ်စဉ်ကျင်းပပြုလုပ်သည့် (၁၁၆)ကြိမ်မြောက် တန်ခူးလ မဟာသင်္ကြန်ခုနစ်ရက် အထူးတရားစခန်းပွဲကို ၁၃၇၉ ခုနှစ် တန်ခူးလပြည့်ကျော် ၁၂ ရက်မှ ၁၃၈၀ ခုနှစ် ကဆုန်လဆန်း ၄ ရက် (နှစ်ဆန်း ၂ ရက်)အထိ (၁၂-၄-၂၀၁၈)ရက် မှ (၁၈-၄-၂၀၁၈) ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ရာ မြတ်စွာဘုရား၏ဆန္ဒတော်နှင့်အညီ ဓမ္မာနုပဿနာ သတိပဋ္ဌာန်တရားတော်များကို ဆရာကြီးဦးကြည်၏ ဥပနိဿယအတိုင်း ကမ္မဋ္ဌာနာစရိယဆရာများဖြစ်သော ဦးဇောတိက၊ နာယကကြီး ဦးမြင့်သိန်း၊ ဦးမြင့်သန်းနှင့် အရံတရားဟော ဓမ္မကထိကများက သစ္စာသိကြောင်း အလုပ်ပေးတရားတော်များကို မဇ္ဈိမပဋိပဒါနည်းကျ ဟောကြားပြသပေးကြမည်ဖြစ်ပါသဖြင့် တရားစခန်းဝင်ရောက်လိုသော ယောဂီများသည် ၁၁-၄-၂၀၁၈ ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီထက် နောက်မကျဘဲ ကြွရောက်ကြပါရန် စခန်းပွဲသို့ ဆက်သွယ်လှူဒါန်းလိုသော အလှူရှင်များနှင့် ယောဂီများအနေဖြင့် နာယကဦးအေးကို ဖုန်း-၀၉-၂၅၀၅၁၆၂၀၆၊ ဥက္ကဋ္ဌ ဦးကျော်ဦး ဖုန်း-၀၉-၂၅၂၄၂၄၀၅၀၊ အတွင်းရေးမှူး ဦးကျော်လေး ဖုန်း-၀၉-၇၉၄၃၅၁၆၀၆၊ ဘဏ္ဍာရေးမှူး ဦးလှမျိုး ဖုန်း-၀၉-၅၀၆၁၁၃၈၊ စာရင်းစစ် ဒေါ်ညိုညို ဖုန်း-၀၉-၇၉၉၅၂၃၄၄၇၊ ဒေါ်နီလာ ဖုန်း-၀၉-၄၂၃၇၀၆၈၄၈၊ ဒေါ်ဘေဘီဝင်း ဖုန်း-၀၉-၅၀၇၉၅၁၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်ဖိတ်ကြားအပ်ပါသည်။

**(ယောဂီဦးရေ ကန့်သတ်ထားပါသည်။)**

### နှိုးဆော်လွှာ

သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်၏ သာသနာ့ပရိဝုဏ်အတွင်း လေးထပ်ကျောင်းဆောင်တော်ကြီး စတင်ဆောက်လုပ်နေပြီဖြစ်ပါသဖြင့် လှူဒါန်းလိုသော ယောဂီသူတော်စင်တို့သည် အထက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**အမှုဆောင်အဖွဲ့**

## စစ်တက္ကသိုလ် အမှတ်စဉ် (၁၇) ဗိုလ်လောင်းသင်တန်း (၄၂)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဆွမ်းကပ်လှူဒါန်းပွဲနှင့် ညစာစားပွဲ ဖိတ်ကြားခြင်း

စစ်တက္ကသိုလ် အမှတ်စဉ် (၁၇) ဗိုလ်လောင်းသင်တန်း (၄၂)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဆွမ်းကပ်လှူဒါန်းပွဲနှင့် ညစာစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းဆင်းအရာရှိများနှင့် မိသားစုဝင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်-

(၁) ၉-၄-၂၀၁၈ ရက်နေ့ - ဆွမ်းကပ်လှူဒါန်းပွဲ
(တနင်္လာနေ့) ၇း၀၀ နာရီ - ရွှေတိဂုံဘုရား၊ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်းတွင် သံဃာ(၁၇)ပါးအား ဆွမ်းကပ်လှူဒါန်း၍ ကျဆုံး/ကွယ်လွန်သွားသောသူငယ်ချင်းများအား ရေစက်ချ အမျှအတန်းပေးဝေခြင်း

(၂) ၉-၄-၂၀၁၈ ရက်နေ့ - ညစာစားပွဲ
(တနင်္လာနေ့) ၁၈း၀၀ နာရီ - Gandamar Grand Ballroom ခန်းမ၊ ဝေဇယန္တာလမ်းနှင့် ဂန္ဓာမာလမ်းထောင့်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**လူမှုရေးကော်မတီ**

## ဖခင်အမည်မှန်

ကျောက်ပန်းတောင်းမြို့နယ်၊ လက်ပန်ပျား အထကမှ အဋ္ဌမတန်းအောင်မြင်ခဲ့သော မောင်မျိုးလှိုင်ဝင်း၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးမြင့်စိုး ၉/ကပတ(နိုင်)၁၇၁၂၃၆ ဖြစ်ပါကြောင်း။ **ဦးမြင့်စိုး**

## တစ်ဦးတည်းဖြစ်ကြောင်း

ကျွန်တော် ဦးဗညားသစ္စာ ၁၂/ဥကမ(နိုင်)၂၀၂၆၉၃ ၏ ဖခင်အမည်မှာ ဦးစောအာနက်(ခ်)သဲစနှင့် ဦးစောသစ္စာမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## သမိုင်းဝင်ကျိုက္ကဆံဆံတော်ရှင်စေတီတော် ဂေါပကအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျိုက္ကဆံဆံတော်ရှင်စေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူမည်ဖြစ်ပါ၍ ငြမ်းလုပ်ငန်းနှင့် ရွှေမိုက်လုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် ၁၂-၄-၂၀၁၈ ရက် မွန်းလွဲ ၁း၀၀နာရီ နောက်ဆုံးထား၍ အဆိုပြုလွှာတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ဂေါပကအဖွဲ့ရုံးတွင် ၂၈-၃-၂၀၁၈ ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်ရယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၈၅၆၄၀၈၇၊ ၀၉-၂၅၄၇၃၇၃၀၅ တို့သို့ စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## မြောက်ဦးယဉ်ကျေးမှုအမွေအနှစ် စေတီပုထိုးများပြုပြင်ရန် အလှူငွေထည့်ဝင်လှူဒါန်းနိုင်

မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းစေတီ၊ ပုထိုးများသည် နှစ်စဉ်ရာသီဥတု သဘာဝဘေးဒဏ်ကြောင့် ပျက်စီးယိုယွင်းလျက်ရှိပြီး အများပြည်သူ ကြည်ညိုသဒ္ဓါများစွာ ဖူးမြော်နိုင်ရေးနှင့် ရှေးမူလက်ရာမပျက် ပြန်လည်ထိန်းသိမ်းနိုင်ရန်အတွက် အလှူငွေများ လိုအပ်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ ရှေးဟောင်းစေတီ၊ ပုထိုးများကို နှစ်စဉ်ဘဏ္ဍာနှစ်အလိုက် ပြုပြင်ထိန်းသိမ်းသွားမည်ဖြစ်ပါ၍ အများပြည်သူများမှ မိမိတို့တတ်စွမ်းရှိသရွေ့ ပါဝင်လှူဒါန်းကုသိုလ်ပြုနိုင်ရေးအတွက် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

| စဉ် | ပြုပြင်ထိန်းသိမ်းမည့် စေတီ၊ ပုထိုး၏ဘွဲ့အမည် | တည်ထားသည့် မင်း၏ဘွဲ့အမည် | ခန့်မှန်း ကုန်ကျငွေ | မှတ်ချက် |
|---|---|---|---|---|
| ၁ | ရသေ့တောင်စေတီ | | ၂၅၀ သိန်း | |
| ၂ | ကိုးတန်စေ့စေတီ (၁) | မင်းဗာကြီး | ၁၅၀ သိန်း | |
| ၃ | ကိုးတန်စေ့စေတီ (၂) | မင်းဗာကြီး | ၁၅၀ သိန်း | |
| ၄ | ကိုးတန်စေ့စေတီ (၅) | မင်းဗာကြီး | ၁၅၀ သိန်း | |
| ၅ | ကိုးတန်စေ့စေတီ (၆) | မင်းဗာကြီး | ၁၅၀ သိန်း | |
| ၆ | ကိုးတန်စေ့စေတီ (၇) | မင်းဗာကြီး | ၁၅၀ သိန်း | |
| ၇ | ကိုးတန်စေ့စေတီ(၈) | မင်းဗာကြီး | ၁၅၀ သိန်း | |
| ၈ | ကိုးတန်စေ့စေတီ (၉) | မင်းဗာကြီး | ၁၅၀ သိန်း | |
| ၉ | မျှော်တော်မူပေါင်းကူးဂိတ် | ဖုန်ဒတ်စစ်သူကြီးသီဟပတိ | ၅၀ သိန်း | |
| ၁၀ | သင်္ချိုင်းတောင်စေတီထိန်းသိမ်းရေး | စန္ဒသုမန | ၁၅၀ သိန်း | |
| ၁၁ | တေဇရာမစေတီ | စလင်္ကာသူစောမွန် | ၃၆၀ သိန်း | |
| ၁၂ | တောင်သုံးကျစ်တစ်ဆူ | နရနူစောမွန် | ၁၀၀ သိန်း | |
| ၁၃ | စံကားတောင်စေတီ (၁) | မင်းစောမွန် | ၂၀၀ သိန်း | |
| ၁၄ | စံကားတောင်စေတီ (၂) | မင်းစောမွန် | ၂၀၀ သိန်း | |

**ဆက်သွယ်လှူဒါန်းနိုင်သော ဌာနများ**

- ပြည်နယ်ယဉ်ကျေးမှုတာဝန်ခံ
- ပြည်နယ်ဝန်ကြီး၊ ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန၊ စစ်တွေမြို့၊ ဖုန်း-၀၄၃-၂၂၆၅၁
- ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြောက်ဦးမြို့၊ ဖုန်း-၀၄၃-၅၀၂၈၉၊ ၀၄၃-၅၀၂၉၀၊ ၀၄၃-၅၀၂၉၁
- ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ မြောက်ဦးဌာနခွဲ၊ မြောက်ဦးမြို့ ညွှန်ကြားရေးမှူး ဖုန်း-၀၉-၇၈၅၀၇၁၂၅၄
- ဒုတိယညွှန်ကြားရေးမှူး ဖုန်း-၀၉-၄၂၉၆၆၀၅၀၆၊ ၀၉-၇၈၉၆၃၂၄၄၂
- လက်ထောက်ညွှန်ကြားရေးမှူး ဖုန်း-၀၉-၄၂၁၇၃၄၀၀၇

## စစ်တက္ကသိုလ် အမှတ်စဉ်(၃၇) ဗိုလ်လောင်းသင်တန်း (၂၂)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ညစာစားပွဲ ဖိတ်ကြားလွှာ

စစ်တက္ကသိုလ် အမှတ်စဉ် (၃၇) ဗိုလ်လောင်းသင်တန်း (၂၂)နှစ်မြောက်နှစ်ပတ်လည်နေ့အထိမ်းအမှတ် ကွယ်လွန်/ ကျဆုံးသူငယ်ချင်းများအားရည်စူး၍ ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ညစာစားပွဲအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ သူငယ်ချင်းများနှင့် မိသားစုဝင်များအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်-

**၅-၄-၂၀၁၈ ရက် (ကြာသပတေးနေ့) ဆွမ်းဆက်ကပ်လှူဒါန်းခြင်း**

| | | |
|---|---|---|
| **ရန်ကုန်၊** | (၀၉း၀၀)နာရီမှ (၁၂း၀၀)နာရီ | နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ မိုးကုတ်ဆွမ်းစားဆောင်၊ ကမ္ဘာအေး၊ (နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း) |
| **နေပြည်တော်၊** | (၀၉း၀၀)နာရီမှ (၁၂း၀၀)နာရီ | ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ၊ မြတ်မင်္ဂလာလမ်းနှင့် ရွှေကြာပင်လမ်းထောင့်၊ (တစ်နေ့တာအလှူရှင်) |
| **မန္တလေး၊** | (၀၉း၀၀)နာရီမှ (၁၂း၀၀)နာရီ | ပြင်ဦးလွင် ဖားအောက်တောရကျောင်း (နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း) |

**၈-၄-၂၀၁၈ ရက် (တနင်္ဂနွေနေ့) ညစာစားပွဲ**

| | | |
|---|---|---|
| နေပြည်တော်၊ | (၀၆း၀၀)နာရီ | နှစ်ပတ်လည်အထိမ်းအမှတ်ဂေါက်သီးရိုက်ပြိုင်ပွဲ (နေပြည်တော် မြို့တော်စည်ပင်ဂေါက်ကွင်း) |
| | (၁၈း၀၀)နာရီ | ညစာစားပွဲ (အမရာဟိုတယ်မြက်ခင်းပြင်) |

**ကျင်းပရေးကော်မတီ**

နေဝင်းလှိုင် ဖုန်း-၀၉-၄၅၅၀၁၅၉၀၀၊ ထွန်းဇော်ဝင်း ဖုန်း-၀၉-၇၉၇၃၇၇၃၇၇၊ ဇော်လတ် ဖုန်း-၀၉-၇၉၄၃၇၃၇၃၇၊ ကျော်ရဲ ဖုန်း-၀၉-၇၉၆၃၇၃၇၃၇၊ ကျော်ဝင်းထွန်း ဖုန်း-၀၉-၂၅၆၄၃၇၄၃၇၊ ထက်အောင် ဖုန်း-၀၉-၄၅၉၂၃၄၂၃၄၊ မင်းချစ်ညို ဖုန်း-၀၉-၄၂၁၀၅၀၆၇၇၊ မင်းဇော်ဝင်း ဖုန်း-၀၉-၅၁၈၀၃၆၀၊ အောင်ဖုန်းမြင့် ဖုန်း-၀၉-၄၄၀၀၆၇၅၉၆၊ မြတ်ထွန်းကျော် ဖုန်း-၀၉-၄၂၁၁၄၃၈၈၀

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃) ရပ်ကွက်၊ အနော်မာ (၃)လမ်း၊ အမှတ် ၁၀၁/က ဟုခေါ်တွင်သော ခြောက်ထပ်တိုက်၏ စတုတ္ထထပ်ငါးလွှာ၊ အကျယ်အဝန်း (၁၈×၅၂)ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်သူ ကန်ထရိုက်တာဦးညီညီအောင် ၁၂/ပဘတ(နိုင်)၀၀၂၄၁၂ ထံမှ ကျွန်မဒေါ်ခတ္တာထွန်း ၁၂/ဥကမ(နိုင်)၁၇၇၇၇၄ က ၂၅-၃-၂၀၁၈ ရက်တွင် စရန်ငွေတစ်စိတ်တစ်ဒေသချထားပြီး ဖြစ်ပါသည်။ ပိုင်ရေးဆိုင်ရေးနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားမူရင်းများနှင့် ကျွန်မထံသို့ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက်များမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခတ္တာထွန်း ဖုန်း-၀၉-၇၈၄၉၀၆၇၈၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ ပြည်လမ်းနှင့်ရွှေဟသာ်လမ်းထောင့်၊ ရွှေဟသာ်ကွန်ဒို၊ တိုက်အမှတ်(C-1)၊ အခန်းအမှတ်(၀၅-၁၂)၊ အကျယ်အဝန်း (၂၁၀၀ စတုရန်းပေ) ရှိ ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်၍ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးကံဖေ (၁၂/ရကန(နိုင်)၀၅၈ရ၉၉) နှင့် ဒေါ်အမာကြည်(၁၂/ရကန(နိုင်)၀၅ရ၅၀၈)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် စရန်ငွေတစ်ချို့ကို ပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာစာထုတ်သည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက် အထား(မူရင်း)များဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက် အရောင်းအဝယ်ပြုလုပ် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။

| | |
|---|---|
| ဒေါ်မေရည်စိုးဦး | ဦးကျော်စံ |
| LL.B.,D.B.L | LL.B |
| တရားလွှတ်တော်ရှေ့နေ(စဉ်- ၈၁၁၂) | အထက်တန်းရှေ့နေ(စဉ်-၃၈၉၆၄) |

Fb Page : Aung Myay Saytanar Realestate Co.,Ltd, E-mail: aungmyayrealestate@gmail.com
☎ - 09- 5080073 , 09- 76 5080073 , 09- 5057714 , 099 555 888 74
ရုံး - အမှတ် (၄၂၁-ဧ)၄-လွှာ၊ ရတနာလမ်းမ၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

## ဖခင်အမည်မှန်

စက်မှုလယ်ယာဦးစီးဌာန၊ အမှတ် ၃၁၊ စက်မှုလယ်ယာစခန်း၊ ဘုရားကြီးမြို့မှ ဦးသိန်းဝင်း(ထွန်စက်မောင်း-၄) ၇/ပခန (နိုင်) ၀၄၇၁၄၉ ၏ ဖခင်အမည်မှန်မှာ ဦးကျော်မြင့် ဖြစ်ပါသည်။

## အမည်မှန်

လားရှိုးမြို့၊ အထက(၁)နဝမတန်း(A)မှ မောင်မင်းထက်သာ၏ အမည်မှန်မှာ မောင်စန်းရင်းရှူး (ခ) မောင်မင်းထက်သာဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၁၂-၁-၂၀၀၀နှင့် ဖခင်အမည်မှန်မှာ ဦးစန်းပေါက်လင် TYN-118949 တို့ဖြစ်ပါသည်။

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၂၃)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၁၂၀၁)ရှိ အလျား(၄၀)ပေ×အနံ(၆၀)ပေမြေကွက်အား မူလအမည်ပေါက်သူ ဒေါ်တင်အုန်းမြင့် ၁၂/ဥကတ(နိုင်)၀၀၁၆၇၄ ဆိုသူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဆက်စပ်စာချုပ်များဖြင့် ၄-၅-၂၀၁၃ရက်က တရားဝင်ဝယ်ယူလက် ရောက်ရရှိပြီး အဆောက်အအုံအခိုင်အမာဆောက်လုပ်ကာ နေထိုင်လျက်ရှိပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးလှသိန်း ၁၁/ရဗန(နိုင်)၀၆၁၇၉၇ ၏လွှဲအပ်ညွှန်ကြားချက်အရ-

**ဒေါ်ဖြူဝေဝေအောင်(LL.B) ဒေါ်သိမ့်သန္တာအောင်(LL.B) ဦးကြည်စိုး(LL.B)**
**(စဉ်-၄၈၄၃၀) (စဉ်-၄၈၂၂၉) (စဉ်-၇၃၇၂)**
**အထက်တန်းရှေ့နေများ တရားလွှတ်တော်ရှေ့နေ**
**ရုံး-စုပေါင်းရုံးကြီးဝင်း၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၉-၂၆၃၉၀၀၃၉၉**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၄၉)ရပ်ကွက်၊ အင်ကြင်းမြိုင်လမ်း၊ မြေကွက်အမှတ် ၉၉၈/ခ၊ အကျယ်အဝန်းပေ(၂၀×၆၀)ရှိ မြေကွက်နှင့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော သွပ်မိုး၊ ပျဉ်ထောင်(၁)ထပ်နေအိမ်အား ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ ဒေါ်စန္ဒာသိန်း ၁၂/ကမတ(နိုင်)၀၅၀၃၉၉ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းထိန် ၁၂/ဥကမ(နိုင်)၀၇၇၅၁၆မှ ၁၈-၃-၂၀၁၈ရက်တွင် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် နေအိမ်အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆိုကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိသီတာစိုး(LL.B) အထက်တန်းရှေ့နေ(စဉ်-၃၆၂၇၃)**
**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်**
**ဖုန်း-၀၉-၄၄၈၄၇၃၉၈၉**

## ဒေါ်နီလာအေးနှင့် အများသိစေရန်

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ သာဂရကျေးရွာအုပ်စု၊ ငါးခုမ္မချောင်းအနောက်ပိုင်း၊ အိမ်အမှတ်(၈န/၈)နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သန်းငွေး(ဘ)ဦးလှကြည်မှ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ် အမှတ်(၆)အနောက်ရပ်ကွက်၊ ဇမ္ဗူသီရိ (၇)လမ်း၊ အိမ်အမှတ်(၂၀၃)နေ ဒေါ်နီလာအေး (ဘ)ဦးထွန်းအောင် ၇/ရတရ(နိုင်)၀၀၀၆၄၂သို့ လွှဲအပ်ထားခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာကို ရုပ်သိမ်းခဲ့ပြီးဖြစ်ပါသည်။ ထိုသို့ ရုပ်သိမ်းကြောင်းကိုလည်း ကျွန်ုပ်မှ ဒေါ်သန်းငွေး၏ ညွှန်ကြားချက်အရ အကြောင်းကြားစာကို ပေးပို့ခဲ့သော်လည်း ဒေါ်နီလာအေးမှ ငြင်းပယ်ကြောင်း စာတိုက်မှ ပြန်လည်ပေးပို့လာခဲ့ပါသည်။

သို့ဖြစ်ပါသောကြောင့် ဒေါ်နီလာအေးသည် ဒေါ်သန်းငွေး၏ အထွေထွေကိုယ်စားလှယ်စာရသူ မဟုတ်တော့ပါကြောင်းနှင့် ဒေါ်နီလာအေးထံ ပေးအပ်ထားသော အထွေထွေကိုယ်စားလှယ်စာမူရင်းနှင့် အခြားမြေနှင့်ပတ်သက်သော စာရွက်စာတမ်းအားလုံးကို ၁၂-၄-၂၀၁၈ ရက် နောက်ဆုံးထား၍ ကျွန်ုပ်ထံသို့ ပြန်ပို့ပေးရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သန်းငွေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နွယ်နွယ်မြင့် (ဥပဒေတွဲ့)၊ တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၁၃၀၂**
**ဖုန်း-၀၉-၄၃၁၂၁၇၀၄**

# ခရမ်းလွန်ရောင်ခြည်အန္တရာယ် သတိပေးနှိုးဆော်ချက်

ခရမ်းလွန်ရောင်ခြည် လတ်တလော ထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားအရောင် ညိုမည်းလာခြင်းတို့ ဖြစ်စေနိုင်ပြီး ထိတွေ့မှုကာလကြာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများ အရွယ်မတိုင်ခင် အိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့် ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။

သို့ဖြစ်ပါ၍ အောက်ပါအတိုင်း သတိပြုကာကွယ်ကြပါရန် တိုက်တွန်းနှိုးဆော် အပ်ပါသည်။

၁။ ခရမ်းလွန်ရောင်ခြည် မြင့်မားစွာကျရောက်နိုင်သည့် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခန့်အတွင်းတွင် နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။

၂။ အပြင်ထွက်ရန် လိုအပ်ပါက မိမိအသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် မျက်နှာ၊ လည်ပင်းနှင့် ပခုံးတို့ပါ လုံခြုံသော ထီး၊ ဦးထုပ် စသည်တို့ကို ဆောင်းသွားပါ။

၃။ အဝတ်လွတ်ကင်းနေသော လက်၊ လည်ပင်းနှင့် ပခုံးစသည့်နေရာများကို သနပ်ခါး ထူထူ (သို့) SPF 15+ ပါဝင်သော နေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲ မထွက်မီ ၁၅ မိနစ်ခန့် ကြိုလိမ်းပါ။ နေရောင်ခံလိမ်းဆေး တစ်ခါလိမ်းပြီး နှစ်နာရီ ကြာပြီးတိုင်း တစ်ခါထပ်၍ လိမ်းပေးပါ။

၄။ ခရမ်းလွန်ရောင်ခြည်သည် မျက်စိကိုလည်း ထိခိုက်စေနိုင်သဖြင့် ခရမ်းလွန် ရောင်ခြည်ကို (၉၉ %) အထိ အကာအကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကို တပ်ဆင်သင့်ပါသည်။

၅။ ခရမ်းလွန်ရောင်ခြည် အလွယ်တကူမဖောက်နိုင်သော ချည်သားထူထူပွပွ အဝတ်အထည်များကို ဝတ်ဆင်ပါ။

၆။ ဆီးချိုရောဂါ၊ နှလုံးရောဂါရှိသူများ၊ အရက်အလွန်အကျွံ သောက်သုံးသူများ၊ ကလေးငယ်များနှင့် သက်ကြီးဘိုးဘွားများသည် ခရမ်းလွန်ရောင်ခြည် အန္တရာယ်ကို ပိုမိုခံစားရနိုင်သဖြင့် အထူးဂရုပြုဆင်ခြင်ရန် လိုအပ်ပါသည်။

၇။ ကလေးငယ်များသည် လူကြီးများထက် ခရမ်းလွန်ရောင်ခြည် အန္တရာယ်၏ ဆိုးကျိုးများကို ပိုမိုထိခိုက်ခံစားရနိုင်သဖြင့် အထူးဂရုပြုကာကွယ်ရန် တိုက်တွန်း နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ဦးလှသန်း(ခ)ဦးဖတ်

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၅)ရပ်ကွက်၊ ဗိုလ်ရွှေလမ်း၊ အမှတ် ၆၁နေ (ဦးအတွယ် - ဒေါ်ချို)တို့၏ သား၊ (ဦးရှမ်း) - ဒေါ်ကြင်ဟွာတို့၏ သားသမက်၊ ဒေါ်အေးအေးမာ၏ခင်ပွန်းသည် ၃၁-၃-၂၀၁၈ရက် ညနေ ၆း၅၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၄-၂၀၁၈ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၆-၄-၂၀၁၈ရက်(သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**စိုက်ပျိုးရေးဝန်ထမ်းဟောင်းများအသင်း**

## ဒေါ်မြင့်မြင့်အေး

**လ/ထ ကြီးကြပ်ရေးမှူး(ငြိမ်း)**
**စိုက်ပျိုးရေးပြတိုက်**
**အသင်းဝင်နံပါတ်(၀၆၀၁)**
**အသက်(၇၄)နှစ်**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃)ရပ်ကွက်၊ စိုက်ပျိုးရေး(၁)လမ်းနေ ဒေါ်မြင့်မြင့်အေးသည် ၂၈-၃-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ကျီစုသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ အမှုဆောင်အဖွဲ့

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

## ဟာဂျီအဗ်ဒုလ်ရဟီး(ရွှေ) (ခ)ဦးခင်မောင်

**(တစ်ခြမ်းပွဲဗလီမရ်ကဇ်ဂေါပက)**
**(မဒါးမကာမီ)**
**အသက်(၅၂)နှစ်**

အမှတ် ၁၉၊ ၁၃၆လမ်း၊ မြေညီ(ဝဲ)နေ ဟာဂျီအဗ်ဒုလ်ရဟီး(ရွှေ)(ခ)ဦးခင်မောင်သည် ၃၁-၃-၂၀၁၈ရက်တွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းတို့သိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။ မဂ်ဖေရတ်အတွက် ဒိုအာပြုပေးကြပါရန်။

ကျန်ရစ်သူမိသားစု

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဦးသက်လွင်(ခ)ဦးပေါခင်

**အတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့်စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**
**မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမဲဆန္ဒနယ်**
**အသက်(၇၂)နှစ်**

ပြည်သူ့လွှတ်တော်၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသက်လွင်(ခ)ဦးပေါခင် အသက်(၇၂)နှစ်သည် ၃၁-၃-၂၀၁၈ရက် (စနေနေ့) နံနက် ၁၀း၃၀နာရီတွင် မန္တလေးဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းထိန်**
**သဘာပတိအဖွဲ့ဝင်**
**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**

## ဒေါ်ကျင်မြ (ကျောက်တန်းမြို့)

**အသက်(၈၂)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့၊ စံချိန်မီရပ်ကွက်၊ စက်ရုံလမ်း၊ အမှတ် ၆၀နေ(ဦးချန်ထွန်း)၏ဇနီး၊ ဦးငွေအောင်(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ နေပြည်တော်)-ဒေါ်ငွေငွေမြင့်၊ ဦးခင်မောင်ထွန်း (ရုံးအဖွဲ့မှူး၊ ကျောက်တန်းရေလယ်ဘုရားဂေါပကအဖွဲ့ရုံး)-ဒေါ်ခင်ခင်မို့၊ ဒေါ်ဝင်းဝင်းထွန်း၊ ဗိုလ်မှူးဇော်လွင်ထွန်း-ဒေါ်သီတာမင်း၊ ဦးသက်လွင်ထွန်း၊ (ဦးလှမျိုးအောင်)၊ ဦးတင်မောင်ထွန်းတို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၁-၄-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၆နာရီတွင် ကျောက်တန်းမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃-၄-၂၀၁၈ရက်(အင်္ဂါနေ့)မွန်းတည့် ၁၂နာရီတွင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်ကျင်မြ (ကျောက်တန်းမြို့)

**အသက်(၈၂)နှစ်**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးငွေအောင်-ဒေါ်ငွေငွေမြင့်တို့၏ မိခင်ဖြစ်သူ ဒေါ်ကျင်မြသည် ၁-၄-၂၀၁၈ရက်တွင် ကျောက်တန်းမြို့၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးချုပ်နှင့်**
**စီမံကိန်းရေးဆွဲရေးဦးစီးဌာန(ရုံးချုပ်)ဝန်ထမ်းများ**

**ဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်ကျင်မြ (ကျောက်တန်းမြို့)

**အသက်(၈၂)နှစ်**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးငွေအောင်-ဒေါ်ငွေငွေမြင့်တို့၏ မိခင်ဖြစ်သူ ဒေါ်ကျင်မြသည် ၁-၄-၂၀၁၈ရက်တွင် ကျောက်တန်းမြို့၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရှမ်းပြည်နယ်စီမံကိန်းဦးစီးရုံးနှင့်**
**ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရုံးများ၊ ပြည်နယ်ရုံးခွဲများ၊**
**ခရိုင်၊ မြို့နယ်စီမံကိန်းဦးစီးရုံးဝန်ထမ်းများ**

## ဒေါက်တာထက်ထက်ရဲဝင့်သူ

**အလုပ်သင်ဆရာဝန်(၁/၂၀၁၈)**
**အသက်(၂၃)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊အောင်ဆန်းရပ်ကွက်၊ အောက်ဒုံ(၃)၊ ရွှေသဇင်လမ်းသွယ်၊ အမှတ်(၁၁၈/က)နေ (ဦးသန်းဝင်း)-ဒေါ်ခင်နိုင်အေး(တွဲဖက်ပါမောက္ခ၊ ငြိမ်း၊ သတ္တဗေဒဌာန၊ ဒဂုံတက္ကသိုလ်)တို့၏သမီး၊ မရွှေရည်ဝင့်(ဆေးဘက်ကျွမ်းကျင်-၂၊ အကြော၊ ကြည့်မြင်တိုင်အရိုးအထူးကုဆေးရုံ)၊ မောင်ပိုင်စိုးဇေ(Shwe Online Shop & Security Surveillance)တို့၏ညီမသည် ၂၉-၃-၂၀၁၈ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁၂း၄၅နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၁၈(သောကြာနေ့)ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၄-၄-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**အထူးကျေးဇူးတင်ရှိခြင်း**

## ဒေါက်တာထက်ထက်ရဲဝင့်သူ

**အလုပ်သင်ဆရာဝန်(၁/၂၀၁၈)**
**အသက်(၂၃)နှစ်**

၂၉-၃-၂၀၁၈ရက် (ကြာသပတေးနေ့)တွင် မြောက်ဥက္ကလာပဆေးရုံ၌ ကွယ်လွန်သွားခဲ့သော အလုပ်သင်ဆရာဝန် ဒေါက်တာထက်ထက်ရဲဝင့်သူအား နာမကျန်းဖြစ်နေစဉ်ကာလအတွင်း စေတနာ၊ မေတ္တာ၊ ကရုဏာတို့ဖြင့် အစွမ်းကုန်ကြိုးစားကုသပေးခဲ့ပါသော အင်းစိန် အထွေထွေရောဂါကုဆေးရုံအုပ်ကြီးနှင့် ခွဲစိတ်ကုသဆောင်၊ မြောက်ဥက္ကလာပသင်ကြားရေးဆေးရုံမှ ဆေးရုံအုပ်ကြီး၊ ဖျားနာဆောင်အထူးကြပ်မတ်ကုသဆောင်၊ အရိုးအကြောအဆစ်ဆေးကုသဆောင်၊ သွေးရောဂါဌာန၊ ခွဲစိတ်ကုဌာန၊ နှလုံးဆေးကုသဆောင်၊ ဆီးနှင့်ကျောက်ကပ်ဌာန၊ ဦးနှောက်နှင့်အာရုံကြောဌာန၊ ရောဂါဗေဒဌာန၊ ဓာတ်မှန်ဌာန၊ အဏုမြူရောင်ခြည်ဖြင့် ရောဂါရှာဖွေရေးဌာန၊ သဃ်္ဃန်းကျွန်းစံပြဆေးရုံ အစာအိမ်နှင့်အူလမ်းကြောင်းဌာန၊ အမှတ်(၁) (ခုတင်-၁၀၀၀) မင်္ဂလာဒုံတပ်မတော်ဆေးရုံ နှလုံးအထူးကုဌာနနှင့် အမှတ်(၂) (ခုတင်-၅၀၀)တပ်မတော်ဆေးရုံ၊ ဓာတ်မှန်ဌာန အစရှိသည့်ဌာနအသီးသီးတို့မှ ပါမောက္ခဌာနမှူးများ၊ တာဝန်ရှိဆရာဝန်များနှင့်သူနာပြုဆရာ၊ ဆရာမများ၊ ဆေးတက္ကသိုလ်(၂) ရန်ကုန်ပါမောက္ခချုပ်နှင့်ဆရာ၊ ဆရာမများ၊ ဆေးရုံတက်နေစဉ်အတွင်း အစစအရာရာ ကူညီပေးခဲ့ပါသော အလုပ်သင်ဆရာဝန် သူငယ်ချင်းများ၊ နာရေးကိစ္စအဝဝကို ကူညီပေးခဲ့ကြပါသော ဆရာ၊ ဆရာမများ၊ သွေးမေတ္တာ ပရဟိတအသင်း(ရန်ကုန်)နှင့် ရပ်ဝေးရပ်နီးမှ သူငယ်ချင်းဆွေမျိုးမိတ်ဆွေများ လိုက်ပါပို့ဆောင်ပေးကြသူများအားလုံးတို့အား အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4F/9201 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4I/6916 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ဒေါ်သိန်းညွန့်

**လှယဉ်ကျေးအထည်ဆိုင်၊ သိမ်ကြီးဈေး(ဘီ)ရုံ**
**အသက်(၉၂)နှစ်**

ရန်ကုန်မြို့၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ် ၂၇(B)နေ (ဦးရင်ကြည်-ဒေါ်မြရင်)တို့၏သမီး၊ ဦးဝင်းထိန်(မြန်မာ့ကုန်တိုက်၊ ငြိမ်း)-ဒေါ်တင်သန်း(နယ်စပ်ကုန်သွယ်ရေး၊ ငြိမ်း)၊ [ဦးသန်းဆွေ(ခ)ဦးပေါစံ]တို့၏အစ်မ၊ ဦးဝင်းမော်-ဒေါ်ကျော့မီမီသွယ်၊ မကေခိုင်၊ မောင်ကျော်လင်း-မခင်ခင်လေးတို့၏ကြီးမေ၊ မောင်လင်းထွဋ်အောင်၏ဘွားဘွားကြီးသည် ၁-၄-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၄-၂၀၁၈ရက်(အင်္ဂါနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## သိက္ခာတော်ရဆရာကြီး ဒေါက်တာဦးဝင်းတင်

**မော်လမြိုင်မြို့**
**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၈)ရပ်ကွက်၊ ဦးချိုလမ်း၊ အမှတ် ၁၄၄နေ (ဦးချစ်ဆွေ-ဒေါ်စိန်)တို့၏သား၊ (ဦးသာလွန်း-ဒေါ်သစ်)တို့၏သားသမက်၊ ဒေါ်ချိုအီလွန်း၏ချစ်လှစွာသောခင်ပွန်း၊ (ဦးခင်အောင်)-ဒေါ်လှကျွေ၊ (ပါမောက္ခ ဦးခင်မောင်ဒင်-ဒေါ်စန်းစန်းဆွေ)၊ ဦးတင်အောင်ဆွေ-ဒေါ်အယ်လ်မိုင်းနာတာပ၊ သိက္ခာတော်ရဆရာကြီး ဦးသာဒင်-(ဒေါ်ချိုရီလွန်း)တို့၏ညီ/မောင်၊ သိက္ခာတော်ရဆရာ ဦးမောင်မောင်သန့်-ဒေါ်အေးအေးမင်း၊ ဦးညီညီဝင်းတင်- ဒေါ်စန်းစန်းမင်း၊ ဒေါ်အေးအေးဝင်း-ဦးကျော်မင်းအောင်၊ ဒေါ်ငွေငွေဝင်း-(ဦးမြတ်မိုးအောင်)၊ ဒေါ်ခင်သန်းကျော်တို့၏ဖခင်၊ ဘိုမင်းသန့်-ယုကာ၊ နေခြည်မင်းတင်၊ ဝင်းမြတ်အောင်၊ ယွန်းသဉ္ဇာဝင်း၊ ယုမီမင်းတင်တို့၏ဘိုးဘိုးကြီးသည် ၃၁-၃-၂၀၁၈ရက် (စနေနေ့)နံနက် ၆း၃၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၄-၄-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် အင်းစိန် ကရင်ကျမ်းစာသင်ကျောင်း ဖူးသာဖြူခန်းမဆောင်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်ခင်စိန်

**အသက်(၈၅)နှစ်**

သူငယ်ချင်း ဗိုလ်မှူးငွေဝင်း(ငြိမ်း) (ညွှန်/မှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နေပြည်တော်)-ဒေါ်သိန်းသိန်းနွယ်(လယ်ပြ၊ ငြိမ်း)တို့၏ မိခင် ဒေါ်ခင်စိန်သည် ၃၀-၃-၂၀၁၈ရက် နံနက် ၈း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၆)မှ**
**သူငယ်ချင်းများနှင့်မိသားစုများ**

## ဒေါ်မြင့်မြင့်သန်း အသက်(၆၄)နှစ်

**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ ပွဲစားလမ်း၊ အမှတ် ၇၆နေ (ဦးအောင်ထွန်းစိန်-ဒေါ်မမညွန့်)တို့၏သမီး၊ ဦးမောင်မောင်ဆင့်၏တူမ၊ ဒေါ်သိန်းသိန်းဝင်း(စက်မှု/စားကုန်၊ ငြိမ်း)၏ညီမ၊ ဦးထွန်းဇော်-ဒေါ်ဝေဝေနိုင်၊ [ဒေါ်ချိုချိုမြင့်(ထ-၃၊ ကြည့်မြင်တိုင်)]၊ ဗိုလ်မှူးကြီးအောင်ကြွယ်(ငြိမ်း)-ဒေါ်ဘေဘီမြ၊ ဦးမိုးညွန့်အောင်-ဒေါ်မြတ်မြတ်မိုး၊ ဦးမင်းနိုင်-ဒေါ်မြစန္ဒာအောင်(M.G.S Co.,Ltd.)တို့၏အစ်မ၊ ကိုအောင်ကျော်စိုး-မမြသဥ္ဇာနှင်း၊ မောင်သန့်စင်ထွန်း၊ မောင်ဘုန်းပြည့်မိုး၊ မောင်စည်သူမိုး၊ မောင်ကောင်းခန့်ကျော်၊ မမြဖူးပွင့်တို့၏အဒေါ်သည် ၁-၄-၂၀၁၈ရက် နံနက် ၁၀း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၄-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်အေးအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

## ဟာဂျီ A ရဟင်း(ရွှေ)(ခ)ဟာဂျီဦးခင်မောင်

**တစ်ခြမ်းပွဲဗလီ(မရ်ကက်ဇ်)ဂေါပက**
**မဒါးမကာမီ**
**အသက်(၅၂)နှစ်**

(ဟာဂျီ Aရာမန်)-ဟာဂျီမဒေါ်ခင်စိန်(ခ)ဟာဂျီမဟဖီဇာဘီ (ဆန်းအောင်ရွှေဆိုင်နှင့် ငွေအောင် ခန်းဆီးလိုက်ကာဆိုင်)တို့၏ချစ်လှစွာသောသားသည် ၃၁-၃-၂၀၁၈ရက် (စနေနေ့) နံနက် ၁း၃၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ဇဟိုရ်နမာဇ်အပြီး ရေဝေးစွန်နီကဗာရ်စတန်ဥယျာဉ်တော်၌ဒါဖနာပြီးစီးပါကြောင်း။ (လိုက်ပါပို့ဆောင်ပေးသော ဆရာတော်ကြီးများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြသော မိတ်ဆွေများအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိခင်ကြီးနှင့်**
**ညီအစ်ကိုမောင်နှမများ**

## ဦးအောင်စံမြင် (Albert Aung)

**M.Sc (Bot)**
**အသက်(၅၀)**

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၃)ရပ်ကွက်၊ အင်ကြင်းမြိုင်(၂)လမ်း၊ အမှတ် ၂၁၃နေ (ဦးသိန်းအောင်-ဒေါ်အေးသင့်)တို့၏သား၊ (ဒေါက်တာဦးကောင်းဇံ-ဒေါ်ခင်ခင်သက်)တို့၏တူ၊ ဒေါ်ရီရီဝင်း၏မောင်သည် ၃၁-၃-၂၀၁၈ရက် (စနေနေ့) ညနေ ၄း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၄-၂၀၁၈ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၄-၂၀၁၈ရက် (သောကြာနေ့) နံနက် ၆နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအောင်စံမြင့် (Albert Aung)

**M.Sc (Bot)**
**အသက်(၅၀)**

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၃)ရပ်ကွက်၊ အင်ကြင်းမြိုင်(၂)လမ်း၊ အမှတ် ၂၀၃နေ(ဦးသိန်းအောင်-ဒေါ်အေးသင့်)တို့၏သား၊ (ဒေါက်တာဦးကောင်းဇံ-ဒေါ်ခင်ခင်သက်)တို့၏တူ၊ ဒေါ်ရီရီဝင်း၏မောင်သည် ၃၁-၃-၂၀၁၈ရက်(စနေနေ့) ညနေ ၄း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၄-၂၀၁၈ရက်(တနင်္လာနေ့ မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဗီယက်နမ်အမျိုးသားခေါင်းဆောင်ကြီး ဟိုချီမင်းနေထိုင်ခဲ့သည့် နေအိမ်နှင့်ပြတိုက် ကြည့်ရှုလေ့လာ




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဟနွိုင်းမြို့ရှိ ဗီယက်နမ်အမျိုးသားခေါင်းဆောင်ကြီး ဟိုချီမင်းနေထိုင်ခဲ့သည့် နေအိမ်အား ကြည့်ရှုလေ့လာစဉ်။ သတင်းစဉ်

**ဟနွိုင်း မေ ၁**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့နံနက်ပိုင်းတွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရှိ ဗီယက်နမ်အမျိုးသားခေါင်းဆောင်ကြီး ဟိုချီမင်းနေထိုင်ခဲ့သည့် နေအိမ်နှင့် ဟိုချီမင်းပြတိုက်တို့အား သွားရောက်ကြည့်ရှုလေ့လာသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဒေသစံတော်ချိန် နံနက် ၉ နာရီ ၁၅ မိနစ်တွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရှိ ဗီယက်နမ် အမျိုးသားခေါင်းဆောင်ကြီး ဟိုချီမင်း နေထိုင်ခဲ့သည့် နေအိမ်သို့သွားရောက်ပြီး အလုပ်ခန်း၊ စာကြည့်ခန်း၊ အိပ်ခန်းနှင့် ၎င်း၏ အသုံးဆောင်ပစ္စည်းများ၊ စာအုပ်များကို လှည့်လည်ကြည့်ရှုလေ့လာသည်။

ထို့နောက် ဒုတိယသမ္မတသည် ဟိုချီမင်းနေအိမ် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ဟိုချီမင်းပြတိုက်သို့ သွားရောက်ပြီး ဗီယက်နမ်အမျိုးသားခေါင်းဆောင်ကြီး ဟိုချီမင်းရုပ်တုနှင့် ပြတိုက်

*စာမျက်နှာ ၄ ကော်လံ ၁* ❁

# စစ်တွေ-ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တောလမ်းနှင့် အဆိုပါလမ်းပိုင်းရှိ တံတားငါးစင်း ဖွင့်ပွဲကျင်းပ



**စစ်တွေ မေ ၁**

ရခိုင်ပြည်နယ် စစ်တွေ-ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တောလမ်းနှင့် အဆိုပါလမ်းပေါ်ရှိ တံတားငါးစင်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရသေ့တောင် ချောင်းတံတား မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် တက်ရောက်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ဖွင့်ပွဲအခမ်းအနားတွင် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က ရခိုင်ပြည်နယ်သည် တစ်ချိန်က လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲသည့် ပြည်နယ်တစ်ခု ဖြစ်ခဲ့ပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ လျှပ်စစ်အလုံအလောက်မရရှိခြင်း စသည့်အဟန့်အတားများကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များထဲတွင် ဖွံ့ဖြိုးမှုနောက်အကျဆုံး

*စာမျက်နှာ ၈ ကော်လံ ၁* ❖

# မြန်မာအမျိုးသမီးအသင်း ပြည်တွင်း၊ ပြည်ပ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်

**ရန်ကုန် မေ ၁**

၂၀၁၈ အာဆီယံ အမျိုးသမီးပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ပြိုင်ပွဲမတိုင်မီ ပြည်တွင်း၊ ပြည်ပခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် သင်္ကြန်အပြီးတွင် ခြေစမ်းပွဲများ ဆက်တိုက်ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် မတ် ၅ ရက်မှစ၍ လေ့ကျင့်မှုပြုလုပ်လျက်ရှိပြီး မတ်လအတွင်း ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့သည်။ ရွေးချယ်ထားသည့် ပဏာမလက်ရွေးစင်ကစားသမားများသည် အမျိုးသမီးလိဂ်ပြိုင်ပွဲ ယှဉ်ပြိုင်နေသောကြောင့် ခြေစမ်းပွဲကစားမည့် အစီအစဉ်ရပ်နားထားပြီး သင်္ကြန်အပြီးမှသာ ခြေစမ်းပွဲများကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် လက်ရှိတွင် ပဏာမကစားသမား ၂၆ ဦးဖြင့် လေ့ကျင့်မှု ပြုလုပ်လျက်ရှိပြီး

*စာမျက်နှာ ၁၀ ကော်လံ ၃* ✪


နေပြည်တော်ကောင်စီနယ်မြေ၌ လေပြင်းတိုက်ခတ်ပြီး မိုးရွာသွန်းမှုကြောင့် အဆောက်အအုံများနှင့် ဓာတ်တိုင်များလဲကျပျက်စီး စာ-၁၂

အမေရိကန်နှင့် တောင်ကိုရီးယားတို့ စစ်ရေးလေ့ကျင့်မှုစတင် စာ-၁၄





# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ

မြန်မာ့အလင်း
တနင်္လာ၊ ဧပြီ ၂၊ ၂၀၁၈

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ နှစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ နှစ်နှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရုန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ဒုတိယ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

# ပြည်သူ့အတွက် ပို့/ဆက်

တွေ့ဆုံမေးမြန်း - ခင်ရတနာ
ဓာတ်ပုံ - မေဦးမိုး



ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်









**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**သည် ပြည်သူလူထုနှင့်အနီးစပ်ဆုံး ဆက်ဆံနေရသည့် ဝန်ကြီးဌာနဖြစ်သည့်အပြင် ပို့ဆောင်ရေးကဏ္ဍမှာပင် ရေကြောင်း၊ ကုန်းကြောင်း၊ ရထားလမ်းကြောင်း၊ လေကြောင်း စသည်ဖြင့် များပြားလှပြီး ဆက်သွယ်ရေး ကဏ္ဍသည်လည်း ပြည်သူများ အထူးစိတ်ဝင်စားသည့် ကဏ္ဍဖြစ်ပါသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ဆောင်ရွက်မှုများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်တင်ပြလိုက်ပါသည် -

**မေး ။ ။မြန်မာ့မီးရထားကနေ ဆောင်ရွက်ပေးနေတဲ့ ပြည်သူ့အကျိုးပြု ကဏ္ဍတွေထဲက လက်ရှိကာလမှာ အဓိကကျတဲ့ လုပ်ဆောင်ချက်တွေကို သိချင်ပါတယ်ရှင့်။**

ဖြေ ။ ။မြန်မာ့မီးရထားအနေနဲ့ကတော့ အမြန်ရထား ၃၈ စီး၊ စာပို့ရထားအစီး ၆၀၊ လူစီးကုန်တင်ရထား အစီး ၅၀ နဲ့ မြို့ပတ်ရထားအစီး ၂၂၀ တို့ကို နေ့စဉ်ပြေးဆွဲပေးနေပါတယ်။ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်မှာ စုစုပေါင်း ခရီးသည် ၄၄ သန်းကျော်ကို သယ်ယူပို့ဆောင်ပေးနိုင်ခဲ့ပါတယ်။ တာဝန်ယူစဉ်အတွင်းမှာ ဆောင်ရွက်ဆဲနဲ့ ဆောင်ရွက်ပြီးစီးသွားခဲ့တဲ့ လုပ်ငန်းတွေမှာဆိုရင် မြစ်ငယ်တွဲသစ် တပ်ဆင်ထုတ်လုပ်ရေးစက်ရုံဟာ တည်ဆောက်မှုပြီးစီးတဲ့အတွက် လာမယ့်ဘဏ္ဍာနှစ်အတွင်း လေအိပ်ပါ လူစီးတွဲ ၂၁ တွဲ တည်ဆောက်သွားမှာဖြစ်ပါတယ်။

နေပြည်တော်စက်ခေါင်းသစ် တပ်ဆင်ထုတ်လုပ်ရေးစက်ရုံဟာလည်း ပြီးစီးသွားပြီဖြစ်တာမို့ မြင်းကောင်ရေ ၂၀၀၀ အား စက်ခေါင်းသစ် ၁၀ လုံးကို စတင်တည်ဆောက်တော့မှာ ဖြစ်ပါတယ်။ ဒါ့အပြင် ပဲခူး-မော်လမြိုင်-ရေး ရထားလမ်း အဆင့်မြှင့်တင်ခြင်း၊ မန္တလေး-မြစ်ကြီးနားလမ်းပိုင်းတွေ အဆင့်မြှင့်တင်ခြင်းနဲ့ ရန်ကုန်(တညင်းကုန်း)-ပြည် ရထားလမ်း အဆင့်မြှင့်တင်ခြင်းတွေကိုလည်း လုပ်ဆောင်လျက်ရှိပါတယ်။

ရန်ကုန်-မန္တလေးရထားလမ်းအဆင့်မြှင့်တင်ခြင်း အဆင့် ၁ ရန်ကုန်-တောင်ငူလမ်းပိုင်းကိုလည်း ဂျပန်ချေးငွေ၊ နိုင်ငံတော်ဘတ်ဂျက်နဲ့ ဆောင်ရွက်မှာဖြစ်ပြီး ရန်ကုန်ဘူတာကြီးမှာဆိုရင်လည်း အချက်ပြတပ်ဆင်ခြင်းလုပ်ငန်းတွေဟာ ဝန်ကြီးဌာန တာဝန်ယူစဉ်အတွင်းမှာ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပါတယ်။ ရန်ကုန်မြို့ပတ်ရထား အဆင့်မြှင့်တင်ခြင်း - ၅၉ မိုင်ကိုလည်း ဆောင်ရွက်နေပါတယ်။ ဒါ့အပြင် ရထားလမ်းပိုင်း အကြီးစားပြုပြင်ရေးအတွက်လည်း တင်ဒါခေါ်ယူမှုတွေကို ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ခဲ့ပြီး လုပ်ငန်းတွေ စတင်နေပြီဖြစ်ပါတယ်။

**မေး ။ ။နောင်အနာဂတ်မှာ ဆောင်ရွက်သွားမယ့် မြန်မာ့မီးရထားရဲ့ စီမံကိန်းတွေနဲ့ ရည်ရွယ်ထားတဲ့ လုပ်ဆောင်မှုတွေအကြောင်းကိုလည်း ပြောပြပေးပါဦးရှင့်။**

ဖြေ ။ ။မီးရထားလုပ်ငန်းသည် အရင်းအနှီးများပြီး အရှုံးကြီးတဲ့ လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အဲဒီလိုမဖြစ်အောင် ဘီးမလိုမ့် စီးပွားရေးလုပ်ငန်းတွေကိုလည်း ထည့်သွင်းစဉ်းစားရပါတယ်။ ဒါကြောင့် မြန်မာ့မီးရထားကပိုင်ဆိုင်ပြီး ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်မှာရှိတဲ့ ၉ ကေကျော်ကျယ်ဝန်းတဲ့ မြန်မာ့မီးရထားရုံးချုပ်(ဟောင်း)ကို Land Mark အဖြစ် ရှေးမူမပျက်ပြုပြင်ပြီး နိုင်ငံတကာအဆင့်မီ ကြယ်ငါးပွင့်ဟိုတယ် ဆောက်လုပ်ငှားရမ်းခြင်းကို ပြုလုပ်ခဲ့ပါတယ်။ ဒါ့အပြင် အခြားသော ဒေသအချို့မှာလည်း အဆောက်အအုံများ ငှားရမ်းခြင်း၊ ခေတ်မီ စီးပွားရေး အဆောက်အအုံများ ဆောက်လုပ်ခြင်းနဲ့ ဘူတာနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ အဆောက်အအုံများ ငှားရမ်းလုပ်ကိုင်စေခြင်းများမှ ဝင်ငွေရရှိအောင်ကြိုးပမ်းနေပါတယ်။

ရထားပို့ဆောင်ရေးကို သာမန်အားဖြင့်တော့ အစိုးရက ကုန်ကျစရိတ်စိုက်ထုတ်ပြီး ပြည်သူလူထုကို ဝန်ဆောင်မှုပေးရတဲ့ အဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုကြပါတယ်။ ရေရှည်ကာလမှာ ပြည်သူအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်တဲ့ မိမိခြေထောက်ပေါ် မိမိရပ်တည်နိုင်တဲ့ ကော်ပိုရေးရှင်းတစ်ခုဖြစ်လာဖို့ ဆောင်ရွက်သွားမှာဖြစ်ပြီး လောလောဆယ်တော့ အရေးပါတဲ့ လမ်းပိုင်းလေးခုကို ဦးစားပေးပြုပြင်ပြီး ကျန်သယ်ယူပို့ဆောင်ရေး လုပ်ငန်းတွေထက် အလွန်နောက်မကျစေဖို့ ထိန်းသိမ်းပြုပြင်နေပါတယ်။

**မေး ။ ။လေကြောင်းပို့ဆောင်ရေးကဏ္ဍမှာရော ဘယ်လိုဆောင်ရွက်မှုတွေကို အဓိကထား လုပ်ဆောင်ခဲ့ပါသလဲရှင့်။**

ဖြေ ။ ။လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကတော့ လေယာဉ်တွေ ဖြတ်ကျော်ပျံသန်း ဆင်းတက်ကြရာမှာ လေကြောင်းထိန်းဝန်ဆောင်မှုက အရေးကြီးပါတယ်။ ဒါကြောင့် ပြည်တွင်းလေကြောင်းလမ်း ၃၆ ခုနဲ့ ပြည်ပလေကြောင်းလိုင်း ၂၀ တို့ကို ၂၄ နာရီ တာဝန်ယူ ထိန်းသိမ်းပေးနေပါတယ်။ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်မှာ ဆင်းသက်ရပ်နားမှု ၃၉၂၆၄ ကြိမ်၊ ဖြတ်ကျော်ပျံသန်းမှု ၂၀၃၂၉၄ ကြိမ်၊ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်မှာ ဆင်းသက်ရပ်နားမှု ၃၂၃၆၂ ကြိမ်နဲ့ ဖြတ်ကျော်ပျံသန်းမှု ၂၇၇၁၅၉ ကြိမ် ရှိခဲ့ပြီး လေကြောင်းထိန်းဝန်ဆောင်မှု ဆောင်ရွက်ပေးခဲ့ပါတယ်။

နှစ်နှစ်တာကာလအတွင်း ADS-B Station ကို ကိုကိုးကျွန်းမှာ တပ်ဆင်ပြီး ၂၄ နာရီ ဝန်ဆောင်မှုပေးခဲ့ပါတယ်။ VOR Station ကို ကျိုင်းတုံလေဆိပ်၊ AFTN Terminal လေးခုကို လားရှိုး၊ တာချီလိတ်၊ စစ်တွေနဲ့ မြိတ်လေဆိပ်တွေမှာ တင်ဆင်ခဲ့ပါတယ်။ လေယာဉ်စီးခရီးသည်အနေနဲ့ကတော့ ပြည်တွင်းခရီးစဉ်တွေမှာ ၂၀၁၆ ခုနှစ်အတွင်း ၂၆၀၉၇၃၂ ဦး ဆိုက်ရောက်ခဲ့ပြီး ထွက်ခွာဦးရေက ၂၆၂၄၉၁၃ ဦး ရှိပါတယ်။ ၂၀၁၇ ခုနှစ်အတွင်းမှာ ဆိုက်ရောက်ဦးရေ ၂၈၆၅၉၇၂ ဦးနဲ့ ထွက်ခွာဦးရေက ၂၈၀၁၂၀၅ ဦး ရှိပါတယ်။

*အချပ်ပို (ခ)သို့*

*အချပ်ပို (က)မှ*

ပြည်ပ ခရီးစဉ်ဆိုက်ရောက်သူကတော့ ၂၀၁၆ ခုနှစ်မှာ ၂၀၁၇၉၅၀ နဲ့ ၂၀၁၇ ခုနှစ်မှာ ၂၁၉၉၃၉၈ ဦး ဖြစ်ပြီး ထွက်ခွာဦးရေကတော့ ၂၀၁၆ ခုနှစ်မှာ ၂၀၁၄၅၆၀ ဦးနဲ့ ၂၀၁၇ ခုနှစ်မှာ ၂၁၈၀၆၇၆ ဦး ရှိခဲ့ပါတယ်။

ဒါ့အပြင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်နဲ့ ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ် အဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများကိုလည်း ဆက်လက်လုပ်ကိုင်လျက်ရှိပါတယ်။ ပြည်တွင်းလေဆိပ် အဆင့်မြှင့်တင်နိုင်မှုမှာလည်း မြစ်ကြီးနားလေဆိပ်၊ လားရှိုးလေဆိပ်၊ စစ်တွေလေဆိပ်၊ သံတွဲလေဆိပ်၊ လွိုင်ကော်လေဆိပ်၊ မာန်အောင်လေဆိပ်၊ ဟဲဟိုးလေဆိပ်၊ ကော့သောင်းလေဆိပ်နဲ့ မော်လမြိုင်လေဆိပ်တို့ကို အဆင့်မြှင့်တင်ခြင်း၊ အသစ်တိုးချဲ့တည်ဆောက်ခြင်း၊ လေယာဉ်ပြေးလမ်းချဲ့ထွင်ခြင်းစတဲ့ လုပ်ငန်းစဉ်တွေကို နှစ်နှစ်တာကာလအတွင်း လုပ်ဆောင်နိုင်ခဲ့ပါတယ်။

ချင်းပြည်နယ်ဟာ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့အတွက် လေဆိပ်တည်ဆောက်နိုင်ဖို့ ဖလမ်းမြို့နယ် ဆူရ်ဘုံတောင်ကြောမှာ အေတီအာ ၇၂ လေယာဉ်တွေ ဆင်းသက်နိုင်မယ့် လေယာဉ်ကွင်းဟာလည်း ၃၃ ဒသမ ၇ ရာခိုင်နှုန်းအထိ



မြန်မာ့မီးရထားမြစ်ငယ် တွဲသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံကို တွေ့ရစဉ်။




ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို တွေ့ရစဉ်။

လုပ်ငန်းပြီးစီးခဲ့ပါပြီ။ မတူပီခရိုင် လိုင်းလင်းပီမြို့မှာလည်း လေယာဉ်ကွင်းငယ် တည်ဆောက်ရေးကို ယခုနှစ်အတွင်း စတင်နိုင်မှာဖြစ်ပြီး ပုဂံ-ညောင်ဦးလေဆိပ်ကိုလည်း ရှေးဟောင်းအမွေအနှစ် မထိခိုက်စေဘဲ အဆင့်မြှင့်တင်နိုင်ဖို့ စီစဉ်နေပါတယ်။

**မေး။ ။ အမျိုးသားလေကြောင်းလိုင်းက လက်ရှိအချိန်မှာ လုပ်ဆောင်နေတဲ့ အပိုင်းတွေနဲ့ နိုင်ငံတကာလေကြောင်းလိုင်းတစ်လိုင်း ဖြစ်လာအောင် ဆောင်ရွက်မှုတွေကို သိပါရစေ။**

ဖြေ။ ။ မြန်မာ အမျိုးသားလေကြောင်းလိုင်းက စီးပွားရေးအဖွဲ့အစည်းဖြစ်တာနဲ့အညီ နိုင်ငံတကာကို ထိုးဖောက်နိုင်ဖို့ အသွင်ကူးပြောင်းနေပါတယ်။ အဆင့်မြှင့်တင်မှုတွေကိုလည်း လုပ်ဆောင်နေပါတယ်။ ဒါကြောင့် ၂၀၁၆-၁၇ ဘဏ္ဍာနှစ်မှာ မတိုင်မီနှစ်နဲ့ နှိုင်းယှဉ်ရင် ခေါက်ရေ ၂၅၀၂ ခေါက် ပိုမိုပျံသန်းနိုင်ခဲ့ပါတယ်။ ခရီးသည်အားဖြင့် တစ်သန်းကို ၂၀၁၆-၁၇ ဘဏ္ဍာနှစ်မှာ သယ်ဆောင်နိုင်ခဲ့ပြီး ၂၀၁၇-၁၈ ဘဏ္ဍာနှစ်မှာ တစ်သန်းငါးသိန်းအထိ သယ်ဆောင်နိုင်ဖို့ လျာထားပါတယ်။ အခြားဝင်ငွေတွေကိုတော့ မြေပြင်ဝန်ဆောင်မှုလုပ်ငန်းဌာနကနေ ရရှိနေပြီး ပြည်ပလေကြောင်းလိုင်းတွေကို ၂၄ နာရီ ဝန်ဆောင်မှုပေးထားတဲ့အတွက် ဝင်ငွေကလည်း အစိုးရသက်တမ်းနှစ်နှစ်တာအတွင်းမှာ အမေရိကန်ဒေါ်လာ ၈ သန်းအထိ တိုးတက်ရရှိလာခဲ့ပါတယ်။

**မေး။ ။ မြစ်ချောင်းတွေမှာ သဘာဝဘေးအန္တရာယ်တွေ လျော့နည်းကျဆင်းအောင် ဆောင်ရွက်နေတယ်လို့ သိရပါတယ်။ ဘယ်လိုစီမံချက်တွေနဲ့ ဆောင်ရွက်ပေးနေပါသလဲ။**

ဖြေ။ ။ မြစ်ကြောင်း ထိန်းသိမ်းရေးတွေမှာ ဒေသအလိုက်လုပ်ငန်းတွေ အများကြီးခွဲခြားပြီး ဆောင်ရွက်နေပါတယ်။ နယ်စပ်မြစ်တွေမှာ မိမိဘက်ကမြေတွေ မဆုံးရှုံးစေဖို့ ပါချန်မြစ်၊ သောင်းရင်းမြစ်၊ ရွှေလီမြစ်၊ မဲဆိုင်မဲဟောက်ချောင်း၊ နမ့်ဝမ်ချောင်း၊ နမ့်ယမ်ချောင်း၊ မုံးကိုးချောင်းတွေမှာ ကမ်းတွေမပြိုအောင် မြေထိန်းနံရံတွေ တည်ဆောက်နိုင်ခဲ့ပါတယ်။ ဒါတင်မကသေးပါဘူး ပြည်တွင်းက မြစ်အသီးသီးနဲ့ မြစ်ဝကျွန်းပေါ်တွေ၊ ရခိုင်ပြည်နယ်အတွင်းက မြစ်ကြောင်းတွေမှာ ရေယာဉ်တွေ အန္တရာယ်ကင်းစွာခုတ်မောင်းနိုင်ဖို့ ရေလမ်းညွှန်အမှတ်အသားချတာ၊ တံစုန်းနုတ်တာတွေလည်း လုပ်ဆောင်ပေးနေပါတယ်။ အထူးသဖြင့် ဧရာဝတီမြစ်ရေလမ်းကြောင်းကောင်းဖို့အတွက် ဆိုရင်လည်း သောင်တူးလုပ်ငန်းတွေကို ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေထဲကနေ နှစ်နှစ်တာအတွင်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဒါ့အပြင် အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီကနေလည်း နှစ်လလျှင် တစ်ကြိမ်ခန့် လုပ်ငန်းဆောင်တာများကို ဆွေးနွေးညှိနှိုင်းပြီး နိုင်ငံတကာပညာရှင်၊ ပြည်တွင်းပညာရှင်တွေ၊ ဝန်ကြီးဌာနတွေ ပူးပေါင်းပြီး ရေနဲ့ဆက်နွှယ်ဘေးအန္တရာယ်လျော့ပါးရေး လုပ်ဆောင်နေပါတယ်။ ဧရာဝတီမြစ်ဝှမ်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကိုလည်း ကမ္ဘာ့ဘဏ်အကူအညီနဲ့ ၂၀၂၀ ပြည့်နှစ်အထိ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒါ့အပြင် ယခုနှစ်အတွင်းမှာပဲ တွံတေးတူးမြောင်းဘက်စုံစီမံကိန်းကို အမေရိကန်ဒေါ်လာ ၆၉ ဒသမ ၂၄၂သန်း အကုန်အကျခံပြီး တူးမြောင်းကမ်းပါးထိန်းသိမ်းခြင်း၊ ကျောက်ဖြည့်ခြင်းနဲ့ ရေထိန်းကမ်းပတ်တာတည်ဆောက်ခြင်းတွေကို ကိုရီးယားနဲ့ မြန်မာနှစ်နိုင်ငံပူးပေါင်းပြီး ဆောင်ရွက်သွားဖို့ရှိပါတယ်။ မန္တလေး ခေတ်မီဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကိုလည်း ဂျိုက်ကာရဲ့ အထောက်အပံ့ အမေရိကန်ဒေါ်လာ ၅၅ ဒသမ ၄၂ သန်းနဲ့ အကူအညီရယူတည်ဆောက်ဖို့ သဘောတူညီခဲ့ပြီးဖြစ်ပါတယ်။

**မေး။ ။ ရေယာဉ်တည်ဆောက်မှု ကဏ္ဍမှာ ရော မြန်မာ့သင်္ဘောကျင်းအနေနဲ့ ဆောင်ရွက်နေတဲ့အခြေအနေကို ပြောပြပေးပါရှင့်။**

*အချပ်ပို (ဂ)သို့*

❒ **ရထားပို့ဆောင်ရေးကို သာမန်အားဖြင့်တော့ အစိုးရက ကုန်ကျစရိတ် စိုက်ထုတ်ပြီး ပြည်သူလူထုကို ဝန်ဆောင်မှုပေးရတဲ့ အဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုကြပါတယ်။ ရေရှည်ကာလမှာ ပြည်သူအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်တဲ့ မိမိခြေထောက်ပေါ် မိမိရပ်တည်နိုင်တဲ့ ကော်ပိုရေးရှင်းတစ်ခု ဖြစ်လာဖို့ ဆောင်ရွက်သွားမှာဖြစ်**




လားရှိုးလေဆိပ်သို့ ခရီးသည်တင်လေယာဉ် ဆိုက်ရောက်လာစဉ်။




မြန်မာနိုင်ငံ ရေကြောင်းကဏ္ဍတိုးတက်ရေးအတွက် ပညာရှင်များ မွေးထုတ်ပေးသည့် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်မှ ကျောင်းသားများ

**အချပ်ပို (ခ)မှ**

ဖြေ။ ။မြန်မာ့သင်္ဘောကျင်း လုပ်ငန်းက ဗီယက်နမ်နိုင်ငံ အခြေစိုက်လုပ်ငန်းတစ်ခုနဲ့ အကျိုးတူပူးပေါင်းပြီး Myanma Shipyards Dong A Joint Venture Co.,Ltd အမည်နဲ့ ရေယာဉ်တည်ဆောက်ရေးနဲ့ ပြင်ဆင်ရေးတွေကို ၂၀၁၅ ခုနှစ်ကတည်းက ဆောင်ရွက်ခဲ့တာပါ။ ဒ့ါအပြင် ဝင်ငွေပိုရရှိစေဖို့ တယ်။ အလုပ်အကိုင်ပေါင်း ၁၆၂ ခုခန့်ကို ရှာဖွေခန့်အပ်ပေးနိုင်ခဲ့ပါတယ်။ ကုန်သွယ်ရေကြောင်းကောလိပ်ကနေပြီးတော့လည်း ရေကြောင်းအရာရှိလောင်း ၁၈၄ ဦး၊ အင်ဂျင်နီယာအရာရှိလောင်း ၂၀၂ ဦးနဲ့ အခြားသော သင်တန်းဆင်းပေါင်းများစွာကို မွေးထုတ်ပေးခဲ့ပါတယ်။

**မေး။ ။မြစ်ကြောင်းတွေအတွင်း ပြေးဆွဲနေတဲ့ ရေယာဉ်တွေကို အဆင့်မြှင့်တင်နိုင်ခဲ့မှု** လက်ရှိမှာ သီလဝါဆိပ်ကမ်းနဲ့ ရွှေပြည်သာရွှေမဲဆိပ်ခံတံတား အကြားအပတ်စဉ် ကုန်သေတ္တာ သယ်ယူပေးနေပါတယ်။ နောက်ပိုင်းမှာ ရန်ကုန်နဲ့ မန္တလေးအကြား ကုန်သေတ္တာသယ်ယူ ပို့ဆောင်ရေးတွေ လုပ်ဆောင်သွားပါမယ်။

**မေး။ ။ဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆိပ်ကမ်းအသစ်တွေရော တိုးချဲ့တည်ဆောက်သွားဖို့ရှိပါသလား။**

ဖြေ။ ။မြန်မာ့ကမ်းရိုးတန်းအလျားက ၁၃၈၅ မိုင်ရှည်လျားပါတယ်။ ကမ်းရိုးတန်းတစ်လျှောက်မှာ ဆိပ်ကမ်းကိုးခုရှိပြီး ရန်ကုန်ဆိပ်ကမ်းက အဓိကဆိပ်ကမ်းဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာ ရေကြောင်းကုန်သွယ်မှုပမာဏရဲ့ ၉၀ ရာခိုင်နှုန်းကျော်ကလည်း ရန်ကုန်ဆိပ်ကမ်းကပဲ ဖြစ်ပါတယ်။ ရန်ကုန်ဧရိယာနဲ့ သီလဝါဧရိယာဆိုပြီး ရှိတဲ့နေရာမှာ အပြည်ပြည်ဆိုင်ရာ ရေယာဉ်တွေ ဆိုက်ကပ်နိုင်တဲ့ တံတား ၃၉ စင်းရှိပါတယ်။ နှစ်နှစ်တာကာလအတွင်း စုစုပေါင်းဆိပ်ခံတံတား ခြောက်စင်း တည်ဆောက်ပြီးစီးခဲ့ပါတယ်။ ဒါတင်မကသေးပါဘူး၊ နိုင်ငံတကာအဆင့်မီ အထွေထွေကုန်စည်နဲ့ ကုန်သေတ္တာ အတင်အချပြုလုပ်နိုင်တဲ့ ဆိပ်ခံတံတားနှစ်စင်းကို ဂျပန်ချေးငွေနဲ့ လုပ်ဆောင်နေပြီး လုပ်ငန်း ၆၄ ရာခိုင်နှုန်းကျော် ပြီးစီးနေပါပြီ။ ဒ့ါအပြင် သင်္ဘောတွေဆိုက်ကပ်နိုင်ဖို့ သောင်တူးခြင်း၊ ရေကြောင်းပြအဆောက်အအုံ တည်ဆောက်ခြင်းနဲ့ မေယုမီးပြတိုက် ကမ်းပါးထိန်းတံတိုင်း၊ လှိုင်းကာတံတိုင်း တည်ဆောက်မှုတွေလည်း ပြုလုပ်နေပါတယ်။

**မေး။ ။ကုန်လမ်းပို့ဆောင်ရေး ကဏ္ဍမှာရော မော်တော်ယာဉ် စစ်ဆေးမှတ်ပုံတင်ခြင်းတွေမှာ နှစ်နှစ်တာအတွင်း ဘယ်လိုအစီအမံတွေနဲ့ လုပ်ဆောင်ခဲ့ပါသလဲ ။**

ဖြေ။ ။ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနကနေ မော်တော်ယာဉ်တွေ စစ်ဆေးမှတ်ပုံတင်ခြင်းနဲ့ အငှားယာဉ်တွေ လိုင်စင်ထုတ်ပေးခြင်း၊ ယာဉ်မောင်းလိုင်စင်ထုတ်ပေးခြင်းတွေကို ဆောင်ရွက်နေပါတယ်။ နှစ်နှစ်တာကာလအတွင်း *အချပ်ပို (ဃ)သို့*



မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် RoV ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုအား မြင်တွေ့ရစဉ်။

- **မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ်ကနေ လူငယ်အတတ်ပညာရှင်တွေ ပုံမှန်အတိုင်း မွေးထုတ်ပေးနေ**
- **အစိုးရသက်တမ်း နှစ်နှစ်တာအတွင်းမှာ တက်ရောက်ပညာသင်ကြားခွင့်ရသူ ၆၂၃ ဦးရှိလာပြီး ဘွဲ့ပေးအပ်နိုင်မှုကတော့ ၆၆၈ ဦးခန့် ဖြစ်**
- **အလုပ်အကိုင်ပေါင်း ၁၆၂ ခုခန့်ကို ရှာဖွေခန့်အပ်ပေးနိုင်ခဲ့**
- **ကုန်သွယ်ရေကြောင်း ကောလိပ်ကနေပြီးတော့လည်း ရေကြောင်းအရာရှိလောင်း ၁၈၄ ဦး၊ အင်ဂျင်နီယာအရာရှိလောင်း ၂၀၂ ဦးနဲ့ အခြားသော သင်တန်းဆင်းပေါင်းများစွာကို မွေးထုတ်ပေးခဲ့**

အထူးစီးပွားရေးဇုန်များရှိ စက်ရုံ၊ အလုပ်ရုံတွေ၊ ရေအားလျှပ်စစ်စီမံကိန်းတွေ၊ တံတားတည်ဆောက်ရေးတွေမှာ Stell Structure ထုတ်လုပ်ခြင်းကို လုပ်ဆောင်ဖို့ ၂၀၁၇ခုနှစ် ဩဂုတ်လမှာ စတင်လုပ်ဆောင်ခဲ့ပါတယ်။

မြန်မာ့သင်္ဘောကျင်းအနေနဲ့ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်မှာ ရေယာဉ်နှစ်စင်းတည်ဆောက်ခဲ့ပြီး ၁၇ စင်း ပြင်ဆင်နိုင်ခဲ့ပါတယ်။ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်မှာတော့ ရေယာဉ်လေးစင်း တည်ဆောက်နိုင်ခဲ့ပြီး ၁၅ စင်း ပြင်ဆင်နိုင်ခဲ့ပါတယ်။ လက်ရှိမှာလည်း ရေယာဉ်နှစ်စင်း ပြင်ဆင်နေပါတယ်။

**မေး။ ။ရေကြောင်းပညာရှင်တွေ၊ လူငယ်ကျွမ်းကျင်သူတွေ မွေးထုတ်ပေးနေတဲ့ တက္ကသိုလ်တွေ၊ ကောလိပ်တွေအကြောင်းကိုလည်း ရှင်းပြပေးပါဦးရှင့်။**

ဖြေ။ ။မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ်ကနေ လူငယ်အတတ်ပညာရှင်တွေ ပုံမှန်အတိုင်း မွေးထုတ်ပေးနေပါတယ်။ အစိုးရသက်တမ်း နှစ်နှစ်တာအတွင်းမှာ တက်ရောက်ပညာသင်ကြားခွင့်ရသူ ၆၂၃ ဦး ရှိလာပြီး ဘွဲ့ပေးအပ်နိုင်မှုကတော့ ၆၆၈ ဦးခန့် ဖြစ်ပါ

**အနေအထားကို သိပါရစေ။**

ဖြေ။ ။လက်ရှိပြည်တွင်း ရေကြောင်းပို့ဆောင်ရေးမှာ ပြေးဆွဲနေတာက ခရီးသည်နဲ့ ကုန်တင်တွဲလျက်တင်ဆောင်တဲ့ရေယာဉ်တွေဖြစ်ပြီး သက်တမ်းကြာမြင့်နေတဲ့အတွက် အစားထိုးခေတ်မီရေယာဉ်တွေ အသုံးပြုနိုင်အောင် ကြိုးပမ်းနေပါတယ်။ လက်ရှိမှာတော့ ရခိုင်ပြည်နယ် လူမှုစီးပွားဘဝဖွံ့ဖြိုးစေဖို့ ကစ္ဆပနဒီ - ၁ ကို ၂၀၁၇ ခုနှစ် မတ် ၁၄ ရက်က လည်းကောင်း၊ ကစ္ဆပနဒီ - ၂ ကို ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁ ရက်ကလည်းကောင်း စတင်ပြေးဆွဲပေးနိုင်ခဲ့ပြီး စစ်တွေ၊ မာန်အောင်၊ ကျောက်ဖြူ၊ တောင်ကုတ်ခရီးစဉ်နဲ့ ကျောက်ဖြူ-မြေပုံခရီးစဉ်တွေကို ပြေးဆွဲနေပါပြီ။ ဒ့ါအပြင် ဂျပန်နိုင်ငံရဲ့အကူအညီနဲ့ပဲ ဆက်လက်ရရှိလာမယ့် ကစ္ဆပနဒီ - ၃ ရေယာဉ်ကလည်း ၂၀၁၉ ခုနှစ်မှာ ရောက်ရှိလာမှာ ဖြစ်တဲ့အတွက် ရခိုင်ပြည်နယ်အတွင်း ခရီးစဉ်များတိုးချဲ့ပေးနိုင်မှာပါ။

ဧရာဝတီမြစ်ကြောင်းမှာလည်း ကွန်တိန်နာတင်တွဲယာဉ်ကို အသုံးပြုပြီး ကုန်စည်ပို့ဆောင်ပေးဖို့ ဂျိုက်ကာရဲ့အကူအညီနဲ့ ကွန်တိန်နာတင်တွဲယာဉ်တစ်စင်းကို တည်ဆောက်နိုင်ခဲ့တာမို့



ရန်ကုန်မြစ် ရေလမ်းကြောင်း ဖွံ့ဖြိုးရေးအတွက် သောင်တူးရေယာဉ်အသုံးပြု၍ လုပ်ငန်းဆောင်ရွက်နေစဉ်။

